# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၂၇၉)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်သစ်ပင်စိုက်ပျိုးပေး

**နေပြည်တော် ဇူလိုင် ၅**

၂၀၁၉ ခုနှစ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် နေပြည်တော် -တပ်ကုန်း အမှတ် (၁) လမ်းဘေးရှိ ဖိုးဇောင်တောင်ကြိုးဝိုင်း အကွက်အမှတ် (၂၂) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက် ၍ မဟော်ဂနီပင်ကို စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**သတ်မှတ်နေရာများ၌ စိုက်ပျိုးပေး**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မဟော်ဂနီပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။

အလားတူ ဒုတိယသမ္မတ ဦးမြင့်ဆွေ က ကံ့ကော်ပင်ကိုလည်းကောင်း၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ က သင်းဝင်ပင်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပိတောက်ပင်ကို လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တမလန်းပင်ကိုလည်းကောင်း သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် မဟော်ဂနီပင်ကို စိုက်ပျိုးပေးစဉ်။ သတင်းစဉ်

**ရာသီတုပ်ကွေးရောဂါ Seasonal Influenza ဖြစ်ပွားမှုနှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက် (၂/၂၀၁၉)**

ပြည်တွင်းသတင်း စာ ၂၀

**အမေရိကန် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားတွင် သမ္မတထရမ့်မိန့်ခွန်းပြော**

နိုင်ငံတကာသတင်း စာ ၁၄




# လိင်ကွဲပြားမှုအပေါ် အခြေပြုသည့် အကြမ်းဖက်မှုတို့ လျော့နည်းပပျောက်ရေး

"တောင်ပံများကိုလည်း ဖြတ်ခံထားရသည်။ ဘယ်လိုပျံသန်းရမလဲဆိုတာ တောင် နားမလည်သူဟူ၍လည်း သူ့ခမျာ အပြစ်ဖို့ခံရပြန်သည်။"

"အလုပ်အချို့မှာ အိမ်အလုပ်ဟုဆိုသည်ထက် စီစီဖတ်စ်ကို နှိပ်စက်ထားသည်နှင့် ပို၍တူသည်။ အဆုံးမရှိ ထပ်ချည်းတလဲလဲ။ သန့်စင်ရှင်းလင်းသမျှတို့ ပြန်ရှုပ်ပွ။ အရှုပ်အပွတို့ကို တစ်ခါပြန်ရှင်းနှင့်။ အကြိမ်ကြိမ်။ တစ်နေ့ပြီးတစ်နေ့".....

ဆိုခဲ့ပါ စာစုတို့မှာ ပြင်သစ်အမျိုးသမီး အတွေးအခေါ်ရှင် ဆီမွန်ဒီဘိုးဗွား၏ The Second Sex စာအုပ်မှ ကောက်နုတ်ချက်တချို့ ဖြစ်သည်။ စာအုပ်ကိုရေးသားထုတ်ဝေခဲ့သည်မှာ ၁၉၄၉ ခုနှစ်ကဖြစ်ရာ နှစ်ပေါင်း ၇၀ ရှိခဲ့ပြီဖြစ်သော်လည်း အမျိုးသမီး ငယ်၊ လတ်၊ ကြီး အရွယ်စုံတို့၏ အတွင်းစိတ်ခံစားချက်တို့နှင့် ပတ်သက်လျှင် အရေးပါသော စာအုပ်အဖြစ် ယနေ့တိုင်ဖတ်ရှုလေ့လာနေကြရဆဲ။

အစွမ်းအစ၊ အရည်အချင်းတို့ရှိပါလျက် မိန်းမသားဟူသော လိင်သဘာဝကွဲပြားမှုကို အကြောင်းပြု၍ ချုပ်ကိုင် ချိုးနှိမ် ပိတ်လှောင်ခံကြရသည့်ဘဝ၊ အိမ်တွင်းပုန်းများအဖြစ်နှင့် မိသားစု၏ နံရံလေးဖက်အတွင်းမှာ နိစ္စဓူဝအိမ်မှုကိစ္စများဖြင့် သံသရာလည်ကြရသည့်ဘဝများမှာ နိုင်ငံအသီးသီးရှိ လူမှုအသိုင်းအဝိုင်းများမှာ ရှိခဲ့ကြသည်။ ယနေ့ထက်တိုင် ရှိနေဆဲလည်းဖြစ်သည်။ သတ္တလောကတွင် ဖိုနှင့်မ လိင်သဘာဝကွဲပြားမှုအရ ခွန်အားနှင့် ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံတို့ မတူညီကြသလို ခွဲဝေကြသော တာဝန်များမှာလည်း ကွဲပြားခြားနားကြသည်။ "ကျား" တို့က ခွန်အားသာသူများဖြစ်သည့်အလျောက် ခွန်အားစိုက်ထုတ်ရသည့် လုပ်ငန်းကို တာဝန်ယူခဲ့ကြရသည်။ အစားအစာရှာဖွေခြင်း၊ မိမိ၏ မိသားစုနှင့် မျိုးနွယ်စုတို့ကို ကာကွယ်ရခြင်းတို့တွင် ဦးဆောင်ခဲ့ကြပြီး သမိုင်းတစ်လျှောက် လူ့အဖွဲ့အစည်းအသီးသီးတို့တွင် ဦးစီးပဲ့ကိုင်သူများအဖြစ် ဦးစားပေးအလေးအမြတ်ပြုခံခဲ့ကြရသည်။ သည့်အတွက် "မ" တို့မှာ ဒုတိယတန်းစားဘဝသို့ အလိုလို ကျရောက်သွားခဲ့ရသည်။

စက်မှုခေတ်နှင့် နည်းပညာခေတ်တို့တွင်မူ ခွန်အားဗလသည် ပဓာန မဟုတ်တော့။ "ကျား" နှင့် "မ" တို့အကြားမှ ခြားနားချက်တို့ ကျဉ်းမြောင်းလာသည်တွင် "မ"တို့သည် ၎င်းတို့အပေါ် သမိုင်းတစ်လျှောက်လုံး အုပ်မိုးလာခဲ့သည့် ဒုတိယအမျိုးအစားလိင်ဟူသော အမြင်တို့အောက်မှ ရုန်းထွက်ဖို့ ကြိုးစားလာခဲ့ကြသည်။ ထူးချွန်ထက်မြက်သော အမျိုးသမီးတို့ ဦးဆောင်သည့် "အမျိုးသမီး အမျိုးသားတန်းတူညီမျှရေး" ရုန်းကန်လှုပ်ရှားမှုတို့ကို တိုးတက်သောအမြင်ရှိသည့် အမျိုးသားတို့ကလည်း အားပေးကူညီခဲ့ကြသည်။

သို့ရာတွင် စာနာနားလည်တတ်သော နှလုံးသားဟူသည် လူတိုင်းတွင် မရှိတတ်သည့်အလျောက် ကျား/မ ကွဲပြားမှုကို အခြေပြုသည့် ခွဲခြားမှု၊ အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုတို့က လူ့အဖွဲ့အစည်းတိုင်း၊ အသိုက်အဝန်းတိုင်းမှာ ယနေ့ထက်တိုင် ရှိနေဆဲဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားမှု ပုံစံအမျိုးမျိုးနှင့် လိင်အကြမ်းဖက်မှုတို့က ထုနှင့်ထည်နှင့် ရှိနေသည်။ မိမိတို့နိုင်ငံအနေဖြင့်မူ မြို့ကြီးပြကြီးများမှာရော ကျေးလက်ဒေသများမှာပါ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအမျိုးမျိုးတို့ ဖြစ်နေသည်ကို မီဒီယာများမှာ တွေ့နေရသည်။

မိမိတို့အားလုံး သတိချပ်ရမည်မှာ မြန်မာနိုင်ငံသည် အမျိုးသမီးများ၏ အခွင့်အရေးများ ရရှိရေးနှင့် အကြမ်းဖက်ခံရမှုမှ ကာကွယ်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုအကောင်အထည်ဖော်ခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခုစာမက ကြာခဲ့ပြီဖြစ်ခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီသည် နိုင်ငံတော်အဆင့် ဖွဲ့စည်းထားသည့် ကော်မတီဖြစ်ပြီး အမျိုးသမီးများကို အကာအကွယ်ပေးသည့် ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီးလည်းဖြစ်သည်။ အမျိုးသမီးတို့၏ အခွင့်အရေးများကို ချိုးဖောက်ခြင်း၊ ပုံစံမျိုးစုံဖြင့် အကြမ်းဖက်ခြင်းတို့ မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် လျော့နည်းကင်းစင်ရေးအတွက် ကျား/မ မဟူ လူတိုင်းက မိမိတို့တာဝန်များအဖြစ်ခံယူကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။ ။



ဇူလိုင် ၅ ရက်က တာမွေမြို့နယ် တာမွေကြီး (ခ)ရပ်ကွက် အထက(၃) ရှိ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအား တာမွေမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး သန်းဆွေက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောစဉ်။ ရဲပြန်ကြား

## ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ၇ ရက် သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်ကြီးကို တည်ထားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူနိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်တည်ဆောက်ရေးတွင် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ နေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အပ်ပါသည်-

| စဉ် | အမည်/ ရာထူး | နေရာ | ဖုန်းနံပါတ် |
|---|---|---|---|
| (၁) | ဦးသောင်းဝင်း<br>ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ဝန်ကြီးရုံး)၊<br>ရုံးအမှတ်(၃၁)၊ နေပြည်တော် | ၀၆၇-၃၄၀၆၂၇၆<br>၀၉-၄၂၀၇၀၁၄၆၃ |
| (၂) | ဦးမောင်မောင်မျိုး<br>ညွှန်ကြားရေးမှူး၊<br>နေပြည်တော်<br>သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေး<br>စေတီတော်ပရိဝုဏ်၊<br>နေပြည်တော် | ၀၆၇-၃၅၅၀၁၈၃<br>၀၉-၂၁၃၂၁၉၁ |
| (၃) | ဦးကြင်ခိုင်<br>ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိ<br>သာသနာ့တက္ကသိုလ်၊<br>ကမ္ဘာအေးဘုရားဝင်း၊<br>ရန်ကုန်မြို့ | ၀၁-၆၆၁၂၇၅<br>၀၉-၈၆၀၀၀၁၃<br>၀၉-၅၁၈၃၄၇၁ |
| (၄) | ဦးကျော်လှိုင်<br>ညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီး<br>သာသနာရေးမှူးရုံး | ၀၂-၄၀၃၆၃၁၂<br>၀၉-၂၆၃၉၉၉၀၀၁ |

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၅/ ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)**

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ရှိ ဝန်ကြီးများကို ယှဉ်တွဲပါဝန်ကြီးဌာန အသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမြင့်ဆွေ | အလုပ်သမားရေးရာဝန်ကြီးဌာန<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| (၂) | ဦးဝဏ္ဏကျော် | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန<br>မွန်ပြည်နယ်အစိုးရအဖွဲ့ |

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၆/ ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ရက်)**

### တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမြင့်အောင်ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေး လိုက်သည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီး ဦးအောင်လှထွန်း Bloom Sky Co.,Ltd မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် Bloom Sky Co.,Ltd ၏ CEO ဦးမျိုးအောင်နှင့် Thai Business Association of Myanmar ၏ အထူးအကြံပေးအရာရှိ Mr. Chuchart Mektrakarn ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် Bloom Sky Co.,Ltd မှ ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် (၀၄း၀၀)အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ (အာဇာနည်လမ်းထိပ်)၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသည့် ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက် ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် အခြားလမ်းများမှ သွားလာ အသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



# စုပေါင်းလုပ်မှ အကျိုးရှိနိုင်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ ၂၀၁၉ ခုနှစ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သင်းဝင်ပင်ကို စိုက်ပျိုးပေးစဉ်။

သတင်းစဉ်

❒ ***ရှေ့ဖုံးမှ***

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများ၌ သစ်ပင်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ သစ်ပင်ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့အခမ်းအနားတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ ကံ့ကော်၊ အင်ကြင်း၊ ရေသင်းဝင်၊ မဟော်ဂနီ၊ ယင်းမာ၊ ငု၊ မဲဇလီ၊ ပန်းမဲဇလီ၊ ဆီသပြေ၊ သပြေ၊ မဏိသြဂ၊ သင်းဝင်၊ စစ်၊ မအူလက်တံတို၊ မအူလက် တံရှည်၊ ယမနေ၊ ယင်းတိုက် သစ်ပင်ပျိုးပင် စုစုပေါင်း ၄၃၄ ပင်ကို စိုက်ပျိုးကြကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ အခမ်းအနားတွင် ဖိုးဇောင်တောင်ကြိုးဝိုင်းအကွက်အမှတ်(၁၇)၌ သစ်ပင်ပျိုးပင် စုစုပေါင်း ၃၃၃ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဖိုးဇောင်တောင်ကြိုးဝိုင်းသည် ဧရိယာ ၈၅၁၇ ဒသမ ၀၉ ဧက ကျယ်ဝန်းရှိပြီး အကွက်ပေါင်း (၅၁)ကွက် ရှိကာ အပင်မျိုး ၂၀ ကျော် ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ် ပိတောက်ပင်ကို စိုက်ပျိုးပေးစဉ်။

သတင်းစဉ်



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တမလန်းပင်ကို စိုက်ပျိုးပေးစဉ်။

သတင်းစဉ်



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေး (၁/၂၀၁၉) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေး (၁/၂၀၁၉) ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union- MPU) အစည်းအဝေး (၁/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားရာတွင် လွှတ်တော်အစည်းအဝေးများ ရပ်နားထားသည့်ကာလတွင် ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ လွှတ်တော်ဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်နိုင်ရန် ခေါ်ယူကျင်းပခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရ အသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း) ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဆက်လက်ဆောင်ရွက်နိုင်ရန် အကြံပြုပေးပို့ထားပါကြောင်း၊ ယင်းဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းနိုင်ပါက တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအတည်ပြုရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပြင်ဆင်နိုင်ရေးကိုလည်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ပြင်ဆင်မှုနှင့်ချိတ်ဆက်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံများ၏ အဓိကပြယုဂ်မှာ လွှတ်တော်များဖြစ်ပြီး မိမိတို့လွှတ်တော်များ ခိုင်မာအားကောင်းရန် ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြုံတွေ့နေရသည့် လွှတ်တော်လုပ်ငန်းဆိုင်ရာ အခြေအနေများကိုပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် လွှတ်တော်အကြီးအမှူးများ တွေ့ဆုံဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦးရင်းနှီးမှု ပိုမိုရှိသည့်အတွက် မိမိတို့လွှတ်တော်အသီးသီး၏ လုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်က အစည်းအဝေး (၆/၂၀၁၈) ဆုံးဖြတ်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်ကလည်း ပြည်ထောင်စုအဆင့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများနှင့် နှိုင်းယှဉ်၍ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များတွင် ဂရုပြုဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးသည်။

မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ရုံးအဖွဲ့မှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံးများ ဖွဲ့စည်းမှုနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ပေးသော နိုင်ငံ့ဝန်ထမ်းဆိုင်ရာ မူဝါဒကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ရေးရာကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ကြုံတွေ့ရသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအကြီးအမှူးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီးနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန နေပြည်တော် ပင်မဓာတ်အားခွဲရုံအမှတ် (၂) ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဌာနအကြီးအကဲများက ကံ့ကော်ပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြ သည်။

ထို့နောက် အရာထမ်း၊ အမှုထမ်းများက စိန်တလုံးသရက်ပျိုး ပင်များအား စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက လှည့်လည်ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်အား စိုက်ပျိုးပေးစဉ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်တလုံးသရက်၊ စိန်ပန်းပြာ၊ တမာ၊ ပိတောက်၊ ပန်းမဲဇလီ၊ မယ်ဇယ်၊ ကုက္ကို၊ မန်ကျည်း၊ ဆီး၊ ပိန္နဲစသည့်ပျိုးပင်ပေါင်း ၁၇၀၀၀ တို့အား နေပြည်တော် ပင်မဓာတ်အားခွဲရုံအမှတ် (၂)၊ ရုံးအမှတ် (၆)၊ ရုံးအမှတ် (၄၄) တို့နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ကွပ်ကဲမှုအောက်ရှိ အမှတ် (၁) တည်ဆောက်ရေး (ပေါင်းလောင်း)၊ ပေါင်းလောင်း ဓာတ်အားပေးစက်ရုံ၊ နေပြည်တော်ပင်မဓာတ်အားခွဲရုံအမှတ် (၁)၊ ပျဉ်းမနား ပင်မဓာတ်အားခွဲရုံ၊ ရွှေမြို့ပင်မဓာတ်အားခွဲရုံနှင့် ဝဏ္ဏသိဒ္ဓိ အားကစားဝင်းဓာတ်အားခွဲရုံတို့တွင် တစ်ချိန်တည်းတစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်မဲမြို့၌ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု တည်ဆောက်နေမှု ပြည်နယ်ဝန်ကြီးချုပ်ကြည့်ရှု

**ကျောက်မဲ ဇူလိုင် ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တု တည်ဆောက်နေမှုကို ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်က ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံပြုပြင်နေမှုအတွက် အလှူငွေကျပ် ၁၀ သိန်းအား ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့်မြို့မိမြို့ဖဦးစိုးထွန်းတို့က လက်ခံရယူကြသည်။

**အမှာစကားပြောကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ကျောက်မဲမြို့ ချောင်းချောက်ကျေးရွာ၌ အစေ့ထုတ် ပြောင်းဖောငမြှောင်တောင် ပိုးနှိမ်နင်း ကာကွယ်ရန် ကောင်းကင်ဆေးဖျန်း Drone စက်ဖြင့် ပိုးသတ်ဆေးဖျန်းခြင်းနှင့် သွင်းအားစုထောက်ပံ့ပစ္စည်းပေးအပ်ပွဲသို့ တက်ရောက်ရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ပိုးသတ်ဆေးဖျန်းပုံး၊ အင်္ကျီဝတ်စုံနှင့် ပိုးသတ်ဆေးတို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား အသီးသီးပေးအပ်ကြပြီး၊ ကုမ္ပဏီများမှ ထောက်ပံ့သော ထောက်ပံ့ပစ္စည်းများကို ငမြှောင်တောင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကျောက်မဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က လက်ခံရယူခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကုမ္ပဏီများမှ ဖောငမြှောင်တောင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို Drone ဖြင့် စုပေါင်းဆေးဖျန်းခြင်းများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး အတူတကွ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၅**

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများပါဝင်သော Vision 2020 က မြန်မာနိုင်ငံရွေးကောက်ပွဲများအတွက် အရေးကြီးအချက် (၅) ချက်နှင့်ပတ်သက်၍ ကဏ္ဍစုံမှ ဆက်စပ်ပတ်သက်နေသူများအကြား ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မိတ်ဖက်များဖြစ်ကြသည့်အားလျော်စွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မှတ်ကျောက်တင်ရမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဆိုသည့် စံ (၅)ချက်နှင့်အညီ ကျင်းပပေးမည်ဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ( ၂၀၁၉-၂၀၂၂) တွင် အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးများနှင့် မသန်စွမ်းသူများအားလုံး ပါဝင်ဆောင်ရွက်မှုမြှင့်တင်ရန်အတွက် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်း၊ အားလုံးပါဝင်မှုမြှင့်တင်ခြင်း အခန်းများထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှစ်အဖြစ် သတ်မှတ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကြိုတင်မဲပေးခြင်းနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှု၊ သမာသမတ်ကျမှုကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ကြီးကြပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတကာနှင့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် နိုင်ငံရေးပါတီအားလုံးတို့သည် ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ရေး ရည်ရွယ်ချက်တူညီစွာဖြင့် ပူးပေါင်းဆောင်ရွက်ရန် အချိန်အခါကျရောက်နေပြီဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး နိုင်ငံကြီးသားပီသစွာ ကျရာကဏ္ဍက တာဝန်ယူဆောင်ရွက်ပေးပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း Vision 2020 တွင်ပါဝင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ မြန်မာနိုင်ငံရွေးကောက်ပွဲများအတွက် အရေးကြီးအချက်(၅)ချက်နှင့်ပတ်သက်၍ ကဏ္ဍစုံမှ ဆက်စပ်ပတ်သက်သူများအကြား ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ယင်းနောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ ရွေးကောက်ပွဲများအတွက် အရေးကြီးအချက်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများနှင့်ပတ်သက်၍ တုံ့ပြန်ကာကွယ်ဆောင်ရွက်ရာတွင် လိုအပ်သည့် မူဝါဒစံနှုန်းများဖြင့် အကောင်းဆုံးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၅**

ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉)ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့နိုင်ငံသည် အမျိုးသမီးများနှင့် ပတ်သက်လျှင် ပဋိပက္ခများအတွင်း အကြမ်းဖက်မှုကိစ္စများသာမကဘဲ အမျိုးသမီးများ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးက လူ့အခွင့်အရေးနှင့်ပတ်သက်၍ တင်သွင်းသည့် အစီရင်ခံစာများတွင် မိမိတို့နိုင်ငံကလည်း ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အမျိုးသမီးများနှင့် ပတ်သက်၍ တုံ့ပြန်ကာကွယ် ဆောင်ရွက်ရာတွင် လိုအပ်သည့် မူဝါဒစံနှုန်းများဖြင့် အကောင်းဆုံး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းစီမံချက်ထွက်ပေါ်လာရန် နိုင်ငံတော်က အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ် အစည်းအဝေးကို ဧပြီ ၃ ရက်တွင် ကျင်းပခဲ့ပါကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်အရ ရေးဆွဲထားသည့် လုပ်ငန်းစီမံချက် (မူကြမ်း)အပေါ် ဌာနဆိုင်ရာအသီးသီး၏ သဘောထားမှတ်ချက်များ စုံလင်အောင် စုစည်းပြီး ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ကျင်းပရခြင်း ဖြစ်ပါကြောင်း။

အမျိုးသားအဆင့်ကော်မတီ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်အရ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော လုပ်ငန်းကော်မတီကို သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများက ပေးပို့လာသည့် သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ထားသည့် လုပ်ငန်းစီမံချက်(မူကြမ်း)အပေါ် ဖြည့်စွက်သင့်သည့်အချက်များ၊ နဂိုရှိပြီးသားမှ ထုတ်ပယ်သင့်သည့်အချက်များ၊ ထပ်မံထည့်သွင်းရန် ဆွေးနွေးခြင်းများကို တက်ရောက်လာသူများအနေဖြင့် ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ခရီးစဉ်အတွင်း Joint Communique လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် လိုအပ်သည့် အကူအညီပေးရန် နေပြည်တော်ရှိ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ရုံးနှင့် UN Country Team တို့အနေဖြင့် မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံး၏ ပံ့ပိုးမှုဖြင့် UNFPA က ကုလသမဂ္ဂ၏ Focal Point အဖြစ် ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း၊ အစိုးရက ဦးဆောင်သော လုပ်ငန်းစီမံချက် ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ကုလသမဂ္ဂဘက်မှလည်း အကူအညီ အကြံဉာဏ်များ ရယူသွားနိုင်ရေးအတွက် ကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးတက်ရောက်လာသူများအနေဖြင့် မိမိတို့၏ အမြင်သဘောထားများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်လာကြသော ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ်၊ ကော်မတီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများမှ ပေးပို့လာသည့် သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ထားသည့် လုပ်ငန်းစီမံချက်(မူကြမ်း)အပေါ် ဖြည့်စွက်သင့်သည့်အချက်များ၊ နဂိုရှိပြီးသားမှ ထုတ်ပယ်သင့်သည့် အချက်များ၊ ထည့်သွင်းဆောင်ရွက်သင့်သည့် အချက်များအား အကြံပြုညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) ထပ်မံခေါ်ယူခြင်း

၁။ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ချီးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ အပြီးသတ်ရွေးချယ်သည့် ဒိုင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ ဆုနှင့် ထိုက်တန်သူမရှိပါသောကြောင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆိုပြုလွှာများ ထပ်မံခေါ်ယူလျက်ရှိပါသည်။

၂။ အာဆီယံဆုအတွက် အဆိုပြုသူများသည် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အကျိုးပြုသူများ ဖြစ်ရပါမည် -

- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် သိသာထင်ရှားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၃။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများပါဝင်သည့် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီးဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပမည့်(၃၅) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသော အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း စတင်ထူထောင်ချိန်မှစ၍ အထောက်အကူ ပြုခဲ့သည့် လျှောက်ထားမည့် ပုဂ္ဂိုလ်/အဖွဲ့အစည်း၏ အောင်မြင်မှုများကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသား ဖော်ပြရမည် ဖြစ်ပါသည်။

၅။ လျှောက်ထားရမည့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ http://www.asean.org/asean-prize တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်)dgasean@gmail.com နှင့် psaseanmmr@gmail.com သို့ **၆-၉-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**(နိုင်ငံခြားရေးဝန်ကြီးဌာန)**

# ဗိုလ်ချုပ်ကျေးဇူး ပြန်လည်ပေးဆပ် မမေ့အပ်

**စောကျော်အေး(ပန်းဘဲတန်း)**

**“လူတို့၏ တစ်သက်တာအတွင်း အမှားနှင့်အမှန်၊ ကောင်းမှုနှင့် မကောင်းမှုတို့သည် အမြဲတမ်းလွန်ဆွဲ၍ နေကြကုန်သည်။ ယင်းသို့ လွန်ဆွဲခဲ့ရာမှ တစ်နေ့သို့တိုင်သော် လူမျိုးတစ်မျိုး၌ ထိုလမ်းနှစ်သွယ်အနက် ဘယ်လမ်းကို လိုက်ရမည်ဟူသော ပြဿနာကို အပြီးတိုင်ဆုံးဖြတ်ရမည့်အခွင့်နှင့် ကြုံကြိုက်လာတတ်သည်။ ထိုကဲ့သို့ လူမျိုးတစ်မျိုး၏ သေရေးရှင်ရေးကို ဆုံးဖြတ်အံ့သောအခါမျိုးတွင် ထိုအဆုံးအဖြတ်ကိုပေးရန် အာဇာနည်ပုဂ္ဂိုလ်ဟူ၍ ပေါ်ထွန်းလာရသည်။”**

မြန်မာနိုင်ငံ၌ ထိုသို့အရေးကြီးလာသောအခါ ဗိုလ်ချုပ်အောင်ဆန်းတည်းဟူသော အာဇာနည်ပုဂ္ဂိုလ်သည်လည်း ပေါ်ထွန်းလာခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နတ်မောက်မြို့တွင် ဖွားရာဇာတိရှိသည်။ သူ၏ ဇာတိချက်ကြွေ နတ်မောက်နယ်မြေမှ လှမ်းမျှော်၍ ကြည့်လျှင် ညိုမှိုင်းသော ရိုးမတောင်ခြေသည် တောက်ပသောနေမင်း၏ အရောင်အရှိန်အောက်ဝယ် စင်းစင်းဝပ်လျက် တည်ရှိလေသည်။ နံနက်ခင်းတွင် မြူခြေများဆိုင်း၍ မှိုင်းမှုံပြာရီလျက်ရှိသည့်အခါ တောင်တရိုး၌ မြူခိုးများ ဝေလျက်ရှိနေသည်။ အနောက်ဂေါ်ယာသို့ ဖန်ဝါနေမင်းဆင်းသက်သည့် အချိန်၌မူကား တောင်ခြေမှာ ပြာနှမ်းနှမ်းဖြင့် မရမ်းကွက်ရောင်များသန်း၍ အဆန်းတကြယ် ရှုချင်ဖွယ်ရှိလှပါပေသည်။

**ယောကျ်ားတို့ တတ်အပ်သော အတတ်ပညာ တို့ကို သင်ယူ**

ထိုသို့သော လောကဓာတ်တစ်ဝန်းလုံး၌ ကျက်သရေအပေါင်းတို့ စုဝေးသည့်အခါ ငယ်ရွယ်သူ မောင်အောင်ဆန်း၏ ရင်တွင်း၌ မည်သို့သော စိတ်စေတသိက်တို့သည် ကိန်းအောင်းလျက် ရှိပါမည်နည်း။ မောင်အောင်ဆန်းသည် ငယ်စဉ်ကပင်လျှင် မြန်မာပြည်ကြီးအား တိုင်းတစ်ပါးသားတို့ လွှမ်းမိုးဖိစီးလျက်ရှိကြောင်း၊ မြန်မာပြည်၏ ကျေးဇူးသစ္စာကို ဖောက်သူတို့ ပေါ်များလျက်ရှိနေကြောင်းကို နားမချမ်းမြေ့ဖွယ်ရာ ကြားသိခဲ့ရသည်။ လူ့ဘဝသည် ပတ်ဝန်းကျင်အခြေအနေ၏ ပြုပြင်ဖန်တီးမှုအတိုင်းသာလျှင်ဖြစ်၏ဟူသော ဆိုရိုးစကားကို လက်ခံရပါမူ မောင်အောင်ဆန်း၏ ဖွားရာဇာတိ အမိအဖ၊ အဆွေအမျိုးစသည်တို့၏ အရိပ်အာဝါသကို ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားရပေမည်။ အကြောင်းမှာမူ ထိုပတ်ဝန်းကျင်အထောက်အပံ့တို့၏ စိတ်ဓာတ်၌ တိုင်းတစ်ပါးသားတို့၏ အုပ်စိုးမှုသည် မည်မျှတရားမျှတသည်ဆိုစေကာမူ ထိုအုပ်ချုပ်မှုကို စိုးစဉ်းမျှ သည်းမခံလိုကြပေ။ ထိုပတ်ဝန်းကျင်ထဲ၌ မောင်အောင်ဆန်းကြီး ပြင်းလာရသည်။ ဗြိတိသျှတို့ စိုးမိုးစဉ်အခါက အစဉ်အလာအတိုင်း မောင်အောင်ဆန်းသည် မြန်မာစာသင်ကျောင်းမှသည် အင်္ဂလိပ်-မြန်မာနှစ်ဘာသာသင်ကျောင်းသို့ ယင်းကမှတစ်ဆင့် ယူနီဗာစီတီ တက္ကသိုလ်ကျောင်းသို့ ရောက်ရှိကာ ယောကျ်ားတို့ တတ်အပ်သော အတတ်ပညာတို့ကို သင်ယူလေသည်။

တက္ကသိုလ်ကျောင်း၌ အင်္ဂလိပ်စာပေ၊ ရာဇဝင်သမိုင်းနှင့် နိုင်ငံရေးရာပညာတို့ကိုယူ၍ ဝိဇ္ဇာတန်းကို အောင်မြင်ခဲ့လေသည်။ ထိုပညာတို့က သူ့အား မျိုးစေ့ချပေးသော စိတ်ဓာတ်တို့မှာ အမေရိကန်တို့၏ လွတ်လပ်ရေးစစ်ပွဲမစမီအချိန်ကာလက အမေရိကန်နိုင်ငံသားတို့ရင်တွင်းဝယ် ကိန်းဝပ်နေသော လွတ်လပ်ရေးကြိုးပမ်းသည့် စိတ်ဓာတ်တို့ပင် ဖြစ်ပေမည်။

**လွတ်လပ်ရေးကြိုးပမ်းမှု**

ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတို့၌ ဗိုလ်ချုပ်သည် မည်သို့သော အတွေ့အကြုံမျိုးစုံနှင့် တွေ့ကြုံခဲ့ရပြီးလျှင် ဇွဲသတ္တိနှင့် တင်းမာခက်ထန်စွာ ဗမာ့လွတ်လပ်ရေးကို မည်သို့အရတိုက်ယူခဲ့သည့် အကြောင်းများမှာ အများပင် ထပ်ခါထပ်ခါ ပြောဆိုရေးသားကြပြီးဖြစ်၍ ဤ၌ အကျယ်ကို မဆိုတော့ပြီ။ ရာဇဝင်သမိုင်းတို့၌ တိုင်းပြည်တစ်ပြည်ရှိ လူမျိုးအပေါင်းတို့ စည်းလုံးညီညာသည့်အခါ၌ ထိုတိုင်းပြည်သည် အေးချမ်းသာယာ၍ ရွှေမိုးငွေမိုး ရွာလေ့ရှိသည်ကို ညွှန်းဆိုပြသည့် သာဓကများ ရှိလေသည်။ မြန်မာနိုင်ငံ၌ အနော်ရထာမင်းစော၏ လက်ထက်တွင် တစ်ကြိမ်၊ ဘုရင့်နောင်လက်ထက်တွင် တစ်ကြိမ်၊ အလောင်းဘုရားနှင့် ဆင်ဖြူရှင်လက်ထက်တို့တွင် တစ်ကြိမ် မြန်မာတို့ စည်းလုံးညီညွတ်ခဲ့ကြလေသည်။

ဗိုလ်ချုပ်သည် နိုင်ငံရေးနှင့်တကွ နိုင်ငံတော်ကို ခေါင်းဆောင်သွားရမည့် အရေးတို့၌ အမြော်အမြင်အလိမ္မာကြီးမားလှပါပေသည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားကိုရမှ မြန်မာနိုင်ငံတော်၏ ကြီးပွားတိုးတက်မှုကို ဖြစ်ထွန်းစေနိုင်မည်ဟူ၍ ဗိုလ်ချုပ်၏ဉာဏ်မျက်စိ၌ မြင်သည်။ ဗြိတိသျှတို့သည် ၎င်းတို့မြန်မာပြည်ကို အုပ်ချုပ်နေသောကာလအတွင်း၌ တောင်တန်းနယ်ပယ်များကို မြန်မာပြည်မမှ ခွဲခြားထားသည်။ ထိုနယ်ပယ်များမှာ ဗြိတိသျှတို့အဖို့ ပြင်ပရန်သူကို ခုခံကာကွယ်ပေးနိုင်သော တံတိုင်းများနှင့်တူလေသည်။ ထို့အပြင်လည်း ပြည်တွင်းထကြွမှု ရန်များကို ထိန်းသိမ်းကွပ်ကဲနိုင်ရန်ထားသော လက်ကိုင်တုတ်များနှင့်လည်းတူပေသည်။ ထို့ကြောင့် တောင်တန်းဒေသများအပေါ် ဗြိတိသျှတို့ထားရှိသော ပေါ်လစီဝါဒမှာ ထိုအချက်နှစ်ချက်အပေါ်တည်ရှိသော “ သင်းခွဲဝါဒ ” ပင်ဖြစ်သည်။



**“မြန်မာနိုင်ငံရှိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရရှိသည်နှင့်တစ်ပြိုင်နက် တိုင်းတစ်ပါးသား အခြားလူမျိုးများနှင့်ယှဉ်၍ရင်ပေါင်တန်းကာ ကမ္ဘာ့ငြိမ်းချမ်းရေးပြဿနာကြီးကို ဖြေရှင်းနိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံသားဟူ၍ ပေါ်ထွန်းလာနိုင်ခဲ့လေသည်။ ဤသို့ ပေါ်ထွန်းလာရသည်မှာကား အခြားမဟုတ်။ ပြည်ထောင်စုစည်းလုံးညီညွတ်ရေးကို ဆောင်ကြဉ်းပေးသော ဗိုလ်ချုပ်၏ ကျေးဇူးကြောင့်ဖြစ်ပေရာ ပြည်ထောင်စုသားအားလုံးသည် သတိရလွမ်းဆွတ်ဖွယ် (၇၂)နှစ်မြောက် အာဇာနည်နေ့ကြီးတွင် ဗိုလ်ချုပ်ကျေးဇူး ပြန်လည်ပေးဆပ် မမေ့အပ်ပါကြောင်း”**

ရောဝတီမြစ်ဝှမ်း မြစ်ဝကျွန်းပေါ်ဒေသနှင့် ၎င်းတို့နှင့် ဆက်စပ်လျက်ရှိသော နယ်ပယ်တို့မှာ ဗြိတိသျှအုပ်ချုပ်ရေး၏ လက်အောက်၌ရှိသော မြန်မာပြည်မဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်မကြီးကို မိမိတို့လိုသလို ကြိုးကိုင်အုပ်ချုပ်နိုင်ရန် တောင်တန်းဒေသ မြန်မာတိုင်းရင်းသားတို့ကို ရှမ်းဟူ၍လည်းကောင်း၊ ဂျိန်းဖောဟူ၍လည်းကောင်း၊ ချင်းဟူ၍လည်းကောင်း၊ **“ဝ”** ဟူ၍လည်းကောင်း အမည်အမျိုးမျိုးမှည့်၍ ပေးထားလိုက်လျှင် ကိစ္စပြီးမြောက်အောင်မြင်လေသည် မဟုတ်လော။ ထို့ကြောင့် ထိုဒေသတို့ကို ဗြိတိသျှတို့က **“ အောက်ကျနောက်ကျနယ်ပယ် ”** ဟု လက်ဦးစွာ အမည်ပေးသည့်နောက်၌ သော်ကား-ဇယားအတွင်းပါဝင်သော **“ နယ်ပယ် ”** ဟု ကင်ပွန်းတပ်လေသည်။ မည်သို့ပင်အမည်ပေးစေကာမူ တောင်တန်းသားတို့မှာ မြေပြင်ဝယ်နေထိုင်သော မြန်မာတို့နှင့် သီးခြားသွေးကွဲ၍သာ နေရလေတော့သည်။

**ချစ်ခင်လေးစားကြည်ညိုကြ**

ဗိုလ်ချုပ်၏ ဉာဏ်မျက်စိ၌ တောင်တန်းဒေသ မပါဝင်သော မြေပြင်ရှိ မြန်မာပြည်မ၏ လွတ်လပ်ရေးဟူသည် အဓိပ္ပာယ်မရှိသော လွတ်လပ်ရေးဖြစ်သည်ဟု မြင်သည်။ ရှေးခေတ်ကလူထုကို စုစည်းနိုင်သောစွမ်းရည်မှာ လက်နက်ပင်ဖြစ်လေသည်။ သို့သော် ဤခေတ်၌ လက်နက်နှင့် စည်းရုံးမှုမှာ ခေတ်မဆန်ရုံမျှမကသေး။ မကြံအပ်၊ မကြံကောင်းသောအမှုဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအပေါင်းတို့သည် တစ်သွေးတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်မျိုးတည်းသာဖြစ်သည်ဟူသော သဘောတရားကို အများနားလည်စိမ့်သောငှာ ဗိုလ်ချုပ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးကို လှည့်လည်ကာဟောပြောစည်းရုံးခဲ့လေသည်။ ဗိုလ်ချုပ်ဘယ်နယ်ရောက်ရောက် ရောက်သည့်နယ်မှလူမျိုးပေါင်းစုံတို့သည် ဗိုလ်ချုပ်အား ချစ်ခင်လေးစားကြည်ညိုကြသည်သာတည်း။

မြစ်ကြီးနား ဂျိန်းဖောတို့၏ မနောပွဲ၌လည်းကောင်း၊ ရှမ်းပြည်နယ်ပင်လုံကွန်ဖရင့်၌လည်းကောင်း၊ နွားနောက်သားကို ချစ်ကြည်ရေးအထိမ်းအမှတ်ဖြင့် လက်ဆောင်ပေးသော ချင်းအမျိုးသားတို့၏ ဖလမ်းမြို့နယ်၌ လည်းကောင်း၊ ကရင်ခရစ်ယာန်နှင့် ကရင်ဗုဒ္ဓဘာသာတို့ တစ်စည်းတစ်လုံးတည်း ဆုံတွေ့ကြသော လှိုင်ဘွဲ့မြို့နယ် ကပ္ပလီရွာ(နှစ်ကူးပွဲ)၌လည်းကောင်း ဗိုလ်ချုပ်သည် တိုင်းရင်းသားချင်း ချစ်ကြည်ရေးဟူသော ဗီယသိဒ္ဓိကိုအောင်ခဲ့သည်သာ ဖြစ်သည်။ ထိုသို့ အောင်မြင်ခဲ့သဖြင့် ဗိုလ်ချုပ်နှင့်တကွ မြန်မာနိုင်ငံတော်ကြီးပါရည်မှန်းသော တိုင်းရင်းသားပေါင်းစုံစည်းလုံးညီညွတ်ရေးကြီးလည်း အောင်သိဒ္ဓိမြောက်ခဲ့လေသည်။

ဤချစ်ကြည်စည်းလုံးရေးမှာ အပေါ်ယံကြောမျှသာမဟုတ် ရင်တွင်းမှလှိုက်လှိုက်လှဲလှဲ ပေါ်ထွက်လာသောချစ်ကြည်စည်းလုံးရေးဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရရှိသည်နှင့်တစ်ပြိုင်နက် တိုင်းတစ်ပါးသားအခြားလူမျိုးများနှင့်ယှဉ်၍ရင်ပေါင်တန်းကာ ကမ္ဘာ့ငြိမ်းချမ်းရေးပြဿနာကြီးကို ဖြေရှင်းနိုင်သော ပြည်ထောင်စု မြန်မာနိုင်ငံသားဟူ၍ ပေါ်ထွန်းလာနိုင်ခဲ့လေသည်။ ဤသို့ ပေါ်ထွန်းလာရသည်မှာကား အခြားမဟုတ်။ ပြည်ထောင်စုစည်းလုံးညီညွတ်ရေးကို ဆောင်ကြဉ်းပေးသော ဗိုလ်ချုပ်၏ ကျေးဇူးကြောင့်ဖြစ်ပေရာ ပြည်ထောင်စုသားအားလုံးသည် သတိရလွမ်းဆွတ်ဖွယ် (၇၂)နှစ်မြောက် အာဇာနည်နေ့ကြီးတွင် ဗိုလ်ချုပ်ကျေးဇူးပြန်လည်ပေးဆပ်မမေ့အပ်ပါကြောင်း နှိုးဆော်တင်ပြရေးသားရပါသည်။ ။

## တောင်တွင်းကြီး၌ အသိပညာပေး ဟောပြောပွဲကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျခတ်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုမှု ပိုမိုလာစေရေး၊ အစားအစာများ စားသုံးရာ၌ အန္တရာယ်မရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းစေရေးနှင့် စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများအကြောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူးဒေါ်ငွေးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ အကြောင်းကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမြို့မမူကြိုကျောင်းအုပ်ဆရာမကြီးဒေါ်အေးကလျာက လူကုန်ကူးမှုအန္တရာယ် အကြောင်းကိုလည်းကောင်း၊ စာရေးဆရာဘုန်းဝင်းခေါင်(မြန်မာမှု)က ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများအကြောင်းကို လည်းကောင်း၊ စာရေးဆရာဦးအောင်သက်ဦးက အာဇာနည်နေ့ဖြစ်ပေါ်လာပုံတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း**

**(ပြန်/ဆက်)**

## မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂက ကဗျာဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၅**

မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂက ကြီးမှူးကျင်းပသော ကဗျာဆွေးနွေးပွဲ တစ်ရပ်ကို ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် ၂၁၂ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ကဗျာဆရာသမဂ္ဂ၏ ကဗျာညနေခင်း (၂) အဖြစ် ဤကဗျာဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ကဗျာဆရာနှစ်ဦးဖြစ်သော မိုးဝေးနှင့် ဝင်းမြင့်တို့က ၎င်းတို့၏ ကဗျာများနှင့်ပတ်သက်၍ ကဗျာဖတ်ခြင်း၊ ဆွေးနွေးခြင်းတို့ ပြုလုပ်မည်ဖြစ်ပြီး ကဗျာပွဲကို ကုန်မာဆိုင်ထဲက ပွန်းပဲ့နေတဲ့အသံဟု အမည်ပေးထားကြောင်း၊ မူတည်ဆွေးနွေးမည့်ကဗျာ ၁၅ ပုဒ်စီကိုလည်း သမဂ္ဂရန်ပုံငွေအဖြစ် ကဗျာစာအုပ်ငယ်ထုတ်ဝေထားပြီး ယင်းအခမ်းအနားတွင် တစ်အုပ်ကျပ် ၁၀၀၀ နှုန်းဖြင့် အားပေးနိုင်မည်ဖြစ်ကြောင်း၊ ထုတ်ဝေဖြန့်ချိဈေးအဖြစ် ကျပ် ၂၀၀၀ သတ်မှတ်ထားကြောင်း ကဗျာဆရာသမဂ္ဂ ဥက္ကဋ္ဌ မိုးကျော်သူက ဆိုသည်။

မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂသည် ကဗျာလှုပ်ရှားမှုများကို လစဉ်ပြုလုပ်သွားရန် ရည်ရွယ်ထားပြီး အချို့ကဗျာပွဲများကို မန္တလေး၊ ပျဉ်းမနားစသည့် ကဗျာဆရာ အင်အားစုများရှိရာနယ်မြို့ကြီးများတွင်လည်း ကျင်းပသွားရန်ရှိကြောင်း သိရသည်။ ကဗျာဆရာသမဂ္ဂသည် ကဗျာညနေခင်း(၁) ကို ဇွန် ၈ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် ဒဂုန်တာရာ ရာပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်သံလွှင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ရုပ်သံလွှင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရုပ်သံလွှင့်အရည်အသွေး မြှင့်တင်နိုင်ရေး**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုများအနက် ရုပ်သံလွှင့်မီဒီယာကဏ္ဍဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံ၏ ထောက်ပံ့ကူညီမှုများဖြင့် မြန်မာနိုင်ငံ၏ ရောင်စုံရုပ်မြင်သံကြားစနစ်ကို စတင်ထုတ်လွှင့်နိုင်ခဲ့ခြင်းမှာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသမိုင်းတွင် အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ ရုပ်သံလွှင့်မီဒီယာ၏ အခန်းကဏ္ဍသည် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့အတွက် များစွာအရေးပါပါကြောင်း၊ ထို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလွှင့်မီဒီယာကဏ္ဍ အရည်အသွေးမြှင့်တင်နိုင်ရေး လိုအပ်ချက်များအား ပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရုပ်သံလွှင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဆက်လက်၍ JICA Myanmar Office မှ Mr. Masayuki Karasawa က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများက JICA နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း ဆောင်ရွက်ခဲ့မှုများနှင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်/သံ ထုတ်လွှင့်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဂျပန်ပညာရှင်များနှင့် ပူးပေါင်းရေးဆွဲလျက်ရှိသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ အခြေခံကျင့်ဝတ်များမူကြမ်း၊ သတင်းထောက်လက်စွဲမူကြမ်း၊ ရုပ်သံလွှင့်လမ်းညွှန်စာစောင်မူကြမ်းနှင့် ပြည်သူ့အကျိုးပြု အစီအစဉ်များ၊ တိုးချဲ့ထုတ်လွှင့်ရေး အကြံပြုချက်မူကြမ်းများကို ရှင်းလင်းတင်ပြဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

**ပြည်သူ့အကျိုးပြု အစီအစဉ်**

ထို့ပြင် အလုပ်ရုံဆွေးနွေးပွဲတွင် JICA ၏ အစီအစဉ်ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလွှင့်ကဏ္ဍ အရည်အသွေးမြှင့်တင်ရေး ထောက်ပံ့ကူညီ ဆောင်ရွက်နေမှုများ၊ ပြည်သူ့အကျိုးပြု အစီအစဉ်ထုတ်လုပ်ပုံ လုပ်ငန်းစဉ်နှင့် စီမံကိန်းလေးနှစ်မြောက်ကာလ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ဖွံ့ဖြိုးမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

JICA နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအနေဖြင့် ဆေးရောင်စုံရုပ်မြင်သံကြား အစီအစဉ်ထုတ်လွှင့်ရန်အတွက် ဂျပန်နိုင်ငံ Japanese Sasakawa Foundation နှင့် JICA ၏ ODA အထောက်အပံ့များဖြင့် ၁၉၈၀ ပြည့်နှစ်တွင် ပထမဆုံး စတင်ထုတ်လွှင့်နိုင်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် ဂျပန်နိုင်ငံယဉ်ကျေးမှုဆိုင်ရာ ရန်ပုံငွေ အထောက်အပံ့ဖြင့် NHK မှ ရုပ်သံလွှင့်အစီအစဉ် ၃၈၃ ခုအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**ရုပ်သံအစီအစဉ် တိုးတက်မြင့်ရေး**

ယခု တတိယအကြိမ်အဖြစ် ဂျပန်နိုင်ငံ အစိုးရ၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအကူအညီဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံအစီအစဉ် အရည်အသွေးများ တိုးတက်မြင့်မားရေး၊ ဝန်ထမ်းများအား လိုအပ်သည့် လေ့ကျင့်သင်တန်းပေးရေးနှင့် ပြည်သူ့အကျိုးပြု အစီအစဉ်များ တိုးချဲ့ထုတ်လွှင့်နိုင်ရေး အတွက် လေးနှစ်စီမံကိန်းရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်သည် စီမံကိန်း၏ စတုတ္ထမြောက်နှစ်ဖြစ်သည်။

တစ်ဆက်တည်းတွင် စတုတ္ထအကြိမ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလွှင့်စက်ပစ္စည်းများနှင့် ရိုက်ကူးရေးစတူဒီယိုများ အဆင့်မြှင့်တင်ခြင်းကို ဂျပန်နိုင်ငံ၏ JICA ODA Grant အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်အတွင်း ရုပ်သံလွှင့်စက်ပစ္စည်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၅**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက လစဉ်ပုံမှန်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ကုန်သည်လမ်း အမှတ်( ၃၉၂-၃၉၆)ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်က သတင်းမီဒီယာကောင်စီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မဏ္ဍိုင်ကြီးလေးရပ်ဆွေးနွေးပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ကြောင်း၊ ထိုသို့ ကျင်းပနိုင်ခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အပတ်စဉ် ဌာနအလိုက်၊ လုပ်ငန်းအလိုက် သတင်းထောက်များနှင့် တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲများပြုလုပ်ရန် အစီအစဉ်များ ရခဲ့ကြောင်း၊ ထို့အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း ၎င်းတို့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ရန် အစီအစဉ်များရရှိခဲ့ကြောင်း၊ တရားစီရင်ရေး အဖွဲ့အနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ်ကိုယ်တိုင် သတင်းထောက်များ သတင်းရယူနိုင်ရေးအတွက် မြို့နယ်တရားရုံးများတွင် ပြောဆိုပိုင်ခွင့်ရှိသည့် တရားသူကြီးများ ထားပေးထားကြောင်း၊ သတင်းထောက်များအနေဖြင့် အဆိုပါတရားသူကြီးများနှင့် ချိတ်ဆက်သတင်းရယူနိုင်ရန် ဖုန်းနံပါတ်များ ပေးထားကြောင်း။



မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

တရားစီရင်ရေးနှင့် ပတ်သက်၍ သိရှိလိုသည့် အချက်အလက်များကို ၎င်းတို့ထံ တိုက်ရိုက်မေးမြန်းနိုင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အနေဖြင့်လည်း သတင်းထောက်များ သိရှိလိုသည့် အကြောင်းအရာများ မေးမြန်းနိုင်ရန် လွှတ်တော်ရုံးအနေဖြင့် အစီအစဉ်များ ပြုလုပ်ထားကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာတို့ပူးပေါင်းကာ သတင်းထောက်များ သတင်းရယူရေးအဆင်ပြေစေရန် အစီအစဉ်များ ဆောင်ရွက်ထားကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတင်းစာတိုက်များမှ တရားဝင်ခန့်ထားသည့် သတင်းထောက်များ၏ စာရင်းကို ရယူကာ သတင်းထောက်များ၏ သက်သေခံကတ်ပြားပေါ်တွင် ထပ်ဆင့်ထောက်ခံချက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးကျော်စွာမင်းက သတင်းစာရှင်းလင်းပွဲကျင်းပရခြင်းအကြောင်း၊ သတင်းမီဒီယာသမားများ၏ လုံခြုံရေးနှင့် အကာအကွယ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုများအား လည်းကောင်း၊ သတင်းမီဒီယာကောင်စီသို့ တိုင်ကြားလာသော တိုင်ကြားစာများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဒေါ်သင်းသင်းသာက မိမိတို့ကျင့်ဝတ် ကော်မတီအနေဖြင့် သတင်းအတုအယောင်များနှင့် ပတ်သက်၍ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ သတင်းအက်ပလီကေးရှင်း (App) ထုတ်လုပ်သူများအနေဖြင့် သတင်းဌာနများမှ သတင်းများ ဝယ်ယူသုံးစွဲကြရန် တိုက်တွန်းစာများ ပေးပို့သွားမည်ဖြစ်ကြောင်း၊ ကျင့်ဝတ်နှင့်အညီ သတင်းများဖော်ပြကြရန်ရည်ရွယ်၍ ကျင့်ဝတ်ဖောက်ဖျက်မှုများရှိပါက ထုတ်ဖော်ပြောကြားသွားမည်ဖြစ်ကြောင်း၊ အခြေခံသတင်းစာသင်တန်းများကို ကျင့်ဝတ်ကော်မတီက ဦးဆောင်ကာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွက် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ သတင်းစာဆရာများ၏ အမည်စာရင်းများကို ထုတ်ပြန်ပေးသွားနိုင်ရန် ယခုလမှ စတင်ကာ ရရှိသည့်စာရင်းများအလိုက် ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာသမားများက သတင်းရယူပိုင်ခွင့်နှင့် သတင်းမီဒီယာကျင့်ဝတ်ဆိုင်ရာများ၊ သတင်းမီဒီယာဥပဒေ အကြောင်းများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူးနှင့် ကောင်စီဝင်များက ပြန်လည်ဖြေကြားကြသည်။

ယနေ့ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲကို တစ်လတစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ပြီး လစဉ်လဆန်းပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## အသိပေးကြေညာခြင်း

၁။ ဆက်သွယ်ရေးဥပဒေအခန်း(၄)နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေ(၃၃)တို့အရ ပုဂ္ဂိုလ်၊ ဌာနနှင့်အဖွဲ့အစည်းများသည် အောက်ဖော်ပြပါဆက်သွယ်ရေးပစ္စည်းများကို လက်ဝယ်ထားရှိရန်နှင့် အသုံးပြုရန်အတွက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရယူရန်လိုအပ်ပါသည်-

(က) ဂြိုဟ်တုဆက်သွယ်ရေးပစ္စည်းများ(ဥပမာ-ဂြိုဟ်တုဖုန်း)

(ခ) ရေဒါဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ကိရိယာများ

(ဂ) ရေဒီယိုဆက်သွယ်ရေးပစ္စည်းများ (ဥပမာ- MF, HF, VHF, UHF လှိုင်းနှုန်းသုံး ဆက်သွယ်ရေးပစ္စည်းများ)

၂။ နေအိမ်အဆောက်အဦများအတွင်း မိုဘိုင်းဖုန်းဆက်သွယ်မှုပိုမိုရရှိစေရန် တပ်ဆင်အသုံးပြုနေသော Repeater များသည် လိုင်စင်ရ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများ၏ လှိုင်းနှုန်းတွင် တရားမဝင် ဝင်ရောက်အသုံးပြုနေသော ရေဒီယိုဆက်သွယ်ရေး ပစ္စည်းများဖြစ်ပါသည်။ အဆိုပါ Repeater များအား တပ်ဆင်အသုံးပြုခြင်းဖြင့် လှိုင်းနှုန်းခွင်အသုံးပြုခွင့်လိုင်စင်ရရှိထားသော ဆက်သွယ်ရေးအော်ပရေတာများ၏ လှိုင်းနှုန်းများအား အနှောင့်အယှက်ဖြစ်ပေါ်စေခြင်းနှင့် အများပြည်သူအားလုံး အသုံးပြုနေသော မိုဘိုင်းဆက်သွယ်ရေးကွန်ရက်ကို ဆိုးရွားစွာထိခိုက်စေနိုင်သည့်အတွက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အဆိုပါပစ္စည်းများသုံးစွဲနိုင်ရန် ခွင့်ပြုထားခြင်းမရှိပါ။

၃။ သို့ဖြစ်ပါ၍ အထက်အပိုဒ်(၁)ပါ ဆက်သွယ်ရေးပစ္စည်းများနှင့် တရားမဝင် Repeater များကို လိုင်စင်မရှိဘဲ တပ်ဆင်အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်းများမပြုလုပ်ကြရန် တားမြစ်ပါသည်။ ဖောက်ဖျက်ကြောင်း ဌာနမှတာဝန်ရှိသူများက စစ်ဆေးတွေ့ရှိရပါက ဆက်သွယ်ရေးဥပဒေပုဒ်မ(၆၇)နှင့် အခြားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# အားလုံးဆွေးနွေးတဲ့အထဲမှာ ဥပဒေအနှစ်က ဘာလဲဆိုရင် CRC မှာပါတဲ့ အချက်က အရေးကြီးပါတယ်။ ကလေးအတွက် အကျိုးအများဆုံးဖြစ်အောင် ဆောင်ရွက်ပေးရမယ်

ဒေါက်တာ အောင်ထွန်းသက်

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများ စကားဝိုင်း

ရှင်မင်း

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများ စကားဝိုင်းတွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလွတ်တန်းအကြံပေး ဦးမျိုးမြင့်ထွန်းနှင့် ဦးကိုကို(စက်မှုတက္ကသိုလ်)တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည် -**

*ယမန်နေ့မှအဆက်*

**ဦးကိုကို (စက်မှုတက္ကသိုလ်) ။ ။ ဒီဥပဒေထဲက ထူးခြားတဲ့ အကြောင်းအရာတွေကိုလည်း ထုတ်နုတ်ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါက်တာစန်းစန်းအေး ။** ။ အသစ်ပြဋ္ဌာန်းလိုက်တဲ့ အခန်းတွေ၊ ဥပမာ ကလေးသူငယ်မွေးစားခြင်း၊ ၁၉၉၃ ခုနှစ် ဥပဒေမှာ ပုဒ်မ ၉ (ခ) အနေနဲ့ ပါပြီးတော့ ကလေးသူငယ်အခွင့်အရေး ဥပဒေမှာတော့ အခန်းတစ်ခန်းအနေနဲ့ သတ်မှတ်ထားလိုက်တယ်။ ဒီလိုသတ်မှတ်ထားလိုက်တာဟာ ကလေးသူငယ်အတွက် အကောင်းဆုံးဖြစ်အောင်လို့ ကျွန်မပြောခဲ့ပါတယ်။ ပြင်ပမှာတော့ ကလေးသူငယ်မွေးစားတာ မျိုးစုံတွေဖြစ်နေပါတယ်။ ကျွန်မတို့ လူမှုဝန်ထမ်းကို ချိတ်ဆက်တာတွေလည်းရှိတယ်၊ ဆေးရုံမှာ စွန့်ပစ်တာတွေလည်း ရှိတယ်၊ ဒီလို အမျိုးမျိုးရှိတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမှာ ချိတ်ဆက်မှုတွေ အားကောင်းလာပါတယ်။ ဒါပေမယ့် ချိတ်ဆက်တဲ့အခါ ကလေးသူငယ်အတွက် အကောင်းဆုံး အကျိုးစီးပွားကို ဖော်ဆောင်ရမှာဖြစ်တဲ့အတွက် လူတစ်ဦးတစ်ယောက်တည်းကို တာဝန်မပေးပါဘူး။ ဘယ်လိုတာဝန်ပေးသလဲဆိုတော့ မြို့နယ်အဆင့်မှာ မြို့နယ်အဆင့် ကလေးသူငယ်ဆိုင်ရာအခွင့်အရေးကော်မတီ ရှိပါတယ်။ ဒီကော်မတီကို ခေါ်ပြီး ကလေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရင်ရအောင် ကျန်းမာရေးနဲ့ သက်ဆိုင်တဲ့ဌာနတွေကို ပို့ပါတယ်။

ပြီးရင်ကာကွယ်မှုအပိုင်းအတွက် စဉ်းစားရပါတယ်။ကျွန်မတို့မှာ လက်ရှိရှိနေတဲ့ ကလေးပြုစုရေးဌာန ခုနစ်ခု၊ အခု နေပြည်တော်မှာ ဖွင့်ဖို့လည်း ရှိပါတယ်၊ အဲဒီမှာ စောင့်ရှောက်ထားပါတယ်။ လက်ရှိမှာ ၁၉၉၃ ခုနှစ် ဥပဒေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဥပဒေနဲ့ ဘောင်ဝင်ပြီး ဆောင်ရွက်တဲ့ ကလေးငယ်တွေပါ။ ဥပဒေပြင်ပနဲ့ မွေးနေတဲ့ ကလေးတွေ ရှိနိုင်ပါတယ်။ ဒါကြောင့် အခု ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမှာတော့ ကလေးမွေးစားခြင်းကို စနစ်တကျ မှတ်ပုံတင်ရမယ်လို့ ထည့်သွင်းထားပါတယ်။ ဒီလိုမှတ်ပုံတင်တဲ့အတွက် ဘာကောင်းလဲဆိုတော့ ကလေးကို မှတ်ပုံတင်ထားတယ်ဆိုရင် ကျွန်မတို့ဌာနက Case Manager က အမြဲတမ်း Follow Up လိုက်ရပါတယ်။ ဒါကိုလည်း ဥပဒေမှာ ဖော်ပြထားပြီဖြစ်ပါတယ်။ နည်းဥပဒေမှာလည်း ပြဋ္ဌာန်းရဦးမှာပါ။ ဒီလို Follow Up လိုက်ရတဲ့ ရည်ရွယ်ချက်က ကလေးကို Abuse လုပ်မှာ၊ ရောင်းစားမှာ ဒါတွေ မဖြစ်ရအောင် ထိန်းသိမ်းတဲ့ အနေအထား ဖြစ်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်) ။ ။ ဆက်လက်ပြီး ဆရာကြီး ဒေါက်တာအောင်ထွန်းသက်အနေနဲ့ ကလေးသူငယ်တွေရဲ့ရပိုင်ခွင့်နဲ့ ပတ်သက်ပြီး ဆွေးနွေးပေးပါခင်ဗျ။**

**ဒေါက်တာအောင်ထွန်းသက် ။** ။ အခု အားလုံးဆွေးနွေးတဲ့အထဲမှာ ဥပဒေအနှစ်က ဘာလဲဆိုရင် CRC မှာပါတဲ့ အချက်က အရေးကြီးပါတယ်။ ကလေးအတွက် အကျိုးအများဆုံးဖြစ်အောင် ဆောင်ရွက်ပေးရမယ်၊ ဒီဟာကို မမေ့စေချင်ဘူး။ ကလေးအတွက် အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတာပါ။ ကလေးအသက် zero to 18 လို့ ပြောကြတဲ့အခါ ကလေးမွေးစာရင်းနဲ့ စမှာလား၊ ဒါနဲ့ အသိအမှတ်ပြုမှာလား၊ ဘာကို အသိအမှတ်ပြုတာလဲမေးရင် နိုင်ငံသား အသိအမှတ်ပြုတာ မဟုတ်ဘူး၊ ဘာသာတရား အသိအမှတ်ပြုတာလည်း မဟုတ်ဘူး။ ကလေးတစ်ယောက်လို့ အသိအမှတ်ပြုတာပါ။ ဒါကြောင့်မို့ ကလေးမွေးစာရင်းနဲ့ ပတ်သက်ပြီး ဆေးရုံ၊ ဆေးခန်းမှာ မွေးတဲ့အခါ မွေးစာရင်း တန်းပြီးဆောင်ရွက်ပေးတယ်။ ဒါပေမယ့် သိတဲ့အတိုင်း အရပ်လက်သည်တွေနဲ့ မွေးတာတွေရှိတယ်။ မွေးတဲ့အခါ မွေးစာရင်းပိုင်ခွင့်ရှိတယ်ဆိုတာ အခွင့်အရေးပါ။ ဒါက နိုင်ငံသားဖြစ်၏၊ မဖြစ်၏နဲ့ မပတ်သက်ပါဘူး။ ဒါက ကလေးတစ်ယောက်ကို အသိအမှတ်ပြုတာပါ။ ဒါနဲ့ ပတ်သက်ပြီး ပြောကြဆိုကြ စိတ်ပူကြတာကို နားလည်ပါတယ်။ ဒါဆိုရင် နိုင်ငံသားပေးတာလား၊ မဟုတ်ပါဘူး။ နိုင်ငံသားနဲ့ မဆိုင်ပါဘူး။ ကလေးသူငယ်အခွင့်အရေးပြောတဲ့အခါ သူများပေးတဲ့ အခွင့်အရေး မဟုတ်ပါဘူး။ မွေးရာပါ အခွင့်အရေးပါ။ လူသားတစ်ယောက်အဖြစ် မွေးဖွားလာတဲ့အတွက် လူသားတစ်ယောက်ရဲ့ အခွင့်အရေး ပါလာပါတယ်။ အခွင့်အရေးလို့ပြောတဲ့အခါ ကလေးတစ်ယောက်ရဲ့အခွင့်အရေးကို ကာကွယ်ပေးဖို့ တာဝန်ရှိပါတယ်။




### ကလေးရဲ့အကျိုး၊ ကလေးရဲ့အခွင့်အရေးကို သတိပြုပေးစေချင်

အဲဒီတော့ ခုနက ရှေ့နေချုပ်ရုံးက ဆွေးနွေးသွားသလို ဥပဒေကို အတည်ပြုဖို့ရှိတယ်၊ အတည်ပြုပြီးသွားရင် ကိုယ့်နိုင်ငံမှာ ခေတ်နဲ့ဆီလျော်တဲ့ ဥပဒေတစ်ရပ်ဖြစ်လာမှာပါ။ ကလေးသူငယ်ရဲ့ အခွင့်အရေးကိုပဲ အာရုံစိုက်ပေးရင် ပြောကြဆိုကြတာတွေကို စဉ်းစားဖို့ လိုပါတယ်။ ကလေးရဲ့အကျိုး၊ ကလေးရဲ့အခွင့်အရေးကို သတိပြုပေးစေချင်ပါတယ်။

**ဦးကိုကို (စက်မှုတက္ကသိုလ်) ။ ။ ဆရာမ နော်လှလှစိုးအနေနဲ့၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့၊ ကော်မတီအတွင်းရေးမှူးအနေနဲ့ ကလေးသူငယ်တွေ တွေ့ကြုံနေရတဲ့ အခက်အခဲတွေ၊ ပြဿနာတွေ အများကြီးကြားသိခဲ့ရမှာပါ။ ဒီလို ကြားသိခဲ့ရတာတွေကို ဒီဥပဒေကြမ်း ဆွေးနွေးတဲ့အခါ ဘယ်လို အထောက်အကူပြုတယ်ဆိုတာ ဆွေးနွေးပေးစေလိုပါတယ်။**

**နော်လှလှစိုး ။** ။ ကျွန်မတို့ရဲ့အဓိကတာဝန်က ဥပဒေပြုဖို့ပါ။ နောက်ထပ်တာဝန်တစ်ခုက ကော်မတီကို ပြည်သူတွေက တိုင်ကြားလာတာတွေကို ကူညီဖြေရှင်းဖို့ပါ။ ဒီမှာ ကလေးသူငယ်တွေကို အလွဲသုံးတာ၊ လိင်ပိုင်းဆိုင်ရာ စော်ကားတာတွေ၊ ကလေးသူငယ် အခွင့်အရေးနည်းပါးတာတွေကို တိုင်ကြားတာတွေ အများဆုံးဖြစ်ပါတယ်။ ပြီးတော့ ရဲဌာနနဲ့ ဆိုင်တာ၊ တရားရုံးနဲ့ ဆိုင်တာတွေလည်း ပါပါတယ်။ ကော်မတီက ကွင်းဆင်းပြီး ကြည့်ရှုလေ့လာရပါတယ်။ ဒီမှာ တွေ့ကြုံသိရှိခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့ ကလေးသူငယ်တွေကို ကာကွယ်ဖို့အတွက်၊ ကလေးတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘာတွေဆောင်ရွက်ပေးရမယ်ဆိုတာ ကုန်ကြမ်းတွေ ရလာပါတယ်။

### ကျွန်မရဲ့မဲဆန္ဒနယ်မှာ တွေ့ကြုံရတဲ့ အတွေ့အကြုံကိုလည်း ပြောပြချင်

ဒီနေရာမှာ ကျွန်မရဲ့မဲဆန္ဒနယ်မှာ တွေ့ကြုံရတဲ့ အတွေ့အကြုံကိုလည်း ပြောပြချင်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်မှာ လူမှုဝန်ထမ်းဦးစီးဌာနကနေ မွေးစားထားတဲ့ ကလေးတစ်ဦးရှိတယ်။ သူက မွေးစားဖခင်ရှိတယ်၊ မွေးစားဖခင် သေဆုံးသွားတော့ မွေးစားဖခင်ရဲ့နောက်အိမ်ထောင်အမျိုးသမီးနဲ့ ကျန်နေခဲ့ရတယ်။ ဒီကလေးအတွက် အမွေမပေးချင်ဘူး။ ဒီကလေးက ၁၇ နှစ်လောက်ရှိပြီ။ ဒီကလေးက လမ်းဘေးကို ပြန်ရောက်မယ့်အခြေအနေဖြစ်နေပြီးတော့ ကျွန်မဆီ ရောက်လာပါတယ်။ ဒီအမှုကို မေးကြည့်လိုက်တော့ လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်စာရွက်စာတမ်း အကုန်ရှိပါတယ်။ Case Manager ကလည်း လိုက်လာပါတယ်။ ဒီကလေးဟာ နိုင်ငံတော်ရဲ့ သတ်မှတ်ချက်တွေနဲ့အညီ မွေးစားထားတဲ့ ကလေးဖြစ်တဲ့အတွက် အမွေဆက်ခံပိုင်ခွင့်ရှိတဲ့အတွက် အမှုဖြစ်တဲ့အခါ အမွေတစ်ဝက်ကို ရရှိခဲ့ပါတယ်။

နိုင်ငံတကာမှာရော ကျွန်မတို့နိုင်ငံမှာပါ ကလေးကို ပြုစုစောင့်ရှောက်တဲ့ နည်းလမ်းတွေက ပြောင်းလဲလာပါတယ်။ အရင်က မိဘမဲ့ဂေဟာတွေ ဆောက်ပြီး ပြုစုပေးမယ့် အခက်အခဲတွေရှိခဲ့တယ်။ အခုကတော့ alternative care ဆိုတဲ့ မူဝါဒ နိုင်ငံတကာမှာရော၊ ကျွန်မတို့နိုင်ငံမှာရော ဖြစ်လာတယ်။ မိဘမဲ့ဂေဟာမှာ ထားမယ့်အစား မိဘကဲ့သို့ ပြုစုစောင့်ရှောက်မယ့် မိသားစုနဲ့ နေထိုင်ဖို့ နိုင်ငံတော်က တာဝန်ယူပြီး ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဟာ အင်မတန်ကောင်းတယ်ဆိုတာကို တွေ့ရပါတယ်။ ဒီအချက်တွေကိုလည်း လွှတ်တော်မှာ ဆွေးနွေးခဲ့ပါတယ်။

**ဦးကိုကို (စက်မှုတက္ကသိုလ်) ။ ။ CSO တွေအနေနဲ့ ကလေးတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တော်တော်များများ စောင့်ကြည့်လေ့လာပါတယ်။ CSO တွေရဲ့ လေ့လာမှုအရ ကလေးသူငယ်တွေအပေါ် ကျူးလွန်တဲ့မှုခင်းတွေ ဘယ်လောက်ရှိသလဲဆိုတာ သုတေသနလုပ်ထားတဲ့ အချက်အလက်တွေ ရှိပါသလား။**

*စာမျက်နှာ ၉ သို့*

**“ကလေးမွေးစာရင်း ထုတ်ပေးခြင်းသည် နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်း မဟုတ်”**




## မွေးစားရုံဖြင့် နိုင်ငံသား မဖြစ်၊ နိုင်ငံသားဖြစ်ခွင့်ကို ဥပဒေနှင့်သာ နိုင်ငံတော်က ဆုံးဖြတ်သည်။

*စာမျက်နှာ ၈ မှ*

**ဦးမျိုးမြင့်ထွန်း ။** ။ သုတေသနပြုတာရှိပါတယ်။ သုတေသနကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့ တရားဝင်ထုတ်ပြန်ထားတဲ့ အချက်အလက်စာရင်းအပေါ်မှာ အခြေခံထားပါတယ်။ ၂၀၁၃ ခုနှစ်မှာဆိုရင် မုဒိမ်းမှုဖြစ်ပွားတဲ့ ရာခိုင်နှုန်းရဲ့ ၄၃ ရာခိုင်နှုန်းက သက်ငယ်မုဒိမ်း ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ၄၄ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ ၄၆ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်မှာ ၆၁ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာဆိုရင် ၆၃ ရာခိုင်နှုန်းပါ။ လျော့နည်းမသွားဘဲ များပြားလာပါတယ်။ ဒါတွေက Report လုပ်တဲ့ Case တွေပဲ ရှိပါသေးတယ်။ Report မလုပ်တဲ့ Case တွေ အများကြီး ရှိပါသေးတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားဝင်ထုတ်ပြန်တဲ့ စာရင်းပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ အပြင်မှာလိုက်ပြီး ကူညီဖြေရှင်းပေးရတာတွေ ရှိပါတယ်။

### ကလေးသူငယ်အခွင့်အရေးဥပဒေဟာ အင်မတန်အရေးကြီး

လူကုန်ကူးမှုမှာဆိုရင် နှစ်တိုင်းမှာ ကလေးတွေ လူကုန်ကူးခံရတဲ့ စာရင်းတွေ ပါနေပါတယ်။ လူကုန်ကူးခံရတဲ့အထဲမှာ၊ သက်ငယ်မုဒိမ်းမှာ၊ ကလေးအလုပ်သမားအားလုံး ပါနေပြီးတော့ ကလေးတွေက အကျူးလွန်ခံနေရတာတွေ အများကြီးဖြစ်ပါတယ်။ ဒါက စာရင်းပေါက်တာတွေပါ။ စာရင်းမပေါက်တာတွေလည်း ရှိနိုင်ပါတယ်။ ဒါကြောင့် ကလေးသူငယ်အခွင့်အရေးဥပဒေဟာ အင်မတန်အရေးကြီးပါတယ်။ အခု ဥပဒေက ကဏ္ဍစုံစဉ်းစားထားပါတယ်။ ကလေးတွေဟာ ဘယ်အချိန်မှာ မွေးဖွားမယ်၊ ဘယ်နေရာမွေးဖွားမယ်၊ ဘယ်နိုင်ငံမှာ မွေးဖွားမယ်၊ ဘယ်မိဘနဲ့ မွေးမယ် ဆိုတာ ရွေးချယ်ပိုင်ခွင့် မရှိကြပါဘူး။ ဒီလိုရွေးချယ်ပိုင်ခွင့် မရှိတဲ့အပေါ်မှာ ခွဲခြားလို့ မရပါဘူး။ ပြီးတော့ ကိစ္စရပ်တွေ ဆုံးဖြတ်တဲ့အခါ ကလေးတွေရဲ့ ထင်မြင်ယူဆချက် သဘောထားကိုလည်း ထည့်သွင်းစဉ်းစားပေးရမယ်။ ကလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အမြဲတမ်းစဉ်းစားပြီး လုပ်ရမယ်ဆိုတာမျိုးတွေ ထည့်ထားပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်) ။ ။ ဆရာကြီး ဒေါက်တာအောင်ထွန်းသက် ဆွေးနွေးသွားတဲ့ အထဲမှာပါပါတယ်။ ကလေးသူငယ်တွေမှာ မွေးစာရင်းရှိရမယ်။ ဒီအပေါ်မှာ စိုးရိမ်ပြီး ပြောဆိုတာတွေလည်း ရှိပါတယ်။**

**ဒေါက်တာအောင်ထွန်းသက် ။** ။ ကလေးတစ်ယောက် မွေးလိုက်တာနဲ့ သူ့အတွက် အာရုံစိုက်ပေးဖို့လိုပါတယ်။ သူ့ရဲ့ မျိုးရိုး၊ ဘာသာ၊ ဗီဇတွေကို ထည့်မစဉ်းစားရဘူး။ ဒါကလည်း CRC ရဲ့အခြေခံတစ်ခုဖြစ်တယ်။ ကိုယ့်နိုင်ငံကလည်း အသိအမှတ်ပြုတယ်။ ဒီလိုအသိအမှတ်ပြုတာကိုလည်း အများလက်ခံဖို့ လိုပါလိမ့်မယ်။ ဒါလေးကို တိုက်တွန်းချင်ပါတယ်။

**ဦးကိုကို (စက်မှုတက္ကသိုလ်)။ ။ မွေးဖွားလာတဲ့ ကလေးငယ်တွေအတွက် ဥပဒေကြမ်းရဲ့ ပုဒ်မ ၂၂ မှာ မွေးဖွားကြောင်း မှတ်ပုံတင်တဲ့ ကလေးတိုင်းဟာ နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ရရှိစေရမယ်ဆိုတဲ့အချက်ကို တွေ့ရှိရပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါက်တာသီတာစန်း ။** ။ ကျွန်မတို့က နိုင်ငံသားဖြစ်ခွင့်ကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနဲ့ပဲ ဆုံးဖြတ်ပါတယ်။ ဒါကြောင့်မို့ တည်ဆဲဥပဒေဆိုတာ ဒါကိုပဲ ရည်ညွှန်းတာပါ။ ဒီဥပဒေကနေ ပေးအပ်တဲ့ အခွင့်အရေးကိုပဲ ရမှာပါ။ ဒီဥပဒေမှာ ပြဋ္ဌာန်းထားတာက တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားမှ နိုင်ငံသားဖြစ်မယ်၊ နိုင်ငံသား မိဘနှစ်ပါးက မွေးဖွားမှသာ နိုင်ငံသားဖြစ်ခွင့်ရှိမယ်ဆိုတာ ပြဋ္ဌာန်းပြီးသားပါ။ နိုင်ငံသားဖြစ်မှု၊ မဖြစ်မှုကို ဒီဥပဒေအရပဲ ဆုံးဖြတ်ပါတယ်။ ကလေးသူငယ်အခွင့်အရေးဥပဒေကတော့ နိုင်ငံသားဖြစ်ခြင်းနဲ့ သက်ဆိုင်မှုမရှိပါဘူး။ တချို့ပြောနေကြတာက အရင် ၂၀၁၇ ခုနှစ်တုန်းက သတင်းစာက ထုတ်ပြန်ခဲ့တဲ့ မူကြမ်း၊ အဲဒါက လွှတ်တော်ကိုစတင်တုန်းက မူကြမ်း၊ ဒါပေမယ့် လွှတ်တော်မှာ အဆင့်ဆင့်ဆွေးနွေးခဲ့ပြီးတော့ ပုဒ်မ ၁၁၅ မှာ မပါတော့ပါဘူး။ ဒီဥပဒေကနေ တခြားဥပဒေကို လွှမ်းမိုးမယ်ဆိုတဲ့အချက်က နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးဖို့ တင်ပြထားတဲ့ မူကြမ်းမှာ မပါတော့ပါဘူး။ ကလေးတွေရဲ့ နိုင်ငံသားဖြစ်မှုက

## မွေးစာရင်းနှင့် နိုင်ငံသားဖြစ်မှုသည် တိုက်ရိုက်ပတ်သက်မှုမရှိ။

## “နိုင်ငံသားဖြစ်ခွင့်ကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနှင့်သာ ဆုံးဖြတ်သည်”

တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေအရပဲ သွားရမှာပါ။

**ဦးကိုကို(စက်မှုတက္ကသိုလ်) ။ ။ ကလေးသူငယ်တွေအတွက် ဂေဟာတွေကနေ မလိုလားအပ်တဲ့ ဆိုးကျိုးတွေ မဖြစ်ပေါ်လာအောင် ဘယ်လိုလုပ်မယ် ဆိုတာကိုလည်း ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါက်တာစန်းစန်းအေး ။** ။ ကျွန်မ ဆွေးနွေးမှုအစမှာ ပြောခဲ့သလို အခန်းအသစ်တစ်ခန်းအနေနဲ့ ပါဝင်ပါတယ်။ အခန်း ၆ မှာပါ။ သင်တန်းကျောင်း၊ ပရဟိတဂေဟာနဲ့ ယာယီစောင့်ရှောက်ရေးဂေဟာတွေ တည်ထောင်ဖွင့်လှစ်ခြင်းနဲ့ ကြီးကြပ်ကွပ်ကဲခြင်းပါ။ ဒါကို ဥပဒေအနေနဲ့ အခန်းတစ်ခုအနေနဲ့ ထည့်လိုက်ရပါတယ်။ ထည့်လိုက်ရတာက ၁၉၉၃ ဥပဒေမှာ သင်တန်းကျောင်း၊ ပရဟိတဂေဟာတွေဟာ ခွင့်ပြုမိန့်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ ရတယ်။ တချို့သော သင်တန်းကျောင်း၊ ပရဟိတဂေဟာတွေက ကျွန်မတို့ လူမှုဝန်ထမ်းဦးစီးဌာနမှာ အသိအမှတ်ပြု လာလျှောက်တယ်။ ဒီလိုလျှောက်ထားရမယ်လို့ မပါတဲ့အတွက်ကြောင့် တချို့က နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ အသိအမှတ်ပြု၊ တချို့က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ အသိအမှတ်ပြုကျောင်းတွေ၊ အဲဒါအားလုံးကို လွတ်ပြီးတော့၊ ဒီဌာနသုံးခု လွတ်ပြီး အသိအမှတ်မပြုသေးတဲ့ ပရဟိတဂေဟာတွေလည်း ရှိသေးတယ်။ ကျွန်မတို့အနေနဲ့ စိစစ်ဖို့ အင်မတန်ခက်ခဲတယ်။ ဒါကြောင့် ဥပဒေအသစ်မှာ ဒီဟာတွေ တည်ထောင်မယ်ဆိုရင် တည်ထောင်ခွင့်ကို ကျွန်မတို့ဆီတင်ဖို့အတွက် ထည့်ထားပါတယ်။ တည်ထောင်ခွင့်ပြုမိန့်လုပ်ဖို့အတွက် ယူနီဆက်တို့၊ CSO အဖွဲ့အစည်းတွေနဲ့ တိုင်ပင်ပြီးတော့ ဂေဟာတွေမှာ ထားရမယ့် အနိမ့်ဆုံးစံနှုန်းသတ်မှတ်ချက်ကို ကျွန်မတို့ဝန်ကြီးဌာနက အဆင်သင့်ပြင်ပြီးပါပြီ။ ကျွန်မတို့အနေနဲ့ ဒီဥပဒေကို စောင့်မျှော်နေပါတယ်။ ဥပဒေထွက်ပေါ်လာတာနဲ့ ဂေဟာတွေဟာ ကလေးတွေရဲ့အကောင်းဆုံး အကျိုးစီးပွားကိုပဲ ဦးတည်ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ဟာ ဂေဟာတွေမှာထားရမယ့် စံနှုန်းသတ်မှတ်ချက်နဲ့ ကြည့်ရပါတော့မယ်။

**ဦးကိုကို (စက်မှုတက္ကသိုလ်) ။ ။ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်အနေနဲ့ ဒါတွေနဲ့ ပတ်သက်ပြီး ဆက်ပြီး ဆွေးနွေးပေးပါဦး ခင်ဗျ။**

**ဒေါက်တာအောင်ထွန်းသက် ။** ။ လူ့အဖွဲ့အစည်းတစ်ခုမှာ အဓိကအကျဆုံးတစ်ခုက ကလေးပါ။ ဘာကြောင့်လဲဆိုတော့ ကလေးတစ်ယောက်ရဲ့ ရပ်တည်ချက်အတွက်ပါ။ လူ့အဖွဲ့အစည်းအတွင်းမှာ အရင်တုန်းက မိသားစု၊ အသိုင်းအဝိုင်းတွေက လုပ်ပေးတယ်။ အခုက ပိုပြီးလုံခြုံအောင် ဥပဒေဆိုတာ ဖြစ်လာတာပါ။ ဒီဥပဒေဟာ တကယ်တမ်းတော့ လုံခြုံမှုတစ်ခုပါ၊ ဒီလိုစဉ်းစားလိုက်ရင် ဥပဒေကို ကြိုဆိုဖို့လိုတယ်။ ပြဋ္ဌာန်းပြီးတော့မှ စောင့်ကြည့်ထိန်းသိမ်းတဲ့ကိစ္စပါ။ တည်ဆဲဥပဒေတစ်ခုကို အကောင်အထည်ဖော်တဲ့အခါ ကလေးသူငယ်တွေ အခွင့်အရေးတကယ်ရရဲ့လားဆိုတာ လိုပါတယ်။ ဥပဒေပြဋ္ဌာန်းပြီးတာနဲ့ ပြီးသွားတာမဟုတ်ပါဘူး။ တကယ်တမ်းက ဥပဒေပြဋ္ဌာန်းပြီးမှ အလုပ်ကစတာပါ။

ဥပဒေကို အကောင်အထည်ဖော်တဲ့အခါ တရားဥပဒေစိုးမိုးမှု ရှိဖို့လိုတယ်၊ အစိုးရဌာနတွေ တာဝန်ယူမှုရှိဖို့လိုတယ်။ အရင်တုန်းက နားလည်တာက Institutional Care ပါ။ အခုက Alternative Care ပါ။ အခုဆိုရင် ရင်ခွင်ပိုက်ကလေး စီမံချက်ဆိုတာ ရှိလာပါတယ်။ ပြောလိုက်လို့ရှိရင် ကိုယ့်နိုင်ငံမှာ မကြားဝံ့မနာသာဆိုပေမယ့် စွန့်ပစ်ကလေးတွေ အများကြီးရှိတယ်။ စွန့်ပစ်ကလေးတွေကို တာဝန်ယူပေးတဲ့ အဖွဲ့အစည်းတွေလည်း အများကြီးရှိတယ်။ ဒါတွေကို တကယ်လုပ်နိုင်အောင် ဥပဒေက အထောက်အကူဖြစ်ဖို့ လိုပါတယ်။ ဥပဒေပြဋ္ဌာန်းပြီးရင်လည်း လွှတ်တော်ကနေ Review လုပ်ဖို့ လိုအပ်နေမှာပါ။ ဥပဒေပေါ်လာအောင်တော့ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမယ်။ ဥပဒေပေါ်လာရင် ပြီးသွားပြီလို့မယူဆဘဲ အလုပ်တွေ စလုပ်ရမယ်။ ဘာအတွက်လဲဆိုရင် ကလေးတွေအတွက် အကောင်းဆုံးအကျိုးစီးပွားအတွက်ပါ။ ဒီဥပဒေဟာ နိုင်ငံအတွက် ကောင်းတာ၊ အဖွဲ့အစည်းကောင်းတာမျိုး မဟုတ်ဘဲ ကလေးအတွက်ပဲ ဦးတည်နေရပါမယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ◆ မွေးစာရင်း မှတ်ပုံတင်ထားသည့် ကလေးသည် မွေးစားသည်ဖြစ်စေ၊ အခြားနေရာသို့ ရောက်ရှိသည်ဖြစ်စေ ၎င်း၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေဖြစ်သည့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်

❍ *ကျော်ဖုံးမှ*

နံပါတ် နှစ်အချက်မှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကိစ္စဖြစ်ပါကြောင်း၊ ယင်းဥပဒေကြမ်းနှင့် ပတ်သက်ပြီး လတ်တလော ဆန္ဒပြမှုများဖြစ်ပေါ်နေပါကြောင်း၊ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ဇွန် ၇ ရက် ရက်စွဲဖြင့် ပေးပို့လာပါကြောင်း၊ ယင်းဥပဒေကြမ်း နိုင်ငံတော်သမ္မတထံရောက်သည့်အခါတွင် ပြန်လည်လေ့လာသုံးသပ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်၏ သဘောထားနှင့် ဥပဒေဆိုင်ရာ အကြံပြုချက်များကို ရယူပါကြောင်း၊ ယင်း ဥပဒေကြမ်းကို ဇွန် ၁၈ ရက်တွင် သဘောထားမှတ်ချက် သုံးခုဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါကြောင်း၊ သဘောထားမှတ်ချက် နံပါတ်တစ်မှာ ယာယီစောင့်ရှောက်ရေးဂေဟာဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဝန်ကြီးဌာနဆိုသည့် စကားရပ်နှင့်ပတ်သက်ပြီး ထုတ်ပယ်သင့်/ မသင့်ဖြစ်ပါကြောင်း၊ နံပါတ်နှစ် သဘောထားမှတ်ချက်မှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဆိုသည့် စကားရပ်နှင့်ပတ်သက်ပြီး ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းဟု ပြင်ဆင်ရန် သင့်/မသင့်ဖြစ်ပါကြောင်း၊ နံပါတ်သုံး သဘောထားမှတ်ချက်မှာ ဥပဒေကြမ်း အပိုဒ် ၇၆ တွင် အရေးအသားပိုင်းဆိုင်ရာများ ပြင်သင့်/ မပြင်သင့် ဖြစ်ပါကြောင်း၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်ပြီး လတ်တလောဝေဖန်မှုများ ရှိပါကြောင်း၊ ယင်းအပေါ် တချို့ကိစ္စရပ်များကို အမေးအဖြေကဏ္ဍတွင် အသေးစိတ်ရှင်းပြပေးသွားမည် ဖြစ်ပါကြောင်း။

**တွေ့ဆုံဆွေးနွေးရန် စီစဉ်ထား**

ပြည်တွင်းငြိမ်းချမ်းရေးကိစ္စနှင့် ပတ်သက်ပြီး NCA လက်မှတ်ရေးထိုးပြီးသား အဖွဲ့များနှင့် ဆွေးနွေးရန် အစီအစဉ်များရှိပါကြောင်း၊ ဇူလိုင် ၁၁ ရက်တွင် RCSS နှင့် NRPC နေပြည်တော်တွင် တွေ့ဆုံမည်ဖြစ်ပါကြောင်း၊ ဇူလိုင် ၁၂ ရက်တွင် RCSS နှင့် တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ တွေ့ဆုံမည်ဖြစ်ပါကြောင်း၊ နောက်တစ်ခုမှာ NCA လက်မှတ်မရေးထိုးရသေးသည့် KNPP အဖွဲ့ဖြစ်ပါကြောင်း၊ ဇူလိုင် ၁၇ ရက်တွင် KNPP အဖွဲ့နှင့် NRPC တို့ နေပြည်တော်တွင် တွေ့ဆုံကြမည် ဖြစ်ပါကြောင်း၊ ဇူလိုင် ၁၈ ရက်တွင် KNPP နှင့် တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ လာမည့်ရက်သတ္တပတ်အတွင်းမှာလည်း KNU နှင့် ရန်ကုန်တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးရန် ရှိပါကြောင်း။

နောက်တစ်ခုမှာ မြောက်ပိုင်းမဟာမိတ်အဖွဲ့ လေးဖွဲ့ ဖြစ်ပါကြောင်း၊ ယင်းအဖွဲ့ လေးဖွဲ့နှင့် အစိုးရကိုယ်စားလှယ်အဖွဲ့ဖြစ်သည့် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ဦးခင်ဇော်ဦး ဦးဆောင်သည့်အဖွဲ့တို့ ပြီးခဲ့သည့် မိုင်းလားပွဲတွင် တွေ့ဆုံခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံပြီး အစိုးရဘက်က Bilateral Ceasefire Agreement နှင့်ပတ်သက်သည့် မူကြမ်းများ ပေးပို့ထား ပြီးဖြစ်ပါကြောင်း၊ ပေးပို့ထားသည့်အပေါ် ယင်းလေးဖွဲ့က ပြန်ပြီးသုံးသပ်မည် ဖြစ်ပါကြောင်း၊ အစောဆုံးအားဖြင့် ဇူလိုင် ၁၄ ရက်၊ ၁၅ ရက်တွင် ပြန်ပြီး အကြောင်းပြန်ရန်နှင့် နောက်အကျဆုံး ဇူလိုင်လကုန် တွင် နောက်ထပ်တွေ့ဆုံရန် နေရာနှင့် ရက်စွဲများ ပြန်ကြားပေးရန် ညှိနှိုင်းနေဆဲဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူနှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ရူပါမြတို့က Wisdom Hill မူကြိုကျောင်းတွင် ဖြစ်ပွားခဲ့သည့် အမှုကိစ္စအပေါ် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။


**နယ်မြေတည်တံ့ခိုင်မြဲခြင်းထောက်ခံ**

ယင်းနောက် တက်ရောက်လာသည့် သတင်းမီဒီယာများက မေးခွန်းများမေးမြန်းကြရာ အမေရိကန်အောက်လွှတ်တော်အမတ် ပြောကြားသည့် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံအစိုးရအနေဖြင့် မည်သို့ တုံ့ပြန်မည်ကို သိရှိလိုခြင်းနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းတွင်ပါရှိသည့် မွေးဖွားခြင်း၊ မွေးစာရင်းမှတ်ပုံတင်ခြင်း၊ နိုင်ငံသားဖြစ်ခွင့်ဆိုင်ရာ မေးခွန်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယင်းကိစ္စသည် အမေရိကန်အောက်လွှတ်တော်အမတ်တစ်ဦး၏ ပြောကြားချက်သာဖြစ်ပါကြောင်း၊ အမေရိကန်အစိုးရ၏ သဘောထားမဟုတ်ပါကြောင်း၊ အမေရိကန်နိုင်ငံ state department တွင် ပြုလုပ်သည့် တောင်အာရှနှင့် ဗဟိုအာရှတို့နှင့်ပတ်သက်၍ မူဝါဒများဆွေးနွေးသည့် အခမ်းအနားတွင် အမေရိကန်နိုင်ငံ၏ တောင်အာရှနှင့် ဗဟိုအာရှဆိုင်ရာ ယာယီလက်ထောက်နိုင်ငံခြားရေးဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မြဲခြင်းကို ထောက်ခံခြင်းသည် အမေရိကန်နိုင်ငံ၏ ရပ်တည်ချက်ဖြစ်သည်ဟု ပြန်လည်ရှင်းလင်းခဲ့ပါကြောင်း၊ အမေရိကန်အစိုးရ၏ သဘောထားကို ထိုဆွေးနွေးပွဲတွင် ပြောကြားခြင်းဖြစ်ပါကြောင်း။

**ထိပါးလာနိုင်သည့်လုပ်ရပ် လက်မခံ**

အမေရိကန် အောက်လွှတ်တော် အမတ်အနေဖြင့် ချဲ့ကားရေးသားထားသည့် သတင်းအချက်အလက်များအပေါ်တွင် အခြေခံထားသည်ဟု ယူဆပါကြောင်း၊ အစိုးရ၏ တရားဝင်ရပ်တည်ချက်သဘောထားမှာ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုများအပေါ်တွင် ထိပါးလာနိုင်သည့် လုပ်ရပ်မှန်သမျှကို လုံးဝလက်မခံပါကြောင်း၊ အစိုးရအနေဖြင့် ထိုအတိုင်း ရပ်တည်သွားမည်ဖြစ်ပါကြောင်း။

မွေးစာရင်းနှင့် ပတ်သက်၍ မွေးစာရင်းတွင် ဤလက်မှတ်သည် နိုင်ငံသားဖြစ်မှုအတွက် သက်သေခံအလျဉ်းမဖြစ်စေရဟု မင်နီဖြင့်ရေးသားထားပါကြောင်း၊ ဆိုလိုသည်မှာ နိုင်ငံသားဖြစ်မှု၊ မဖြစ်မှုနှင့်မဆိုင်ဘဲ မွေးဖွားသည့်အထောက်အထားအချက်အလက်သာဖြစ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေကြမ်း ပုဒ်မ ၂၂ တွင် မွေးဖွားကြောင်းမှတ်ပုံတင်သည့် ကလေးသူငယ်များသည် နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည်ဟု ပါဝင်ပါ ကြောင်း၊ မွေးစာရင်းမှတ်ပုံတင်ထားသည့် ကလေးသည် မွေးစားသည်ဖြစ်စေ၊ အခြားနေရာသို့ ရောက်ရှိသည်ဖြစ်စေ ၎င်း၏ နိုင်ငံသားဖြစ်မှုဆိုင်ရာအခွင့်အရေးကို တည်ဆဲဥပဒေဖြစ်သည့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကလေးငယ်တစ်ဦးကို မွေးစာရင်းပေးရုံဖြင့် နိုင်ငံသား လုံးဝမဖြစ်ပါကြောင်း၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ စသည်ဖြင့် မည်သို့မွေးစားသည်ဖြစ်စေ နိုင်ငံသားမဟုတ်သည့် ကလေးငယ်သည် မည်သည့်နည်းနှင့်မျှ နိုင်ငံသားမဟုတ်ဘဲ မွေးစာရင်းသွင်းရုံဖြင့် နိုင်ငံသားမဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။




**အမှုမှန်ဖော်ထုတ်နိုင်ရန် မှာကြားထား**

ထို့နောက် Wisdom Hill မူကြိုကျောင်းကိစ္စကို အစိုးရအနေဖြင့် မည်သို့ အရေးယူဆောင်ရွက်ရန်ရှိကြောင်းနှင့် ယင်းဖြစ်စဉ်အပေါ် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့က မည်သို့ညွှန်ကြားထားသည်ကို သိလိုကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း၏ ပုဒ်မ ၃၂(ခ) တွင် မွေးစားခံရသည့် ကလေးများသည် သားသမီးအရင်းများနှင့်အတူတူ အခွင့်အရေးရရှိစေရမည်။ အမွေဆက်ခံပိုင်ခွင့်ရှိရမည်၊ ထို့ပြင် အခြားသောအခွင့်အရေးများ တန်းတူရရှိရမည်ဟု ပါရှိသည့်အတွက် ဖော်ပြထားသည့် အခြားသော အခွင့်အရေးများဆိုသည်မှာ မည်သို့သောအခွင့်အရေးများ ဖြစ်သည်ကို သိရှိလိုကြောင်း၊ မွေးစာရင်း၊ မွေးစားခြင်းနှင့် နိုင်ငံသားဖြစ်ခြင်းကို ရောထွေးပြီး ဝေဖန်ပြောဆို ဆန္ဒပြမှုများရှိပါကြောင်းနှင့် ယင်းနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း သိရှိလိုကြောင်း မေးခွန်းများနှင့်ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက Wisdom Hill မူကြိုကျောင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စတင်ဖြစ်ကတည်းက သိရှိပြီး တာဝန်ရှိသူများကို ညွှန်ကြားထားပါကြောင်း၊ စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်ပြီး နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့က အမှုဖြစ်စဉ်အပေါ် တောက်လျှောက်စောင့်ကြည့်နေပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး လျစ်လျူရှုထားခြင်းမရှိပါကြောင်း၊ မျက်ကွယ်ပြုထားခြင်းမရှိပါကြောင်း၊ အမှုမှန်ကို မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ဖော်ထုတ်ပြီး အရေးယူနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများအားလုံးကို အလေးအနက်မှာကြားထားပြီးဖြစ်ပါကြောင်း။

မွေးစာရင်းထဲတွင် "ဤလက်မှတ်သည် နိုင်ငံသားဖြစ်မှုအတွက် သက်သေခံအလျဉ်းမဖြစ်စေရ"ဟု ရေးသားထားပါကြောင်း၊ ဆိုလိုသည်မှာ မွေးစာရင်းသည် နိုင်ငံသားဖြစ်မှုနှင့် မဆိုင်ပါကြောင်း၊ မွေးစာရင်းသည် ကလေးသူငယ်၏ အထောက်အထားအတွက်ဖြစ်ပါကြောင်း၊ ပုဒ်မ ၂၁ (ဃ)တွင် ထိုကလေး မွေးဖွားကြောင်း မှတ်ပုံတင်ခြင်းသည် ကလေးသူငယ်၏ အသက်အတွက် သက်သေအထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်ဟု ဖော်ပြထားပါကြောင်း၊ ကလေးငယ်၏ အထောက်အထား၊ ယင်းအတွက်သာ မွေးစာရင်းထုတ်ခြင်း ဖြစ်ပါကြောင်း။

ကလေးတစ်ယောက်ကိုမွေးစားခြင်းသည် သက်ဆိုင်ရာမိသားစု၏ အရေးကိစ္စဖြစ်ပါကြောင်း၊ မွေးစာရင်းကိစ္စသည် ကလေးသူငယ်အခွင့်အရေးကိစ္စဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ နိုင်ငံသားဖြစ်ခြင်းကိစ္စဖြစ်ပြီး ယင်းမှာ နိုင်ငံတော်ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံတော်က ထိုအပိုင်းတွင် ပါလာပါကြောင်း၊ မွေးစာရင်းတွင် တင်ထားသည့် ကလေးသူငယ်ကို မိဘများက မည်သို့ပင် မွေးစားထား မွေးစားထား နိုင်ငံသားမဖြစ်ပါကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရပဲ ဖြစ်မည်ဖြစ်ပါကြောင်း။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ညွှန်းရခြင်းမှာ ပုဒ်မ ၂၂ တွင် မွေးဖွားကြောင်းမှတ်ပုံတင်သည့် ကလေးသူငယ်တိုင်းသည် နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည်ဟု ပါရှိပါကြောင်း၊ မွေးစားသည့် ကလေးများနှင့်ပတ်သက်ပြီး တည်ဆဲဥပဒေသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၇၃ တွင် ပြဋ္ဌာန်း ပါရှိပါကြောင်း၊ ယင်းပုဒ်မ ၇၃ တွင် နိုင်ငံသား (သို့မဟုတ်) ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူ၏ မွေးစားခြင်းခံရသော နိုင်ငံခြားသားတစ်ဦးသည် နိုင်ငံသား (သို့မဟုတ်) ဧည့်နိုင်ငံသား (သို့မဟုတ်)နိုင်ငံသားပြုခွင့်ရသူအဖြစ်ကို မရရှိစေရဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဆိုလိုသည်မှာ မွေးစားလိုက်သည့်ကလေးသည် အလိုအလျောက် နိုင်ငံသားဖြစ်မလာပါကြောင်း၊ မိဘက နိုင်ငံသားဖြစ်တိုင်း နိုင်ငံသား မဖြစ်ပါကြောင်း၊ မိဘက ဧည့်နိုင်ငံသားဖြစ်တိုင်း ဧည့်နိုင်ငံသား မဖြစ်ပါကြောင်း၊ မိဘက နိုင်ငံသားပြုခွင့်ရသူဖြစ်တိုင်း နိုင်ငံသားပြုခွင့်ရသူမဖြစ်ပါကြောင်း။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

၎င်းမွေးစားထားသည့် ကလေးငယ်များကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေဖြင့်သာ နိုင်ငံသား ဖြစ်/မဖြစ် ဆုံးဖြတ်မည်ဖြစ်ပါကြောင်း၊ မွေးစာရင်း၊ မွေးစားခြင်းနှင့် နိုင်ငံသားဖြစ်ခြင်းတို့ကို ရောထွေးပြီး ဝေဖန်ဆန္ဒပြနေပါကြောင်း၊ ယင်းဆန္ဒပြသူများသည် ဥပဒေကြမ်းတွင်ပါရှိသည့် ပုဒ်မများ၊ ဖော်ပြချက်များကို သေသေချာချာ ရှင်းရှင်းလင်းလင်း မသိရှိကြပါကြောင်း၊ ယင်းဥပဒေတွင်ပါသည့် တည်ဆဲဥပဒေနှင့်အညီ ဆိုသည်မှာ အနှစ်ချုပ်ဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေဆိုသည်မှာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**အရေးယူဆောင်ရွက်မည့်အခြေအနေ**

ယင်းနောက် Wisdom Hill မူကြိုကျောင်းတွင် ဖြစ်ပွားခဲ့သည့် အမှုကိစ္စ၊ ယင်းအမှုကိစ္စနှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် ကောလာဟလသတင်းများ ထွက်ပေါ်နေမှု၊ သက်သေခံများ စစ်ဆေးတွေ့ရှိမှုနှင့် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူနှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ရူပါမြတို့က ရှင်းလင်းဖြေကြားကြသည်။

**တရားဝင်ခွင့်ပြုချက်မရဘဲ ဖွင့်ထား**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဋ္ဌေးက Wisdom Hill ကျောင်းကို ယခု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ယာယီပိတ်ထားပါကြောင်း၊ အဆိုပါဖြစ်စဉ်ဖြစ်သွားသည့်အတွက် Wisdom Hill ကျောင်းကို ခွင့်ပြုချက်ပေးမည် မဟုတ်ပါကြောင်း၊ Wisdom Hill တွင် မူကြိုကျောင်းအပြင် ထက်၊ လယ်၊ မူ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း လုပ်ထားသည်များရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးက ပညာရေးဝန်ကြီးကို ညွှန်ကြားလိုက်ပါကြောင်း၊ ပြန်စစ်ရန်နှင့် ပြန်စစ်ပြီးပါက စည်းမျဉ်းစည်းကမ်းနှင့် မကိုက်ညီမှုများတွေ့ရှိပါက အရေးယူမည်ဖြစ်ပါကြောင်း၊ ထိထိရောက်ရောက် အရေးယူမည်ဖြစ်ကြောင်း၊ ကလေးသူငယ်များကို အဆိုပါကျောင်းမျိုးတွင် ထားကြပါကြောင်း၊ ထားသည့်အတွက် အဆိုပါဖြစ်စဉ်မျိုးဖြစ်သည်ဟု စိစစ်ချက်အရ ပေါ်ပါကြောင်း၊ တရားရုံးတွင် ရောက်နေပြီဖြစ်ပါကြောင်း၊ တရားရုံးတွင် ရှင်းမည်ဖြစ်ကြောင်း၊ Wisdom Hill ကျောင်းသည် တရားဝင်ခွင့်ပြုချက်မရဘဲ ဖွင့်ထားခြင်းဖြစ်ကြောင်း၊ ခွင့်ပြုချက်မရဘဲ ဖွင့်ထားခြင်းဖြစ်သည့်အတွက် အရေးယူမည်ဖြစ်ကြောင်း၊ ခွင့်ပြုချက်မရဘဲ ဖွင့်ထားသည်ကို မသိကျိုးကျွန်ပြုသည့် သက်ဆိုင်ရာ တာဝန်ရှိသူများကိုလည်း ပြောထားပါကြောင်း၊ ဖော်ထုတ်ပြီး မိမိတို့ အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။



မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူ ရှင်းလင်းပြောကြားစဉ်။

**စားပွဲဝိုင်းဆွေးနွေးပွဲသို့ လာရောက်ရန်**

ရခိုင်ပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားနေမှု၊ တိုက်ပွဲများရပ်တန့်ရန် အစီအစဉ်ရှိ မရှိ၊ ရခိုင်ပြည်နယ်တွင် ဖြတ်တောက်ထားသည့် အင်တာနက်လိုင်းများ ပြန်လည်ဖွင့်ပေးရန် အစီအစဉ်ရှိ မရှိ၊ အစိုးရ၊ တပ်မတော်၊ AA အဖွဲ့တို့အကြား ညှိနှိုင်းဆွေးနွေးရန် အစီအစဉ်ရှိ မရှိ မေးခွန်းများနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဋ္ဌေးက နံပါတ်တစ် တိုက်ပွဲများ ရပ်တန့်နိုင်ရန်အတွက် စားပွဲဝိုင်းဆွေးနွေးပွဲသို့ လာရောက်ရန် လိုအပ်ပါကြောင်း၊ ထို့အတွက် NRPC နှင့် ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် မြောက်ပိုင်းအဖွဲ့လေးဖွဲ့နှင့် Bilateral Ceasefire လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူကြမ်းပေးထားပြီးဖြစ်ပါကြောင်း၊ Bilateral Ceasefire Agreement ရရှိပါက တိုက်ပွဲများရပ်ဆိုင်းသွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ဒေသတွင် တိုက်ပွဲများမဖြစ်ပွားရန် စားပွဲဝိုင်းဆွေးနွေးပွဲသို့ လာရောက်ရန် အရေးကြီးပါကြောင်း၊ ဆွေးနွေးပွဲ မလာပါက အောက်ခြေတွင် တိုက်ပွဲများဖြင့် ရှည်ကြာနေမည်ဖြစ်ပါကြောင်း။

**ယာယီပိတ်ထားခြင်းသာဖြစ်**

ရခိုင်ပြည်နယ်တွင် အင်တာနက်လိုင်း ပြတ်တောက်မှုမှာ ယာယီပိတ်ထားခြင်းဖြစ်ပါကြောင်း၊ ရက်အကန့်အသတ် သတ်မှတ်ထားခြင်းမရှိသေးပါကြောင်း၊ ထိုအပေါ်တွင်လည်း စဉ်းစားသုံးသပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် သတ်မှတ်ချိန်ကို အတိအကျပြောကြား၍ မရပါကြောင်း၊ သို့သော် ယာယီပိတ်ထားခြင်းသာဖြစ်ပါကြောင်း။

**စစ်တိုင်းကြီး ငါးတိုင်း အပစ်ရပ်မည်**

တပ်မတော်မှ ကြေညာချက်ထုတ်ပြန်ထားသည့် စစ်တိုင်းကြီး ငါးတိုင်းတွင် ကြေညာထားသည့်အတိုင်း အပစ်အခတ် ရပ်စဲသွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် မပါဝင်ခြင်းနှင့် ပတ်သက်၍ တပ်မတော်ဘက်မှ ပြောကြားထားပြီးဖြစ်၍ မိမိအနေဖြင့် ပြောကြားရန်မလိုပါကြောင်း၊ အစိုးရ၊ တပ်မတော်နှင့် AA အဖွဲ့တို့ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။



လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ရူပါမြ ရှင်းလင်းပြောကြားစဉ်။

**ဥပဒေနှင့်အညီဆောင်ရွက်ရန်**

ထို့နောက် ရခိုင်ပြည်နယ်ရှိ ပဋိပက္ခဖြစ်ပွားမှုများတွင် အရပ်သားထိခိုက်မှုများကို အစိုးရမှဆောင်ရွက်ပေးသွားမည့် အခြေအနေကို သိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဋ္ဌေးက အဓိကမှာ ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲများနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရန်နှင့် တိုက်ပွဲများဖြစ်ပေါ်ပါက လူသေဆုံးမှုသည် သာမန်အားဖြင့် ဖြစ်လေ့ဖြစ်ထရှိပါကြောင်း၊ အလားတူသောဖြစ်စဉ်မျိုးများ အခြားပြည်နယ်များတွင်လည်း ရှိခဲ့ပါကြောင်း၊ အထူးသဖြင့် နံပါတ်တစ်မှာ ဥပဒေနှင့်အညီဖြစ်ရမည်။ နံပါတ်နှစ်မှာ Human Right Violation လူ့အခွင့်အရေး ချိုးဖောက်မှုများ မရှိရန်နှင့် နံပါတ်သုံးမှာ ပြစ်တင်ဝေဖန်မှုများ ရှိနိုင်ပါကြောင်း၊ နှစ်ဖက်စလုံးတွင် စွဲချက်များရှိလာနိုင်သည့်အတွက် သတိထားပြီးလုပ်ရန် အစောကြီးကတည်းက ပြောထားပါကြောင်း၊ တိုက်ပွဲများဖြစ်လာလျှင်လည်း ဥပဒေနှင့် ညီ မညီ ဆိုသည်ကိုသာ ရပ်တည်မည်ဖြစ်ကြောင်း ဖြေကြားသည်။

**မှတ်ချက်ပေးရန်မရှိ**

ဆက်လက်၍ အဂတိနှင့်ငြိစွန်း၍ တိုင်ကြားခံရသည့် ပြည်ထောင်စုဝန်ကြီးများ ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဋ္ဌေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အပိုင်းက ဖြေရမည်ဖြစ်ပါကြောင်း၊ အချို့ကိစ္စများသည် မိမိတို့အစိုးရပိုင်းက လုပ်သည်များရှိပါကြောင်း၊ အချိန်တန်လျှင် ရှင်းပြမည်ဖြစ်ကြောင်း၊ အသိပေးမည်ဖြစ်ပါကြောင်း၊ လောလောဆယ် တစ်စုံတစ်ရာ မှတ်ချက်ပေးရန် မရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**မူကြိုကျောင်းတက်ခွင့် အခွင့်အလမ်း**

ယင်းနောက် မူကြိုကျောင်းများ တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းရာ ဦးဇော်ဋ္ဌေးက အဓိကမှာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘတ်ဂျက်ရရှိမှုအပေါ်မူတည်ပြီး မူကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးရန် ဆောင်ရွက်နေပါကြောင်း၊ တစ်ဖက်တွင်လည်း ကလေးသူငယ်များအတွက် ကျောင်းများ ဖွင့်လှစ်ပေးထားခြင်းသည် ကလေးများအတွက် မူကြိုကျောင်းတက်ခွင့် အခွင့်အလမ်းရရှိရန်ဖြစ်ကြောင်း။

**ထိန်းထိန်းသိမ်းသိမ်း ပြုလုပ်ကြစေလို**

ဆက်လက်၍ နေပြည်တော်တွင် တရားမဝင်မူကြိုကျောင်း ဖွင့်ခွင့်ရနေခြင်းကို အမှုအခင်းဖြစ်မှ သိရှိရမှု၊ အမှုကိုင်တွယ်နေသည့် အခြေအနေတွင် ရဲတပ်ဖွဲ့ လုပ်ဆောင်နေမှုအခြေအနေ၊ တရားရုံးတွင် စစ်ဆေးထွက်ပေါ်လာမည့် အခြေအနေတို့နှင့် ပတ်သက်သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ဦးဇော်ဋ္ဌေးက နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်မှာကြားချက်ကို အသေးစိတ်ပြောထားပြီးဖြစ်ကြောင်း၊ အဓိကမှာ ပြစ်မှုတစ်ခုဖြစ်လာပါက မှန်မှန်ကန်ကန် ဖော်ထုတ်နိုင်ရန် အရေးကြီးပါကြောင်း၊ ထိုဖော်ထုတ်ချက်များမှာလည်း တရားရုံးသို့ ရောက်ရှိပြီးဖြစ်ပါကြောင်း၊ အပြစ်ရှိ မရှိကို တရားရုံးက ဆုံးဖြတ်မည်ဖြစ်ပါကြောင်း၊ ၎င်းသည် တရားရုံးအပိုင်းဖြစ်ပါကြောင်း၊ တရားရုံးကစီရင်ချက် ပြစ်ဒဏ်ချမှတ်ခြင်း မပြုမချင်း သံသယရှိသူများသာဖြစ်သည့်အတွက် သံသယရှိသူဟုသာ သုံးနှုန်းပါကြောင်း၊ အထူးသဖြင့် လူမှုကွန်ရက်တွင် ဖြစ်ပေါ်နေသည့် ကလေးသူငယ်ကိစ္စနှင့်ပတ်သက်ပြီး ထိန်းထိန်းသိမ်းသိမ်း ပြုလုပ်ကြစေလိုကြောင်း၊ ကလေးသူငယ်များ စိတ်ဒဏ်ရာရပြီး အနာဂတ်တွင် များစွာအကျိုးသက်ရောက်မှုများ ရှိလာနိုင်သည့် လုပ်ဆောင်ချက်များမလုပ်ရန် ပြောကြားလိုပါကြောင်း ဖြေကြားသည်။

**စိုးရိမ်ချက်သည် လုံးဝမဟုတ်**

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဋ္ဌေးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ဆန္ဒပြမှုပေါင်း ၂၀ ကျော် ဖြစ်နေပြီဖြစ်ပါကြောင်း၊ ဆန္ဒပြနေသူများကိုလည်း ပွင့်ပွင့်လင်းလင်းပြောချင်ပါကြောင်း၊ တချို့သော အဖွဲ့အစည်းများကလည်း Statement များထုတ်ထားပါကြောင်း၊ ဆိုလိုသည်မှာ ဥပဒေပါ အကြောင်းအရာနှင့် ၎င်းတို့ပြောဆိုထားသည်များမှာ လွဲနေပါကြောင်း၊ ပြည်သူလူထုက ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်များပေးရန် တောင်းခံသည့်စာကို သတင်းစာများတွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ အကြံဉာဏ်ပေးရန်အတွက် ရေးဆွဲထားသည့် ပြဋ္ဌာန်းချက်များသည် ဥပဒေကြမ်းအဆင့် ရောက်လာသည့် အချိန်တွင် ထိုသို့မဟုတ်တော့ပါကြောင်း၊ ဥပမာ- စိတ်ပူနေကြသည့် နိုင်ငံသားဖြစ်မှုကိစ္စဆိုလျှင် တည်ဆဲဥပဒေတွင် မပါဟုပြောပါကြောင်း၊ သို့သော် တည်ဆဲဥပဒေတွင်ပါရှိပါကြောင်း၊ အထူးသဖြင့် လူအများ စိုးရိမ်နေသည့် ကလေးများ မွေးစာရင်းပေးလိုက်သည့် ကိစ္စနှင့် မွေးစားလိုက်သည့်ကိစ္စ အလိုအလျောက် နိုင်ငံသားများ ဖြစ်လာမည်ဆိုသည့် စိုးရိမ်ချက်သည် လုံးဝမဟုတ်ဆိုသည်ကို ပြောချင်ပါကြောင်း။

**လုံးဝသတိထားပြီး ဆောင်ရွက်နေ**

မွေးစားခြင်းနှင့် နိုင်ငံသားဖြစ်ခြင်းကို ရှင်းလင်းအောင်လေ့လာရန် အဖွဲ့အစည်းများကိုလည်း ပြောချင်ပါကြောင်း၊ ကျန်သည့် ပြည်သူလူထုကလည်း မွေးစားခြင်းနှင့် နိုင်ငံသားဖြစ်ခြင်းအပေါ် စိတ်ပူရန်မလိုကြောင်း၊ အစိုးရက တော်တော်လေး လေ့လာသုံးသပ်ထားပါကြောင်း၊ အထူးသဖြင့် အများပြည်သူ စိုးရိမ်သည့်အတိုင်း နိုင်ငံတော်အကြီးအကဲများ အနေဖြင့်လည်း စိုးရိမ်ပါကြောင်း၊ အထူးသဖြင့် နိုင်ငံသားဖြစ်ခွင့်ကိစ္စအပေါ်တွင် မိမိတို့ လုံးဝသတိထားပြီး ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

> “မွေးစားခြင်းနှင့် နိုင်ငံသားဖြစ်ခြင်းကို ရှင်းလင်းအောင်လေ့လာရန် အဖွဲ့အစည်းများကိုလည်း ပြောချင်ပါကြောင်း၊ ကျန်သည့် ပြည်သူလူထုကလည်း မွေးစားခြင်းနှင့် နိုင်ငံသားဖြစ်ခြင်းအပေါ် စိတ်ပူရန်မလိုကြောင်း၊ အစိုးရက တော်တော်လေး လေ့လာသုံးသပ်ထားပါကြောင်း၊ အထူးသဖြင့် အများပြည်သူ စိုးရိမ်သည့်အတိုင်း နိုင်ငံတော်အကြီးအကဲများ အနေဖြင့်လည်း စိုးရိမ်”






ဇူလိုင် ၅ ရက်က ခရမ်းမြို့နယ် အုန်းပင်ကျေးရွာ အ.မ.ကကျောင်းတွင် ကျောင်းသား ကျောင်းသူလေးများနှင့် ကျောင်းသားမိဘများအား သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအတွက် ကြိုတင်ကာကွယ်ရမည့်အချက်များ၊ ပြစ်မှု ပြစ်ဒဏ်နှင့် မှုခင်းဖြစ်ပွားမှုများ ကျဆင်းရေးအတွက် ရေကျော်ရဲကင်းစခန်းမှူး ဒုတိယရဲအုပ် သန်းဝင်းနိုင်က ဟောပြောစဉ်။

ကိုကြီးတင်

# တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ်တို့ပူးပေါင်းကာ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီမှ စတင်ပြီး ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)တွင် ကျင်းပသည်။

အမျိုးသားသုံးယောက်တွဲ တတိယလုပွဲတွင် မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂း၁၊ ဗိုလ်လုပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂း၀ ဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ အမျိုးသမီးသုံးယောက်တွဲ တတိယလုပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂း၀၊ ဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂း၁ ဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော မကွေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ကရင်ပြည်နယ်၊ တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက လည်းကောင်း။

အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ကချင်ပြည်နယ်၊ တတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက လည်းကောင်း။

အမျိုးသမီးသုံးယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ကရင်ပြည်နယ်၊ တတိယဆုရရှိသော မကွေးတိုင်းဒေသကြီးအသင်းအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း။

အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တတိယဆုရရှိသော မွန်ပြည်နယ်အသင်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြသန်းထိုက်က လည်းကောင်း ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ရွှေသုံးခုနှင့် အမျိုးသားတံခွန်စိုက်ဒိုင်း ဆုရရှိသော



ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ရွှေသုံးခုနှင့် စုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား ဆုချီးမြှင့်စဉ်။

မန္တလေးတိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ ရွှေတစ်ခု၊ ငွေတစ်ခုနှင့် အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရွှေသုံးခုနှင့် စုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က လည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ |
| ၂ | နိုဝင်ဘာ | ၆၃၅၂၉ | ၂၁၈၂၈ | ၈၅၃၅၇ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ |
| ၃ | ဒီဇင်ဘာ | ၆၃၅၂၂ | ၁၉၆၁၉ | ၈၃၁၄၁ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ |
| ၄ | ဇန်နဝါရီ | ၆၁၁၂၃ | ၂၀၄၈၅ | ၈၁၆၀၈ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ |
| ၅ | ဖေဖော်ဝါရီ | ၅၇၄၅၀ | ၁၈၅၈၁ | ၇၆၀၃၁ | ၁၀၀၁၄၅ | ၂၃၉၄၉ | ၁၂၄၀၉၄ |
| ၆ | မတ် | ၅၁၄၆၁ | ၂၅၆၅၀ | ၇၇၁၁၁ | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ |
| ၇ | ဧပြီ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ | ၇၁၁၄၈ | ၂၂၈၄၈ | ၉၃၉၉၆ |
| ၈ | မေ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ | ၆၇၄၁၀ | ၂၂၁၂၃ | ၈၉၅၃၃ |
| ၉ | ဇွန် | ၂၈၈၄၄ | ၁၈၆၃၆ | ၄၇၄၈၀ | ၆၅၈၇၉ | ၂၁၇၁၄ | ၈၇၅၉၃ |
| | စုစုပေါင်း | ၄၃၂၉၁၆ | ၁၈၇၈၆၉ | ၆၂၀၇၈၅ | ၇၀၆၂၅၈ | ၁၉၅၀၄၁ | ၉၀၁၂၉၉ |

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၈ ခုနှစ်၊ ဇွန်လ | | ၂၀၁၉ ခုနှစ်၊ ဇွန်လ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၂၂၆၃၄ | ၁၄၉၃၅ | ၃၆၀၁၁ | ၁၄၇၆၅ | |
| ၂ | မန္တလေးလေဆိပ် | ၃၅၁၉ | ၂၇၀၃ | ၂၄၃၀၄ | ၃၇၀၅ | |
| ၃ | နေပြည်တော်လေဆိပ် | ၁၆၈၂ | ၄၃၆ | ၁၈၈ | ၃၅၃ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၂၆၇ | ၆၂ | ၄၁၅၃ | ၁၇၃ | |
| ၆ | မြဝတီ | ၆၂၇ | ၄၀၀ | ၉၄၈ | ၂၆၃၈ | |
| ၇ | ကော့သောင်း | ၅၇ | ၆၅ | ၅၂ | ၅၆ | |
| ၈ | ထီးခီး | ၂၉ | ၃၃ | ၂၂ | ၅ | |
| ၉ | တမူး | ၂၉ | ၂ | ၁၉၅ | ၁၈ | |
| ၁၀ | ရိခေါ်ဒါ | ၀ | ၀ | ၆ | ၁ | |
| | စုစုပေါင်း | ၂၈၈၄၄ | ၁၈၆၃၆ | ၆၅၈၇၉ | ၂၁၇၁၄ | |

❑ *ကျောဖုံးမှ*

ကွန်ကာကက်ဖ်ပြိုင်ပွဲကြီးကို ၁၉၆၃ ခုနှစ်တွင် ကျင်းပခဲ့ပြီး ၅၆ နှစ်တိုင်ပြီဖြစ်ရာ မက္ကဆီကိုသည် ဖလား ခုနှစ်ကြိမ်ရရှိထားသည့် အအောင်မြင်ဆုံးအသင်းဖြစ်ပြီး အမေရိကန်သည် ဖလားခြောက်ကြိမ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

**မက္ကဆီကိုနှင့် လက်ရှိချန်ပီယံ အမေရိကန်တို့ ယှဉ်ပြိုင်ကြမည်**

သုံးနှစ်တစ်ကြိမ် ယှဉ်ပြိုင်ခဲ့သည့် ကွန်ကာကက်ဖ်ရွှေဖလား ဗိုလ်လုပွဲကို ဇူလိုင် ၈ရက် (တနင်္လာနေ့) နံနက် ၇နာရီခွဲတွင် ချီကာဂိုမြို့ ဆိုလ်ဒီယာဖီးလ်ကွင်းကြီး၌ မက္ကဆီကိုနှင့် လက်ရှိချန်ပီယံ အမေရိကန်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယခုနှစ် ကွန်ကာကက်ဖ်ပြိုင်ပွဲတွင် သွင်းဂိုး ခြောက်ဂိုးဖြင့် ကနေဒါကစားသမား ဂျွန်နသန်ဒေးဗစ်က ဦးဆောင်နေပြီး ကနေဒါကစားသမား လူးကပ်စ်ကာဗယ်လ်လီနီနှင့် မက္ကဆီကိုကစားသမား ရာအူးဂျီမီနက်ဇ်တို့က ငါးဂိုးစီသွင်းယူထားသည်။

**သီဟ**

## အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် မြန်မာအသင်း စင်ကာပူနှင့် အဖွင့်ပွဲကစားရမည်

**ရန်ကုန် ဇူလိုင် ၅**


ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၅ အသင်းသည် အဖွင့်ပွဲအဖြစ် စင်ကာပူအသင်းနှင့် ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင် ၁၂ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တီမော၊ စင်ကာပူ၊ ဖိလစ်ပိုင်တို့နှင့် ကျရောက်နေသည်။ အုပ်စု (ခ)တွင်မူ ထိုင်း၊ မလေးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းနှင့် သြစတြေးလျအသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများကို တစ်ရက်ခြားတစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၂၇ ရက်တွင် စင်ကာပူအသင်း၊ ဇူလိုင် ၂၉ ရက်တွင် တီမောအသင်း၊ ဇူလိုင် ၃၁ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဩဂုတ် ၂ ရက်တွင် ဗီယက်နမ်အသင်း၊ ဩဂုတ် ၄ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲများကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၅ ရက်၊ ဆီမီးဖိုင်နယ်ကို ဩဂုတ် ၇ ရက်၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ဩဂုတ် ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ပြည်သူတို့၏ စုဆောင်းငွေ


(ကျပ်သန်းပေါင်း)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

## ငွေကြေးပမာဏ

(ကျပ်သန်းပေါင်း)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# အမြန်လမ်း၌ ကရိန်းဖြင့်ဆွဲလာသောယာဉ်အား နောက်မှဝင်တိုက်မိသဖြင့် ယာဉ်မောင်းတစ်ဦးသေဆုံးကာ ယာဉ်ပေါ်ပါသူ နှစ်ဦး ဒဏ်ရာရ



ယာဉ်တိုက်မှုဖြစ်သည့် ယာဉ်ပေါ်မှ ထိခိုက်ဒဏ်ရာရရှိသူများအား ဝိုင်းဝန်းကူညီကယ်ဆယ်ကြစဉ်။

**ကျောက်တံခါး ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင်အမှတ် ၈၈/၇ နှင့် ၈၉/၀ အကြား၌ ဇူလိုင် ၄ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က ကရိန်းယာဉ်ဖြင့် ဆွဲလာသော ခရီးသည်တင်ယာဉ်၏ နောက်ပိုင်းအား ဒိုင်နာယာဉ်က တိုက်မိသဖြင့် တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာများရရှိကြောင်း သိရသည်။

နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ သာကေတမြို့နယ် ရန်ပြေ(၈) လမ်းနေသူ ယာဉ်မောင်း ဦးကျော်တင့်(၅၁နှစ်)သည် YGN-2M/---- ကရိန်းယာဉ်ဖြင့် ခရီးသည်တင်ယာဉ်အား ဆွဲယူလာစဉ် လားရာတူနောက်မှ ကလေးမြို့ မျောက်ချောတောကျေးရွာနေသူ ယာဉ်မောင်း ထောင်သင်ထန်(၅၇နှစ်) မောင်းနှင်လာသည့် YGN-2H/---- ဒိုင်နာယာဉ်က ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဒိုင်နာယာဉ်မောင်း ထောင်သင်ထန်တွင် ဒဏ်ရာများ(စိုးရိမ်ရ)ရရှိပြီး ယာဉ်ပေါ်ပါသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိသဖြင့် မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ယာဉ်မောင်းမှာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကျောက်တံခါးမြို့နယ် မြို့ချောင်း အမြန်လမ်းရဲစခန်းက ယာဉ်မောင်း ထောင်သင်ထန်ကို အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## မြန်မာ့ရုပ်မြင်သံကြား

၆-၇-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၃)**
- ၁၀း၃၀ - ငလျင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ရုပ်သံ၊ ဇာတ်လမ်းများမှ အသိပေးပုံ)
- ၁၀း၃၅ - လုံမှတ်စု(၉၄)
- ၁၁း၀၀ - “ သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သည့်သိကောင်းစရာ ဆွေးနွေးချက်များ ”
- ၁၂း၃၅ - “အာဇာနေယျ-အာဇာနည်” (ဦးသန်းလွင်နှင့် ကလေးများ)
- ၁၃း၃၀ - " MRTV နှင့် NHK World Japan ချစ်ကြည်ရေး (၅)နှစ်မြောက် အထိမ်းအမှတ် (သဘာဝဘေးကာကွယ်ရေး)
- ၁၄း၀၅ - တန်ဖိုးရှိလုလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

**ညပိုင်း**

- ၁၅း၁၅ - " MPT Myanmar National League2019 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် " (Yangon United FC Vs Yadanabon United FC)
- ၁၇း၅၅ - လူညွန့်တုံးစေသောအရာ
- ၁၉း၁၅ - **လွတ်လပ်ရေးဖခင်ကြီး၏မမေ့နိုင်သောမိန့်ခွန်းများ (၄)**
- ၁၉း၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၁၁၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၂၀း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သော မိန့်ခွန်းများ(၁)**
  - မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ (ကာတွန်း)
  - ဂီတသမား၊ ဂီတစကား “ နာမည်လိမ် သီချင်း(၂)ပုဒ် ” (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
  - “သက်တံရောင်အားမာန်သစ်”

# မြဝတီနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၅**

မူးယစ်တပ်ဖွဲ့စု(၃၂)မြဝတီမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီခွဲက မြဝတီမြို့ အမှတ်(၅)ရပ်ကွက်နေ အောင်စိုးခိုင်(ခ)ကတုံး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရဲထွန်း(ခ)အဖိုးကြီးအား တွေ့ရှိရပြီး အောင်စိုးခိုင်(ခ)ကတုံးထံမှ စိတ်ကြွရူးသွပ်ဆေးပြား (အကြေမှုန့်) ၂ ဒသမ ၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇ ပြားတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အမှတ်(၅)ရပ်ကွက် ဆင်းရွှေလီ(၃)လမ်းနေ ဟိန်းဝင်းလတ်(ခ)မော်စကို၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၂ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၄၀)ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၀)ရပ်ကွက် ဒူးယား(၃)လမ်းနေ လင်းထက်အောင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ဇနီးဖြစ်သူ မသစ်ဆန်းလင်းနှင့်အတူ အောင်စိုးထွေး၊ မောင်လားရင့်ငှက်သာ၊ အာကာမင်းတို့ကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ နှင့် အိုက်စ် ၀ ဒသမ ၁ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ကာ ကွင်းဆက်အရ အမှတ်(၅၁) ရပ်ကွက် ဇေယျာသိဒ္ဓိလမ်းနေ မချိုချိုမာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၇ ပြား၊ အိုက်စ် ၅၅ ဂရမ်နှင့် ဆေးခြောက် ၂၆ ဒသမ ၁၂၈ ဂရမ်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မသစ်ဆန်းလင်း၊ အောင်စိုးထွေး ၊ မောင်လားရင့်ငှက်သာ ၊ အာကာမင်း၊ မချိုချိုမာတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

# ဆီဆိုင်မြို့နယ်တွင် ကျွဲ၊ နွားရောဂါဖြစ်ပွားမှုကြောင့် ကျွဲကိုးကောင်၊ နွားငါးကောင်သေဆုံး

**ဆီဆိုင် ဇူလိုင် ၅**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု ကောင်ဝါးတောင်ကျေးရွာ၌ ဇူလိုင် ၅ ရက်က ကျွဲကိုးကောင်၊ နွားငါးကောင် သေဆုံးပြီး တချို့ ကျွဲ၊ နွားရောဂါဖြစ်ပွားလျက်ရှိကြောင်း လွယ်ပွတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

“ဘာရောဂါလဲတော့ မသိဘူး။ အစာမစားဘူး။ ဗိုက်ဖောင်းတယ်။ ပါးစပ်အမြှုပ်ထွက်တယ်။ အသက်ရှူကျပ်တယ်။ ရွာကဆရာနဲ့ ဆေးကုတယ်။ ဆေးထိုးပြီး တစ်နာရီလောက်ကြာတော့ သက်သာလာပေမယ့် တစ်ရက် နှစ်ရက်လောက်နေပြီး ပြန်ဖြစ်တယ်။ တချို့ ကျွဲ၊ နွားကတော့ ရောဂါပြင်းထန်ပြီး သေဆုံးသွားသလို ပြန်ကောင်းတဲ့ ကျွဲ၊ နွားတွေလည်း ရှိတယ်။ ဒီနေ့ထိကတော့ ကျွဲ ကိုးကောင်၊ နွားငါးကောင် သေသွားပြီ” ဟု ၎င်းကပြောသည်။

သေဆုံးသွားသည့် ကျွဲ၊ နွားများ၏ ပိုင်ရှင်တချို့က ရောဂါကူးစက်မည်ကို စိုးရိမ်သောကြောင့် ရွာအပြင်ဘက်တွင် သေသေချာချာမြှုပ်ခဲ့သော်လည်း ရွာသားအချို့က ခိုး၍ တူးဖော်ပြီး အသားဖော်စားသူများလည်းရှိကြောင်း သိရသည်။

ယခု ကျွဲ၊ နွားရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ထားကြောင်း ဦးခင်မောင်က ပြောသည်။

အဆိုပါ ကောင်ဝါးတောင်ကျေးရွာတွင် အိမ်ခြေ ၁၈၀ ခန့်၊ လူဦးရေ ၉၀၀ ခန့်ရှိပြီး ကျွဲ၊ နွားကောင်ရေ ၃၀၀ ခန့်ရှိသည်။ ယခုအချိန်တွင် ကျွဲတစ်ကောင်လျှင် ဒေသပေါက်ဈေး ကျပ် လေးသိန်းမှ ကျပ်သိန်း ၂၀ အထိရှိပြီး နွားတစ်ကောင်လျှင် သုံးသိန်းမှ ၁၅ သိန်းခန့်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၅**

မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ကျီးကျွန်းရဲကင်းစခန်းမှ ရဲအုပ် မြတ်ဇော်ဦး ဦးစီးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၄ ရက် နံနက်ပိုင်းက ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေးရေယာဉ် အမှတ်(၀၀၄)ပါ နှစ်စင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Whykong BOP ကင်းစခန်းမှ Subedar MD, Mbdur Rajjak ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် စက်တပ်ရေယာဉ် နှစ်စင်း စုစုပေါင်း လေးစင်းတို့သည် နှစ်နိုင်ငံနယ်နိမိတ်အနီး ပြူးမချောင်းဝထိပ် နတ်မြစ်အလယ် ရေမိုင်အမှတ်(၁၅) မှ သဲချောင်း ချောင်းဝထိပ် ရေမိုင်အမှတ်(၁၈)အနီးအထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင် ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၄)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိတ္ထီလာ၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦး ဆိုင်ကယ်ဖြင့် တိုက်ခံရသဖြင့် ဒဏ်ရာရရှိ

**မိတ္ထီလာ ဇူလိုင် ၅**

မိတ္ထီလာမြို့ပညာရေးကောလိပ်ရှေ့မီးပွိုင့်တွင် ယာဉ်လမ်းရှင်းရေးတာဝန် ထမ်းဆောင်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦး ဇူလိုင် ၄ ရက် ည ၈ နာရီခွဲက ဆိုင်ကယ်ဖြင့် တိုက်ခံရသဖြင့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမပေါ်ရှိ ပညာရေးကောလိပ်ရှေ့မီးပွိုင့်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၉၆)မှ ဒုတပ်ကြပ် မြတ်မင်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်သား ပြည့်ဖြိုးဦးတို့သည် ယာဉ်လမ်းရှင်းရေး ဆောင်ရွက်နေစဉ် မိတ္ထီလာမြို့ဘက်မှ ကျောက်ပန်းတောင်းမြို့ဘက်သို့ ယာဉ်မောင်း ထင်လင်း(၂၅နှစ်) မိတ္ထီလာမြို့နေသူ မောင်းနှင်လာသော ဆိုင်ကယ်က ဒုတပ်ကြပ် မြတ်မင်းကို ဝင်ရောက်တိုက်မိ၍ ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ထင်လင်းကို မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တောင်ငူ တက္ကသိုလ်ကျောင်းသူများထံမှ ပိုက်ဆံအိတ်နှင့်ဖုန်းလုပြေးသူအား ဖမ်းဆီးရမိ

**တောင်ငူ ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁) လမ်းနှင့် ဦးပန်းဖြူလမ်းထောင့်တွင် ဇူလိုင် ၄ ရက် ည ၉ နာရီခန့်က တက္ကသိုလ်ကျောင်းသူသုံးဦးထံမှ ဖုန်းနှင့်ပိုက်ဆံအိတ်အား ဆိုင်ကယ်စီးနင်းလာသည့် လူငယ်တစ်ဦးက လုယူထွက်ပြေးသွားစဉ် ဆိုင်ကယ်တိမ်းမှောက်သွားသဖြင့် ဝိုင်းဝန်းဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန် သူ ဝေယံထွန်းအား မြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**သန်းလွင်**



မော်တော်ဆိုင်ကယ်နောက်တွင်
လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။
ထိုင်ခုံပါလျှင် တစ်ဦးထက် ပိုမတင်ရ။
ဆိုင်ကယ်စီးသူ၏ ရှေ့တွင် မည်သူမျှမတင်ရ။




ယာဉ်စည်းကမ်း၊
လမ်းစည်းကမ်းလိုက်နာခြင်း
လူသားအားလုံးအန္တရာယ်ကင်း။

# အမေရိကန် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားတွင် သမ္မတထရမ့်မိန့်ခွန်းပြော

**ဝါရှင်တန် ဇူလိုင် ၅**

လွန်ခဲ့သည့်ရာစုနှစ် တစ်ဝက်စာအတွင်းက အမေရိကန်သူရဲကောင်းများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ချီးကျူးဂုဏ်ပြုသည့်စကားကို အမေရိကန်သမ္မတ ထရမ့်က ကြာသပတေးနေ့က ဝါရှင်တန်မြို့တော်တွင် ကျင်းပသည့် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ထရမ့်က အမေရိကန်ပြည်ထောင်စု၏ ကြီးကျယ်ခမ်းနားမှုကို ပြောကြားခဲ့ပြီး ဝေဖန်သူများကမူ ထရမ့်သည် လွတ်လပ်ရေးနေ့အခမ်းအနားကို အပိုင်စီးသွားသည်ဟု စွပ်စွဲခဲ့ကြသည်။ အမေရိကန်များအတွက် မဖြစ်နိုင်ဘူးဆိုသည်မှာ မရှိပါဘူးဟူ၍လည်း ထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

စင်ပေါ်တွင် အလယ်မှနေရာယူကာ မိန့်ခွန်းပြောကြားခဲ့သည့်အတွက် ထရမ့်ကို ဆန့်ကျင်သူများက ဝေဖန်ခဲ့ကြသော်လည်း ထရမ့်၏ အမေရိကန်တပ်ဖွဲ့အား ချီးကျူးဂုဏ်ပြုစကားများကို ထောက်ခံသူများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသည်။

ပွဲကျင်းပစဉ် မိုးသဲသဲမဲမဲ ရွာသွန်းလျက်ရှိပြီး လေတပ်တပ်ဖွဲ့မှ မြင်တွေ့ရခဲ့သည့် B2 ဗုံးကြဲလေယာဉ်များပါ အခမ်းအနားတွင်ပါဝင်ခဲ့ကြသည်။ ထရမ့်က လကမ္ဘာသို့ လူထပ်လွှတ်မည့်အစီအစဉ် မကြာမီပြုလုပ်မည်ဖြစ်ကြောင်းနှင့် အင်္ဂါဂြိုဟ်ပေါ်တွင် အမေရိကန်အလံစိုက်ထူမည်ဟုလည်း ပြောကြားခဲ့သည်။

France 24



လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆင်နွှဲသည့် သံချပ်ကာယာဉ်တစ်စီးကို တွေ့ရစဉ်။

# ကယ်လီဖိုးနီးယားတွင် ငလျင်လှုပ်မှုကြောင့် လူပေါင်း ၂၀ ခန့် ဒဏ်ရာရ

**ကယ်လီဖိုးနီးယား ဇူလိုင် ၅**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် ကြာသပတေးနေ့က ပြင်းအား ၆.၄ မဂ္ဂနီကျူရှိ ငလျင်တစ်ခုလှုပ်ခဲ့ရာ လူပေါင်း ၂၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်သည် ဆယ်စုနှစ်နှစ်ခုကာလအတွင်း အပြင်းဆုံးငလျင်ဖြစ်ပြီး လော့စ်အိန်ဂျလိစ်မြို့မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာတွင် လှုပ်ခဲ့ခြင်းဖြစ်သည်။ ငလျင်ဗဟိုချက်မနှင့်အနီးတွင် မီးလောင်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဆေးရုံပေါ်မှ လူနာများကိုလည်း ကယ်ထုတ်ခဲ့ရကြောင်း သိရသည်။ ငလျင်ငယ်များ ဆက်လက်လှုပ်၍ ပြည်နယ်အတွင်း အရေးပေါ်အခြေအနေအဖြစ် ကြေညာထားပြီး ရဲများနှင့် မြို့တော်မှအရာရှိများသည် အပျက်အစီးစာရင်းများ ကောက်ယူလျက်ရှိသည်။

ငလျင်ဒဏ်ကြောင့် လော့စ်အိန်ဂျလိစ်မြို့အနီးတွင် ရေပိုက်လိုင်းများ ပေါက်ကုန်ခဲ့သည်။ သို့သော် လေကြောင်းပျံသန်းမှုများမှာ ထိခိုက်မှုမရှိကြောင်း အရာရှိတစ်ဦးကပြောသည်။ ၁၉၉၉ ခုနှစ်က ကယ်လီဖိုးနီးယားပြည်နယ်တွင် ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူ ငလျင်လှုပ်ခဲ့ဖူးရာ ယင်းနောက်ပိုင်းတွင် ယခုလှုပ်သည့် ငလျင်မှာပြင်းအား အများဆုံးဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ်တွင် လမ်းများ၊ အဆောက်အအုံများမှာ ပျက်စီးမှုများရှိသည်ဟု မီးသတ်ဌာနကပြောသည်။

အဆောက်အအုံများတွင် အက်ကြောင်းများပေါ်လာပြီး ရေပိုက်လိုင်းများ ကျိုးပျက်ကုန်ကာ လမ်းမထက်ပေါ်သို့ ကျောက်တုံးများ လျောဆင်းလာကြောင်း မီးသတ်ဌာနမှပြောသည်။ လော့စ်အိန်ဂျလိစ်မြို့တွင်လည်း ငလျင်ဒဏ်ကို ၁၀ စက္ကန့် ခံစားခဲ့ရကြောင်း အေအက်ဖ်ပီ သတင်းထောက်ကပြောသည်။

**အေအက်ဖ်ပီ**


ငလျင်ကြောင့် လမ်းပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။

# ကမ္ဘာ့ရေကူးပြိုင်ပွဲတွင် မြောက်ကိုရီးယား ပါဝင်ယှဉ်ပြိုင်ရန် တောင်ကိုရီးယား အာဏာရပါတီခေါင်းဆောင်က ဖိတ်ခေါ်

**ဆိုးလ် ဇူလိုင် ၅**

တောင်ကိုရီးယား အာဏာရပါတီဖြစ်သည့် ဒီမိုကရက်တစ်ပါတီသည် တောင်ကိုရီးယားတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ကမ္ဘာ့ရေကူးပြိုင်ပွဲတွင် မြောက်ကိုရီးယားမှ ပါဝင်ယှဉ်ပြိုင်လိုခြင်း ရှိ မရှိကို သောကြာနေ့က မေးမြန်းခဲ့သည်။ ကမ္ဘာ့ရေကူးပြိုင်ပွဲကို လာမည့်သီတင်းပတ်တွင် ကျင်းပသွားမည်ဖြစ်သည်။ ဒီမိုကရက်တစ်ပါတီမှ ဥက္ကဋ္ဌ လီဟဲချန်က မြောက်ကိုရီးယားကို ကမ္ဘာ့ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မေးမြန်းလိုကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ရေကူးပြိုင်ပွဲ၏ ဆောင်ပုဒ်မှာ ငြိမ်းချမ်းရေးဆီသို့ မောင်းနှင်မှုဟု သတ်မှတ်ထားပြီး အဆိုပါဆောင်ပုဒ်နှင့် ကိုက်ညီအောင် မြောက်ကိုရီးယားမှ အားကစားသမားများ စေလွှတ်ခြင်း ရှိ မရှိကို ယခုလိုမေးမြန်းလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်အတွက် FINA ကမ္ဘာ့ချန်ပီယံရှစ် ရေပေါ်ရေအောက် အားကစားပြိုင်ပွဲကို ဂွမ်ဂျူမြို့၌ ဇူလိုင် ၁၂ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ရေကူးပြိုင်ပွဲအတွက် မြောက်ကိုရီးယားမှ အားကစားသမားများ စေလွှတ်ရန် တောင်ကိုရီးယား၏ ဖိတ်ခေါ်မှုကို ယခုအချိန်အထိ ပြန်လည်အကြောင်းမကြားသေးသော်လည်း မြောက်ကိုရီးယားမှ အားကစားသမားများ ပါဝင်နိုင်ရေး မျှော်လင့်မှု မြင့်တက်လျက်ရှိသည်။

ဇွန် ၃၀ ရက်က ပန်မွန်ဂျုံကျေးရွာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းတို့ တွေ့ဆုံခဲ့ကြသည့်အတွက် ယခုလိုမျှော်လင့်ချက် မြင့်တက်နေခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ဆီးရီးယားသို့ ရေနံတင်ပို့သည်ဟု ယူဆရသည့် အီရန်သင်္ဘော ဟန့်တားခံရ

**ဒမတ်စကတ် ဇူလိုင် ၅**

ဗြိတိသျှပိုင် ပင်လယ်ရပ်ခြားနယ်မြေတစ်ခုဖြစ်သည့် ဂျီဘရော်လ်တာတွင် ဥရောပသမဂ္ဂ၏ ပိတ်ဆို့မှုများကို ချိုးဖောက်ပြီး ဆီးရီးယားသို့ ရေနံတင်ပို့သည်ဟု ယူဆရသည့် အီရန်ရေနံတင်သင်္ဘော Grace 1 ကို ဂျီဘရော်လ်တာမှ အာဏာပိုင်များက ကြားဝင်ဟန့်တားခဲ့ကြောင်း သိရသည်။

အဆိုပါသင်္ဘောအား ဟန့်တားလိုက်ကြောင်းကို ကြာသပတေးနေ့က ကြေညာခဲ့ပြီးနောက် အီရန်နိုင်ငံဘက်ကလည်း ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ဗြိတိန် သံအမတ်ကြီးကို ဆင့်ခေါ်ခဲ့သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးက ယခုလုပ်ရပ်မှာ အဖျက်လုပ်ငန်းပင်ဖြစ်ပြီး ဒေသတွင်း တင်းမာမှုများကို ပိုမိုဆိုးရွားလာစေသည်ဟု ပြောသည်။

ဆီးရီးယားသည် အီရန်မှရေနံကို တင်သွင်းသည့် နိုင်ငံအချို့မှ တစ်ခုဖြစ်ပြီး အမေရိကန်အစိုးရသည် မေလအတွင်းက ရေနံဝယ်ယူခွင့် သက်သာခွင့်ကို အဆုံးသတ်ခဲ့ပြီဖြစ်သည်။ အမေရိကန်က အီရန်ကို ပိတ်ဆို့မှု ပြုလုပ်ထားသော်လည်း အချို့သော နိုင်ငံများကို အီရန်မှ ရေနံဝယ်ယူရာတွင် ကင်းလွတ်ခွင့်ပေးခဲ့သည်။

အမေရိကန် ပြည်ထောင်စု အမျိုးသားလုံခြုံရေး အကြံပေးဖြစ်သူ ဂျွန်ဘော်တန်က အီရန်သင်္ဘော တားဆီးခံရသည်ကို ကြိုဆိုကြောင်းပြောကြားခဲ့သည်။ ဥရောပသမဂ္ဂမှ ပိတ်ဆို့မှုများကို ချိုးဖောက်ပြီး ဆီးရီးယားသို့ ရေနံပို့ဆောင်မည့် ရေနံတင်သင်္ဘော တားဆီးခံရခြင်းမှာ အထူးကောင်းမွန်သည့် သတင်းတစ်ပုဒ်ဟု တွစ်တာစာမျက်နှာတွင် ဂျွန်ဘော်တန်က ရေးသားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဗြိတိန်ပိုင်နယ်မြေ ဂျီဘရော်လ်တာ ရောက်ရှိနေသည့် ရေနံတင်သင်္ဘော **Grace 1** ကို တွေ့ရစဉ်။

# အမေရိကန်မှ နယ်နှင်ဒဏ်ပေးလိုက်သည့် ကမ္ဘောဒီးယား ၃၇ ဦး နေရပ်သို့ ပြန်လည်ရောက်ရှိ

**ဖနောင်ပင် ဇူလိုင် ၅**

အမေရိကန်မှ ပြည်နှင်ဒဏ်ပေးလိုက်သည့် ကမ္ဘောဒီးယားရွှေ့ပြောင်း နေထိုင်သူ ၃၇ဦးသည် ကြာသပတေးနေ့က ကမ္ဘောဒီးယားမြို့တော် ဖနောင်ပင်သို့ ပြန်လည်ရောက်ရှိလာကြောင်း အဆင့်မြင့်ရဲအရာရှိကြီး တစ်ဦးက သောကြာနေ့တွင် ပြောကြားခဲ့သည်။

အမျိုးသမီးများအပါအဝင် ကမ္ဘောဒီးယား ရွှေ့ပြောင်းနေထိုင်သူ ၃၇ ဦးသည် ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးက ဆင်ဟွာသို့ ပြောသည်။

နယ်နှင်ဒဏ်ပေးခံရသည့် ကမ္ဘောဒီးယားအများစုမှာ အမေရိကန်ပြည်ထောင်စုတွင် ရာဇဝတ်မှုကျူးလွန်ခဲ့ပြီး ကမ္ဘာဒီးယားသို့ ပြန်မပို့မီ ထောင်ဒဏ်ကျခံခဲ့သူများဖြစ်ကြောင်း၊ နယ်နှင်ဒဏ်ပေးခံရသည့် အခြားသောသူများမှာ အမေရိကန်ပြည်ထောင်စု၏ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ချိုးဖောက်၍ ပြည်နှယ်ဒဏ်ပေးခံရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယနေ့အချိန်ထိ ကမ္ဘောဒီးယား ၇၀၀ခန့်ကို အမေရိကန်ပြည်ထောင်စုမှ နယ်နှင်ဒဏ်ပေးထားကြောင်း၊ ၎င်းတို့ထဲမှ အချို့မှာ ကမ္ဘောဒီးယား စကားပင်မပြောတတ်ကြကြောင်း ၎င်းကပြောကြားသည်။ နေရပ်သို့ပြန်ပို့ခံရသည့် ကမ္ဘောဒီးယားများထဲမှ အချို့မှာ ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့် နေရပ်ပြန်ပို့ခံရခြင်းဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်အခွန်ဌာနမှ ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## ၂၀၁၉ခုနှစ် နှစ်ဝက် ကာလတွင် နိုင်ငံပေါင်း ၂၀မှ ဂျာနယ်လစ် ၃၈ ဦး အသတ်ခံရ

**ဂျနီဗာ ဇူလိုင် ၅**

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ နိုင်ငံပေါင်း ၂၀ မှ ဂျာနယ်လစ်ပေါင်း ၃၈ ဦး အသတ်ခံရကြောင်း ဂျနီဗာ အခြေစိုက် သတင်းစာဆရာများ ကိုယ်စားပြုလှုပ်ရှားမှု PEC က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၄၂ ရာခိုင်နှုန်း လျော့ကျလာကြောင်း၊ ယခုလိုလျော့ကျလာခြင်းမှာ ကောင်းမွန်သည့် တိုးတက်မှုတစ်ခုပင်ဖြစ်ကြောင်း ကိန်းဂဏန်း အချက်အလက်များက ဖော်ပြလျက်ရှိသည်။ အာဖဂန်နစ္စတန်နှင့် မက္ကဆီကိုမှ ဂျာနယ်လစ်များမှာ အသက်အန္တရာယ် အစိုးရိမ်ရဆုံး ဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။

အာဖဂန်နစ္စတန်မှ အကြမ်းဖက်သမားများနှင့် မက္ကဆီကိုမှ ရာဇဝတ်မှု အုပ်စုများကြောင့် မီဒီယာသမားများ အများဆုံး ဒုက္ခရောက်ရကြောင်းလည်း ဖော်ပြထားသည်။ တစ်ကမ္ဘာလုံးခြုံကြည့်လျှင် လက်တင်အမေရိကတွင် ဂျာနယ်လစ် ၁၅ ဦးအသတ်ခံရသည့်အတွက် လက်တင်အမေရိကမှာ ထိခိုက်မှု အများဆုံးဖြစ်ကြောင်း PEC အဖွဲ့က ပြောသည်။

ဂျာနယ်လစ်များ၏ ဘဝလုံခြုံစိတ်ချရစေရေးအတွက် အစိုးရ၊ အဖွဲ့အစည်းများ၊ ပြည်သူ့လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ကြရန်လည်း PEC အဖွဲ့က တောင်းဆိုထားသည်။

**ဆင်ဟွာ**

## ဗဟိုအမေရိက ဖွံ့ဖြိုးရေးအတွက် အီးယူမှ ယူရို ၇ သန်း အကူအညီပေးမည်

**မက္ကဆီကိုစီးတီး ဇူလိုင် ၅**

ဥရောပသမဂ္ဂ (အီးယူ)သည် တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုများကို တားဆီးနိုင်ရေး မက္ကဆီကို၏ အစီအစဉ်အတွက် ယူရို ၇ သန်း အကူအညီပေးသွားမည်ဟု မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

မက္ကဆီကို အစီအစဉ်ရေးဆွဲထားသည့် ဗဟိုအမေရိကတွင် ပြည့်စုံသည့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၌ အီးယူမှ စိတ်ဝင်စားလျက်ရှိသည်ဟု မက္ကဆီကိုနိုင်ငံဆိုင်ရာ အီးယူ ကိုယ်စားလှယ် ကူလပ်စ်ရူဒစ်ဟုဆာက ပြောသည်။

ယခုလို ငွေကြေးအကူအညီမှာ ကာလတို ကူညီခြင်းဖြစ်ကြောင်းလည်း သိရသည်။ မက္ကဆီကိုတောင်ပိုင်း၊ အယ်ဆယ်ဗေးဒါး၊ ဂွါတီမာလာနှင့် ဟွန်ဒူးရပ်စ်တို့တွင် ရင်းနှီးမြှုပ်နှံသွားရန် ရည်ရွယ်ထားပြီး ရွှေ့ပြောင်းနေထိုင်မှုကို ဖြစ်ပေါ်စေသည့် ဆင်းရဲမွဲတေမှုနှင့် လုံခြုံစိတ်ချရမှုမရှိခြင်းတို့ကို လျော့ပါးသွားစေရန် ရည်ရွယ်ထားသည်။

**ဆင်ဟွာ**

# အာဏာခွဲဝေဖို့ သဘောတူညီမှုရလိုက်တဲ့ ဆူဒန်ဆွေးနွေးပွဲ

*ကလျာမိုးမြင့်*

**ဆူဒန်နိုင်ငံအတွင်း ရွေးကောက်ပွဲတွေ ကျင်းပနိုင်ပြီဆိုတဲ့ အချိန်ရောက်တဲ့အထိ အုပ်ချုပ်ခွင့်အာဏာကို ဆူဒန်စစ်ဘက်အကြီးအကဲတွေက အတိုက်အခံမဟာမိတ်အဖွဲ့နဲ့အတူ ခွဲဝေဖို့ သဘောတူညီမှု ရလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။ နှစ်ဖက်စလုံးဟာ အမြင့်ဆုံးကောင်စီကို အနည်းဆုံးသုံးနှစ်ကြာတဲ့အထိ တစ်လှည့်စီထိန်းချုပ်သွားကြဖို့ သဘောတူလိုက်တာဖြစ်ပါတယ်။**




စစ်ဘက်အကြီးအကဲများနှင့် ဆန္ဒပြခေါင်းဆောင်များအကြား အာဏာခွဲဝေရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ဆူဒန်ပြည်သူများ လက်ခုပ်သြဘာပေးနေစဉ်။

**အစိုးရတစ်ရပ်ထူထောင်မယ်**

စစ်ဘက်အကြီးအကဲတွေနဲ့ အတိုက်အခံတွေဟာ လွတ်လပ်သောစက်မှုပညာရှင် အစိုးရတစ်ရပ် ဖွဲ့စည်းထူထောင်ဖို့နဲ့ မကြာသေးခင်ရက်သတ္တပတ်တွေအတွင်း ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုတွေကို စုံစမ်းစစ်ဆေးဖို့ကိုပါ အလေးအနက်ကတိပြုခဲ့ကြတယ်လို့ အာဖရိကသမဂ္ဂအဖွဲ့ကြီးက ပြောကြားပါတယ်။ သဘောတူညီမှုရရှိကြောင်း ပေါ်ထွက်လာတဲ့သတင်းတွေကြောင့် လမ်းတွေပေါ်မှာ အောင်ပွဲသံတွေ ခြိမ့်ခြိမ့်ညံခဲ့ပါတယ်။

ဆူဒန်နိုင်ငံမှာ ပြီးခဲ့တဲ့ဧပြီလအတွင်း စစ်အာဏာသိမ်းခေါင်းဆောင် အိုမာအလယ်ဘာရှာကို တပ်မတော်က ဖြုတ်ချလိုက်တဲ့အချိန်ကစပြီး နိုင်ငံတစ်ဝန်း ကသောင်းကနင်းအခြေအနေတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ၁၉၈၉ခုနှစ် ဇွန်လအတွင်း အာဏာသိမ်းခဲ့တဲ့ မစ္စတာဘာရှာကိုဆန့်ကျင်တဲ့ ဆန္ဒပြ ပုန်ကန်မှုတွေ ပေါ်ပေါက်လာပြီးနောက်မှာပဲ ဒီအခြေအနေတွေက ဆက်လိုက်လာခဲ့တာ ဖြစ်ပါတယ်။

**တောင်းဆို**

အစိုးရအပြောင်းအလဲ ကာလသုံးနှစ် သတ်မှတ်ကြောင်း ကြေညာချက်မထုတ်ခင် ရက်အနည်းငယ်အလိုမှာ များပြားလှတဲ့ လူအုပ်ကြီးဟာ လမ်းတွေပေါ် ချီတက်စုဝေးခဲ့ကြပြီး လက်ရှိနိုင်ငံကိုထိန်းချုပ်ထားတဲ့ စစ်ဘက်ကောင်စီက အရပ်သားဦးဆောင်တဲ့ အစိုးရအဖွဲ့ဆီ အာဏာလွှဲပြောင်းပေးဖို့ တစ်ခဲနက်တောင်းဆို ဆန္ဒပြခဲ့ကြပါတယ်။ ဆန္ဒပြမှုတွေ၊ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေအတွင်း ပြည်သူ ခုနစ်ဦး သေဆုံးခဲ့ရပြီဖြစ်ပြီး ဒဏ်ရာရရှိသူ ၁၈၁ ဦး ရှိခဲ့တယ်လို့ ဒေသမီဒီယာတွေမှာ ဖော်ပြပါတယ်။

**အတော်လေးညှိနှိုင်းခဲ့ရ**

ဆန္ဒပြပြည်သူတွေအပေါ် အင်အားသုံးဖိနှိပ်မှုတွေကြောင့် အရှင်လုပ်ဆောင်နေတဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ ရပ်ဆိုင်းသွားခဲ့ရပြီးနောက်မှာ ကြားဝင်စေ့စပ်ညှိနှိုင်းပေးတဲ့ အဖွဲ့အစည်းတွေရဲ့ ကျေးဇူးကြောင့် ဆွေးနွေးပွဲတွေကို အခုရက်ပိုင်းအတွင်း ပြန်လည်စတင်လာနိုင်ခဲ့ပါတယ်။ နောက်ဆုံးအကျော့ ဆွေးနွေးပွဲတွေကို အခုရက်သတ္တပတ် အစောပိုင်းက ဆူဒန်မြို့တော် ခါတွန်မှာ ကျင်းပခဲ့ပြီး အီသီယိုးပီးယား ဝန်ကြီးချုပ်နဲ့ အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက ကြားဝင်စေ့စပ်ညှိနှိုင်းမှုတွေ အတော်လေးကို ပြုလုပ်ခဲ့ရပါတယ်။

**ရလိုက်တဲ့သဘောတူညီမှု**

သုံးနှစ် သို့မဟုတ် သုံးနှစ်ထက်အနည်းငယ်ပိုကြာနိုင်တဲ့ အချိန်ကာလတစ်ခုအထိ စစ်ဘက်နဲ့ အရပ်ဘက် တစ်လှည့်စီဦးဆောင်အုပ်ချုပ်မယ့် အမြင့်ဆုံးကောင်စီတစ်ရပ်ကို ဖွဲ့စည်းထူထောင်ဖို့ နှစ်ဖက်ခေါင်းဆောင်တွေ သဘောတူလိုက်တာဖြစ်ကြောင်း အာဖရိကသမဂ္ဂအဖွဲ့ကြားဝင်စေ့စပ်ညှိနှိုင်းသူ မိုဟာမက် ဟာဆန်လီဘက်က ဇူလိုင် ၅ ရက် အစောပိုင်းမှာ သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

သတ်မှတ်ထားတဲ့ အပြောင်းအလဲကာလ ပြီးဆုံးတာနဲ့ ရွေးကောက်ပွဲတွေ ကျင်းပသွားမယ်၊ မကြာသေးခင် ရက်သတ္တပတ်တွေမှာ ကြုံခဲ့ရတဲ့ စိတ်မကောင်းစရာ အကြမ်းဖက်ဖြစ်ရပ်တွေ အားလုံးနဲ့ပတ်သက်ပြီးတော့လည်း ပိုမိုစေ့စပ်သေချာပြီးပွင့်လင်းမြင်သာမှုရှိတဲ့၊ အမျိုးသားရေးဆန်ပြီးလွတ်လပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်သွားဖို့ကို နှစ်ဖက်လုံးက သဘောတူလိုက်တယ်လို့ ၎င်းက ထပ်မံပြောကြားခဲ့ပါတယ်။

**ရွှေ့ဆိုင်းဖို့သဘောတူ**

ဒ့ါအပြင် စစ်ဘက်အကြီးအကဲတွေနဲ့ အတိုက်အခံဆန္ဒပြခေါင်းဆောင်တွေဟာ ဥပဒေပြုကောင်စီထူထောင်မယ့်ကိစ္စကို ရွှေ့ဆိုင်းဖို့လည်း သဘောတူညီချက်ရခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ ခေတ်သစ်တစ်ခုစတင်ခြင်းဖြစ်လာဖို့ ကျွန်ုပ်တို့ မျှော်လင့်တယ်လို့ အတိုက်အခံလွတ်လပ်ရေးနှင့် အပြောင်းအလဲဆိုင်ရာအင်အားစု (FFC) ရဲ့ ခေါင်းဆောင် အိုမာအယ်လ် ဒီဂေယာကသဘောတူညီချက် ထုတ်ပြန်ကြေညာခဲ့ပြီးနောက်မှာ ပြောကြားခဲ့ပါတယ်။

အပြောင်းအလဲဆိုင်ရာ စစ်ဘက်ကောင်စီ ဒုတိယအကြီးအကဲ ဂျန် မိုဟာမက် ဟမ်ဒန် ဒါဂါလိုက ဒီသဘောတူညီချက်ဟာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပြီးပြည့်စုံတဲ့ သဘောတူညီချက်တစ်ခုဖြစ်ပြီး ဘယ်သူ့ကိုမှ ချန်လှပ်ဖယ်ထုတ်ထားတာမရှိဘူးလို့ဆိုပါတယ်။ သဘောတူညီချက်တစ်ခု ဖြစ်မြောက်လာဖို့ စိတ်ရှည်လက်ရှည်နဲ့ ကြိုးပမ်းခဲ့ကြတဲ့ အာဖရိကနဲ့ အီသီယိုးပီးယားတို့မှ ကြားဝင်စေ့စပ်ညှိနှိုင်းသူတွေကို ၎င်းက ကျေးဇူးတင်နေပါတယ်။

**နောက်ခံအကြောင်းတရား**

ပြီးခဲ့တဲ့လအတွင်းက ဆန္ဒပြပြည်သူတွေကို ကိုယ်စားပြုတဲ့ တာဝန်ရှိသူတွေဟာ ဆူဒန်ကို ဘယ်သူက ထိန်းချုပ်မလဲဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး စစ်ဘက်အကြီးအကဲတွေနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒီအချိန်မှာပဲ ဇွန် ၃ ရက်က စစ်ဘက်ရဲ့ အင်အားသုံးနှိမ်နင်းမှုကြောင့် ဆန္ဒပြပြည်သူအများအပြား အသက်ဆုံးရှုံးခဲ့ရပြီး ညှိနှိုင်းဆွေးနွေးမှုတွေ ပျက်ပြယ်ကာအချည်းအနှီး ဖြစ်ခဲ့ပါတယ်။

**အပြောင်းအလဲကာလသုံးနှစ်**

ဒီလိုတွေဖြစ်လာချိန် တပ်မတော်က ၎င်းအနေနဲ့ အတိုက်အခံတွေနဲ့ သဘောတူညီမှုရအောင်လုပ်မယ့် အစီအစဉ်မှန်သမျှကို စွန့်လွှတ်လိုက်ပြီ။ ပြီးတော့ ရွေးကောက်ပွဲတွေကို ကိုးလအတွင်း ကျင်းပမယ်လို့ ဆိုခဲ့ပါတယ်။ ဒါပေမယ့် ဆန္ဒပြတောင်းဆိုတဲ့ လှုပ်ရှားမှုတွေကြောင့် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်လာစေရေး အာမခံပေးနိုင်ဖို့ လိုအပ်တဲ့ အပြောင်းအလဲကာလ သုံးနှစ် သတ်မှတ်ရေး သဘောတူညီမှုရရှိခဲ့တာ ဖြစ်ပါတယ်။

ဆွေးနွေးမှုတွေ ရပ်တန့်သွားချိန်မှာ အီသီယိုးပီးယားဝန်ကြီးချုပ် အဘီအာမက်ဟာ စစ်ဘက်နဲ့ အတိုက်အခံဆန္ဒပြ ပြည်သူတွေအကြား နောက်ထပ်သဘောတူညီချက်အသစ် တစ်ခုရဖို့ အရေး ကြိုးစားလိုတဲ့အတွက် ဆူဒန်ကိုလေယာဉ်နဲ့ ရောက်ရှိလာခဲ့တယ်။ ညှိနှိုင်းဆွေးနွေးတာတွေ လုပ်ပြီး ရက်အနည်းငယ်အကြာမှာတော့ ဝန်ကြီးချုပ်ရဲ့ အထူးသံတမန် မာမွတ်ဒါရာက ဆန္ဒပြခေါင်းဆောင်တွေဟာ နိုင်ငံတစ်ဝန်းကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေတဲ့ ဆန္ဒပြလှုပ်ရှားမှုတွေကိုရပ်ပြီး ညှိနှိုင်းရေးစားပွဲပေါ်လာထိုင်ဖို့ သဘောတူလိုက်ပြီဆိုတဲ့အကြောင်း ကြေညာလိုက်ပါတယ်။

**အကျဉ်းသားတွေလွှတ်ပေး**

အပြောင်းအလဲကာလအတွင်း ဆူဒန်ကိုအုပ်ချုပ်ဖို့ အမြင့်ဆုံးကောင်စီတစ်ရပ် ဖွဲ့စည်းရာမှာ စစ်ဘက်က ငါးနေရာနဲ့ အရပ်သားတွေအတွက် ခြောက်နေရာ ပါဝင်ဖွဲ့စည်းသွားမယ်လို့ ဆိုပါတယ်။ ဆန္ဒပြပြည်သူတွေရဲ့ အသက်တွေပေးဆပ်ခဲ့ရပြီးတဲ့နောက် ဘာပဲပြောပြော သဘောတူညီချက်တစ်ခုကိုတော့ ရလာခဲ့ပါပြီ။ အတိုက်အခံဘက်က ဆေးအဖွဲ့ရဲ့ဖော်ပြချက်အရ ဇွန်လအတွင်းက လူစုခွဲဖို့ ကြိုးပမ်းခဲ့မှုသုံးခုနဲ့ အကြမ်းဖက်ခဲ့မှုတွေအတွင်း လူ ၁၀၀ ကျော်လောက် သေဆုံးခဲ့ရတယ်လို့ ဆိုပါတယ်။

နှစ်ရက်တာဆွေးနွေးမှုရဲ့ ပထမနေ့မှာ ဆူဒန်မှာရှိတဲ့ ပဋိပက္ခဖြစ်ပွားနေတဲ့ ဒါဖာဒေသအတွင်းမှာ သူပုန်အဖွဲ့ခွဲတစ်ခုက တိုက်ခိုက်ရေးသမား ၂၃၅ ဦးကို လွှတ်ပေးရေးနဲ့ ပတ်သက်ပြီး အဓိကဆွေးနွေးခဲ့ကြပါတယ်။ အကျဉ်းသားတွေကို ဇူလိုင် ၄ရက်က လွှတ်ပေးလိုက်ပြီလို့လည်း သိရပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ဘီဘီစီ**

> **"သတ်မှတ်ထားတဲ့ အပြောင်းအလဲကာလ ပြီးဆုံးတာနဲ့ ရွေးကောက်ပွဲတွေ ကျင်းပသွားမယ်၊ မကြာသေးခင် ရက်သတ္တပတ်တွေမှာ ကြုံခဲ့ရတဲ့ စိတ်မကောင်းစရာ အကြမ်းဖက်ဖြစ်ရပ်တွေ အားလုံးနဲ့ပတ်သက်ပြီးတော့လည်း ပိုမိုစေ့စပ်သေချာပြီးပွင့်လင်းမြင်သာမှုရှိတဲ့၊ အမျိုးသားရေးဆန်ပြီး လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်သွားဖို့ကို နှစ်ဖက်လုံးက သဘောတူလိုက်တယ်လို့ ၎င်းကထပ်မံပြောကြား"**

# ငမြောင်တောင်ပိုးအား ကောင်းကင်ဆေးဖျန်းစက်ဒရုန်းဖြင့် စုပေါင်းဆေးဖျန်းခြင်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ကြည့်ရှုစစ်ဆေး

**နောင်ချို ဇူလိုင် ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ရွှေမုဋ္ဌောကျေးရွာအုပ်စု နောင်လင်းကျေးရွာတွင် တောင်သူများ စိုက်ပျိုးထားသော ပြောင်းဖူးခြံ၌ ယမန်နေ့က ငမြောင်တောင်ပိုးနှိမ်နင်းခြင်းကို ကောင်းကင်ဆေးဖျန်းစက်ဒရုန်းဖြင့် စုပေါင်းဆေးဖျန်းခြင်း ကျင်းပသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးကြိုင်က အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုနှင့် ပိုးကျရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြင်းကျားကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက ကောင်းကင်ဆေးဖျန်းစက်ဒရုန်းဖြင့် အစေ့ထုတ်ပြောင်းစိုက်ပျိုးသော တောင်သူများအား ဝန်ဆောင်မှုပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ငမြောင်တောင်သီးနှံဖျက်သော ပိုးအားကာကွယ်နှိမ်နင်းရေးအတွက် လိုအပ်သောသွင်းအားစုပစ္စည်းများ ကာကွယ်ထောက်ပံ့ခြင်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများကို ဆေးဖျန်းပုံး၊ ဝတ်စုံနှင့် ပိုးသတ်ဆေးများပေးအပ်ခဲ့ကြသည်။ ကုမ္ပဏီများမှ ပိုးသတ်ဆေးများ ပေးအပ်ကြရာ ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစစ်အောင်နှင့် တောင်သူများက လက်ခံယူကြကာ ကောင်းကင်ဆေးဖျန်းစက်ဒရုန်းဖြင့် အစေ့ထုတ်ပြောင်းပိုးသတ်ဆေးဖျန်းနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ကြည့်ရှုကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နောင်ချိုမြို့ ကံကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ရွှေလျားဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဝန်ဆောင်မှု၌ပြုလုပ်ပြီးသော မွေးဖွားမှုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုဇယား၊ လယ်ယာမြေပုံစံ(၇) များကို ဒေသခံပြည်သူများထံ ပေးအပ်ခဲ့ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ပြည်သူများက ဒေသတွင်လိုအပ်လျက်ရှိသော လျှပ်စစ်မီးလင်းရေး၊ လမ်းတံတားနှင့် ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ စသည့် လိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ဘတ်ဂျက်နှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် သစ်တောဦးစီးဌာနမှ သစ်ပင်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဒေသခံတောင်သူများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



ငမြောင်တောင်ပိုးကျရောက်သော ပြောင်းခင်း၌ ဒရုန်းဖြင့် ဆေးဖျန်းစဉ်။

# တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်ချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်

**ဟားခါး ဇူလိုင် ၅**

ချင်းပြည်နယ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မရှိသေးသဖြင့် စိုက်ပျိုးရေးစရိတ် ချေးငွေထုတ်ယူရန် လိုအပ်လျက်ရှိသည့် မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် ကန်ပက်လက်မြို့နယ်များရှိ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်ချိန်အမီ စိုက်ပျိုးစရိတ်ငွေရရှိစေရေး ပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ပွဲကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် ကန်ပက်လက်မြို့နယ်များတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မရှိသဖြင့် စိုက်ပျိုးစရိတ် လိုအပ်လျက်ရှိသော တောင်သူများအား ပြည်နယ်အစိုးရအဖွဲ့က အချိန်မီထုတ်ပေး ခြင်းဖြစ်ကြောင်း၊ အမှန်တကယ်အသုံးဝင်အောင် လယ်ယာလုပ်ငန်းခွင်များတွင် ရင်းနှီးမြှုပ်နှံကြရန် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်သည့် တောင်သူတစ်ဦးချင်းစီထံသို့ အမြန်ဆုံးထုတ်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်ဘဏ်ခွဲရုံးမှ မန်နေဂျာ ဦးကျော်လွင်က ၂၀၁၉ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ထုတ်ချေးငွေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ဝန်ကြီးချုပ်က စိုက်ပျိုးစရိတ်ချေးငွေများကို ပေးအပ်ရာ မင်းတပ်၊ မတူပီနှင့် ကန်ပက်လက်မြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လက်ခံယူကြသည်။

မင်းတပ်မြို့နယ် တောင်သူ ၁၈၅ ဦး ၄၄၃ ဧကအတွက် ထုတ်ချေးငွေကျပ် ၅၆၆ ဒသမ ၅ သိန်း၊ မတူပီမြို့နယ် တောင်သူ ၂၀၀ ဧက ၄၀၀ အတွက် ထုတ်ချေးငွေကျပ် သိန်း ၆၀၀ နှင့် ကန်ပက်လက်မြို့နယ် တောင်သူ ၁၈၇ ဦး ဧက ၃၅၀ အတွက် ထုတ်ချေးငွေကျပ် ၅၂၅ သိန်းဖြစ်ကြောင်း၊ မြို့နယ်အလိုက် တောင်သူတစ်ဦးစီအား ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**



စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ပွဲ ကျင်းပစဉ်။

# လွိုင်ကော်တက္ကသိုလ် အင်္ဂလိပ်စာသင်တန်းဆင်းပွဲ ကျင်းပ

**လွိုင်ကော် ဇူလိုင် ၅**

လွိုင်ကော်တက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများအတွက် ဇွန် ၁၀ ရက်မှ ဇူလိုင် ၇ ရက်အထိ Conversational English Course ကို Manchester University ဆရာများက လာရောက်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကို ဇူလိုင် ၃ ရက်က လွိုင်ကော်တက္ကသိုလ် ကိန္နရီခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယခုသင်တန်းတွင် ခေတ်နှင့်အညီပြောင်းလဲနေသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုများ၊ ပြောင်းလဲနေသည့် သင်ကြား၊ သင်ယူမှုလုပ်ငန်းများကို သင်ယူခဲ့ကြရပြီး တစ်လခန့်ရှိသော သင်ကြားချိန်အတွင်း ပြီးပြည့်စုံသည်ဟု မဆိုသော်လည်း ရသင့်သလောက်ရရှိသွားမည်ဟု ယုံကြည်ကြောင်း၊ သင်ကြားရရှိလာသည့်အရာများကို အသုံးချတတ်ရန် ကိုယ်စီကိုယ်စီ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိ၏အရည်အသွေး တိုးတက်မြင့်မားလာရန်အတွက် သင်ကြားသင်ယူမှုပြုလုပ်ရန်၊ ယင်းအပေါ်တွင်လည်းစိတ်ဝင်စားရန်လိုကြောင်း၊ လက်ရှိပကတိတရားနှင့် ပေါင်းစပ်၍ ဆောင်ရွက်နေမှုများကို ကိုယ်တိုင်စွမ်းဆောင်ရသည်ဖြစ်ရာ ယင်းအသိတရားများကို လက်တွေ့ကျကျလုပ်ဆောင်တတ်ရန် ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း၊ နောင်တွင်လည်းတိုးတက်မှု အရွေ့တစ်ခုကို ညီညွတ်စွာဖြင့် သွားရန်လိုပြီး တင်ပြရန်အချက်များကို နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျတင်ပြပြီး မြန်မာ့ပညာရေးကဏ္ဍ ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်ရန် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသို့ တက်ရောက်သင်ကြားပို့ချပေးသော ဆရာ ဆရာမများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ လွိုင်ကော်တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းဂုဏ်ပြုလက်မှတ်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လွိုင်ကော်သား**




ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဆရာမတစ်ဦးကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

# ဝဲကြီးကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်၍ ဒေသခံများ မိမိတို့ကျေးရွာ၌ပင် ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်

**ဘားအံ ဇူလိုင် ၅**

ကျေးလက်နေပြည်သူများအတွက် လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုရရှိနိုင်စေရန် ကရင်ပြည်နယ် ဘားအံမြို့နယ် ဝဲကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲကို ဇူလိုင် ၃ ရက်က ဝဲကြီးကျေးရွာရှိ အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျင်းပသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲကို ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်နှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စွာမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဝဲကြီးကျေးလက်ကျန်းမာရေးဌာနခွဲကို ADB၊ Japan Fund For Proverty Reduction ၊ From the People of Japan တို့မှ ထောက်ပံ့လှူဒါန်းငွေဖြင့် UNOPS မှ ပေ (၃၀×၃၀) ရှိ ပင်မဆေးကုသဆောင်၊ (၂၅×၂၃) ပေ ဝန်ထမ်းနေအိမ်၊ ခြံစည်းရိုး၊ ရေစည်၊ အဝီစိတွင်း၊ မီးရှို့ကန်၊ အချင်းမြှုပ်ကန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝဲကြီးကျေးလက်ကျန်းမာရေးဌာနခွဲသည် ဝဲကြီးကျေးရွာ၊ ရေကျော်ကြီးကျေးရွာ၊ ဌာနီကုန်းကျေးရွာတို့မှ ကျေးလက်နေပြည်သူ ၃၆၇၉ ဦးနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ယခင်ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိခင်က အဆိုပါကျေးရွာများမှ ပြည်သူများသည် ထုံးအိုင်ကျေးရွာ၊ မြိုင်ကလေးကျေးရွာနှင့် ဘားအံမြို့ပေါ်သို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခဲ့ရကြောင်း၊ ယခုအခါ ကျေးလက်ကျန်းမာရေးဌာနခွဲကို ဖွင့်လှစ်ပြီးစီးခဲ့သည့်အတွက် မိမိတို့နေထိုင်ရာကျေးရွာ၌ပင် ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည် ဒေသခံများနှင့် တွေ့ဆုံစဉ်။

# ပုလဲမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**ပုလဲ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်နှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယမန်နေ့က ပုလဲမြို့နယ် ဝမ်းဘဲချိုင့်ကျေးရွာအုပ်စု ပိတောက်ကုန်း(တောင်)ကျေးရွာ သာသနာ့ဝေပုလ္လကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စန်းလှိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်တို့က လွှတ်တော်ဆိုင်ရာအတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးဖြိုးဝေလင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများက ကျောင်းဆောင်သစ်ရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဘောလုံးကွင်းရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ဒေသဆည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးရေး စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို တင်ပြဆွေးနွေးရာ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်သည့် လုပ်ငန်းကဏ္ဍအလိုက်ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းဖြေကြားခဲ့ပြီး ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သတ်၍ ကူညီဆောင်ရွက်ပေးမည့်ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# တောင်သူပညာပေးဆွေးနွေးပွဲနှင့် ရွှေခရုဥမြုံ ကောက်ယူဖျက်ဆီးခြင်းအခမ်းအနား လှည်းကူး၌ ကျင်းပ

**လှည်းကူး ဇူလိုင် ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် တောင်သူပညာပေး ဆွေးနွေးပွဲ၊ လူထုဗဟိုပြု ရွှေခရုကာကွယ်နှိမ်နင်းရေး သုတေသနစီမံကိန်း အကောင်အထည်ဖော်မှုနှင့် ရွှေခရုဥမြုံ ကောက်ယူဖျက်ဆီးခြင်း အခမ်းအနားကို ယမန်နေ့က မုဆိုးညောင်ပင်ကျေးရွာအုပ်စု တောင်သူဦးဌေးဝင်း၏လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်က ရွှေခရုဥမြုံများကို စုပေါင်းကောက်ယူဖျက်ဆီးခြင်းဖြင့် ထိရောက်မှုရှိကြောင်း၊ တောင်သူများက မိသားစုအလိုက် လယ်နီးချင်း လယ်သမားအလိုက် စုပေါင်းကာကွယ်နှိမ်နင်းခြင်းကို ဆောင်ရွက်သင့်ကြောင်း၊ တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးဇော်လင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း နှစ်အလိုက် ရွှေခရုကျရောက်မှုအခြေအနေ ပိုးမွှားရောဂါနှင့် ပတ်သက်၍ ဌာနမှဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရွှေခရုဥမြုံကောက်ယူဖျက်ဆီးပြိုင်ပွဲကို ကျင်းပခဲ့ရာ ဆုရရှိသည့်အဖွဲ့များအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးဒုတိယဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးတို့က ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တောင်သူ နည်းပညာပေးဆွေးနွေးပွဲကို ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး မြေဆီလွှာ၊ မျိုးစေ့၊ သီးနှံကာကွယ်ရေး တာဝန်ခံများက ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများက နေပြည်တော် Call Center သို့ သိလိုသည့် အချက်များအား တိုက်ရိုက်ဆက်သွယ်ပုံ ဆက်သွယ်နည်းတို့ကို လက်တွေ့ပြသ ဟောပြောခဲ့ကြောင်း၊ တောင်သူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင် ဆွေးနွေးခဲ့ကြောင်းသိရသည်။

**နိုင်လင်း(လှည်းကူး)**



ရွှေခရုဥများကို ကောက်ယူဖျက်ဆီးနေစဉ်။

# ပူတာအိုခရိုင်၌ ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ မြို့နယ်နှစ်မြို့နယ်၌ ထုတ်ချေးပေး

**ပူတာအို ဇူလိုင် ၅**

ကချင်ပြည်နယ် ပူတာအိုခရိုင်၌ ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မြစ်ကြီးနားမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်မန်နေဂျာ ဦးဆောင်မှုဖြင့် မြို့နယ်နှစ်မြို့နယ်တွင် ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့က ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ထုတ်ချေးသည်။

"ကျွန်တော်တို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြစ်ကြီးနားမြို့အနေနဲ့ မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအို၊ နောင်မွန် လေးမြို့နယ်ကို ကွင်းဆင်းပြီးတော့ စိုက်ပျိုးစရိတ်ထုတ်ချေး၊ ကောက်ခံရေးလုပ်ငန်းတွေ ဆောင်ရွက်ရပါတယ်။ တစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နှုန်းချေးပေးတာပါ။ ပုံစံ(၇)မူရင်းကို ဘဏ်သို့အပေါင်အဖြစ် ပေးအပ်ရပါမယ်။ဘဏ်ချေးငွေ အရင်း၊ အတိုး၊ ဘဏ်တိုးပြေကျေအောင် ပေးဆပ်ပြီးမှ ပုံစံ(၇) မူရင်းကို ပြန်လည်ထုတ်ယူခွင့်ရှိတယ်။ ငွေချေးမယ့်တောင်သူဟာ ဘဏ်မှာ ငွေစုစာရင်း ဖွင့်ပြီးသူ ဖြစ်ရပါမယ်"ဟု မြစ်ကြီးနားမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးအေးသန်းက ပြောသည်။

အဆိုပါ ချေးငွေများကို နောင်မွန်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၁၀ အုပ်စု၊ တောင်သူဦးရေ ၁၈၃ ဦး၊ စိုက်ဧက ၃၁၂ ဧကအတွက် ထုတ်ချေးငွေကျပ် ၄၆၈ သိန်းကို ကွင်းဆင်းထုတ်ချေးပြီးစီးခဲ့ပြီး ပူတာအိုမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ တောင်သူဦးရေ ၁၃၄၄ ဦး၊ စိုက်ဧက ၃၃၅၀၊ ထုတ်ချေးငွေကျပ် ၅၀၂၅ သိန်း လျာထားကွင်းဆင်းထုတ်ချေးဆဲဖြစ်ရာ ဇူလိုင် ၁၂ ရက်တွင် ချေးငွေများကို အပြီးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်မန်နေဂျာက ချေးငွေထုတ်ချေးပေးခြင်း၊ ကောက်ခံခြင်းနှင့် တောင်သူများလိုက်နာရမည့် အချက်များကို အသိပညာပေး ဟောပြောခဲ့ကြပြီး အဆိုပါချေးငွေများကို တောင်သူများက ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် အကျေပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ဆင်ပေါင်ဝဲမြို့နယ် လယ်မကျေးရွာ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေ

**ဆင်ပေါင်ဝဲ ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် လယ်မကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာနေပြည်သူများနှင့် ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီတို့ပူးပေါင်း၍ ဆိုလာအသေးစား ဓာတ်အားပေးစနစ်ဖြင့် အချိန်ပြည့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာဓာတ်အားလိုင်းပြင်ပရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအဖြစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်မကျေးရွာ၌ အိမ်ခြေ ၅၈၂၊ လူဦးရေ ၂၆၀၀ ရှိကာ လူမှုရေးခက်ခဲသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ကျေးရွာနေပြည်သူများနှင့် မန္တလေးရိုးမကုမ္ပဏီတို့ ပူးပေါင်းပြီး ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။





လယ်မကျေးရွာ လျှပ်စစ်မီးရရှိရေး Solar Station တည်ဆောက်နေစဉ်။

အဆိုပါ လယ်မကျေးရွာ လျှပ်စစ်မီးရရှိရေးကို ကမ္ဘာ့ဘဏ်၊ ဂျာမနီနှင့် ပူးပေါင်းဆောင်ရွက်မှု (GIZ)တို့မှ နည်းပညာပံ့ပိုးပေးပြီး မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် အမေရိကန်ဒေါ်လာ ၇၄၄၅၁၆ အကုန်အကျခံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထည့်ဝင်ငွေ ၆၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသည့် မန္တလေးရိုးမကုမ္ပဏီမှ ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းဖြင့် ဆိုလာ ၁၆၅ ဒသမ ၇၆ ကီလိုဝပ်၊ ဂျင်နရေတာ ၈၀ ကေဗွီအေ ဆိုလာ- ဒီဇယ်ပေါင်းစပ်စနစ် အမျိုးအစားကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မီးလင်းရေးဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများအတွက် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိမည်ဖြစ်ပြီး ယခင်ကထက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ကျေးရွာနေပြည်သူများထံမှ သိရသည်။

ဆင်ပေါင်ဝဲမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း စပါးရင်းတွင်းကျေးရွာ၌ ဆိုလာအသေးစား ဓာတ်အားပေးစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၆၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၅/၉၂၅ ကျပ် | ၉၃၅/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၉၃၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၁၅ ကျပ် | ၈၄၀/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၀၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၄ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၃ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၈ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၈ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၂・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ ・ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၈ ・ ၆၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၇၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၄၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၃ ・ ၇၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၀၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး** | - စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - မြင့်ဆွေ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ နိုင်ငံကျော်အနုပညာရှင်များ ရှုတ်ချပြောကြား

လတ်တလောတွင် သက်ငယ်မုဒိမ်းမှု ဖြစ်ပွားသည့် အရေအတွက်များ ပို၍များလာသလို လူမှုကွန်ရက်တွင်ရော၊ သတင်းမီဒီယာများ၏ စာမျက်နှာများပေါ်တွင်ပါ ဖော်ပြမှုများရှိနေသည့်အတွက် အဆိုပါ သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ ကျူးလွန်သူများ၏ လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း နိုင်ငံကျော်အနုပညာရှင်အချို့က ယခုလို ပြောကြားခဲ့သည်။

**သရုပ်ဆောင် ဇာဏ်ခီ**

သက်ငယ်မုဒိမ်းဆိုတာ ခေတ်အဆက်ဆက်က ရှိခဲ့ပါတယ်။ နိုင်ငံတိုင်း လူမျိုးတိုင်းမှာလည်း ရှိတယ်။ တော်တော်လည်း စက်ဆုပ်ရွံရှာဖို့ကောင်းပါတယ်။ သူ့ထက် ဆိုးတာကတော့ မုဒိမ်းကျင့်ပြီး လူပါသတ်သွားတာပေါ့။ ကျူးလွန်တဲ့ သူတွေကို ကြည့်မယ်ဆိုရင် ဟိုးအောက်ခြေလူတန်းစားကနေ စာရိတ္တအမြင့်ဆုံးလို့ သတ်မှတ်ထားတဲ့ လောကုတ္တရာပုဂ္ဂိုလ်တွေအထိ ပါပါတယ်။ အခုခေတ်မှာ ပိုများကောင်း များလာနိုင်သလို ဆိုရှယ်မီဒီယာတွေကြောင့် ပိုများသယောင် ထင်ရတာလည်း ဖြစ်နိုင်ပါတယ်။



**ခရစ္စတီးနားခီ**

ကျွန်မအနေနဲ့ အမှုတစ်ခုချင်းစီကိုတော့ ပြောမှာမဟုတ်ပါဘူး။ အမှုတစ်ခုကို တိတိကျကျ ဘာမှလည်း သေချာမသိသေးတော့လေ။ သက်ငယ်မုဒိမ်းမှုဆိုတဲ့အရာကို ပြောရင်တော့ ဒါမျိုး ဖြစ်ကြတယ်၊ အနိုင်ကျင့် စော်ကားကြတယ်ဆိုတာ အကျည်းတန်လွန်းတဲ့ လုပ်ရပ်ပါ၊ ဒီလို အရွယ်မရောက်သေးတဲ့ ကလေးတွေကို စော်ကားတာဟာ အလွန်ကြီးမားတဲ့ပြစ်မှုမို့ ထိထိရောက်ရောက် အရေးယူ ပေးသင့်ပါတယ်။



**အကယ်ဒမီ ထွန်းအိန္ဒြာဗို**

သက်ငယ်မုဒိမ်းမှုတွေကို ပြင်းပြင်းထန်ထန် အရေးယူသင့်တယ်ထင်တယ်။ လုံးဝလည်း မရှိသင့်ဘူး။ ဖြစ်လည်း မဖြစ်သင့်ဘူး။ ပြစ်ဒဏ်ကို ကောင်းကောင်းပေးမှပဲ နောက်လူတွေ မလုပ်နိုင်မှာပေါ့။ ဘယ်လိုမှမဖြစ်သင့်တဲ့ကိစ္စပါ။ ကိုယ်ကတော့ အဲလိုလုပ်တဲ့သူတွေကို အမြင့်ဆုံး ပြစ်ဒဏ်ပေးစေချင်တယ်။ နောက်တစ်ခုက ကျွန်မတို့သိတာ မိန်းကလေးတွေကိုပဲ ဖြစ်တယ်ဆိုပြီးသိတာ။ ယောက်ျားလေးတွေလည်း ခံရတာတွေရှိတယ်။ ကံကောင်းတာက ဖေ့စ်ဘုတ်ပေါ်လာတော့ ခုခေတ်မှာ အားလုံးသိကြရတယ်။ အရင်တုန်းက မသိဘဲဖြစ်ခဲ့ကြတာတွေလည်း ရှိတယ်။



**အဆိုတော်ပိုးမီ**

ဒီဖြစ်ရပ်တွေအတွက် အရမ်းကို စိတ်မကောင်းဖြစ်ရပါတယ်၊ ပိုးမီဘက်က ကူညီနိုင်တာ၊ လုပ်ပေးနိုင်တာကို တစ်ဖက်ကနေ ကူညီမှာပါ။ ဒါမျိုးက မဖြစ်သင့်တဲ့ကိစ္စတွေပါ၊ ပိုးမီတို့ ပတ်ဝန်းကျင်မှာ ကလေးတွေဆိုတာ ဝိုင်းဝန်းစောင့်ရှောက်ကြရမယ့်သူတွေပါ၊ ဒီလိုလုပ်ရပ်မျိုးကို လုပ်ကြတဲ့သူတွေကိုလည်း အင်မတန် ရွံမုန်းပါတယ်။ အမှုမှန်ပေါ်ပါစေ။ ထိုက်သင့်တဲ့ ပြစ်ဒဏ်တွေ ပေးစေလိုပါတယ်။

**ကိုလင်း**



# မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စပိန်ရုပ်ရှင်ပွဲတော်သို့ အခမဲ့လာရောက်ကြည့်ရှုနိုင်




**ရန်ကုန် ဇူလိုင် ၅**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စပိန်ရုပ်ရှင်ပွဲတော်ကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် ဗဟန်းမြို့နယ် နတ်မောက်လမ်းထောင့်ရှိ Goethe-Institut Myanmar ၌ ပြသခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရုပ်ရှင်ပွဲတော်ကို ပထမဆုံးကျင်းပပြုလုပ်တာ ဖြစ်ပါတယ်။ ယခင်က စပိန်နဲ့မြန်မာနိုင်ငံတို့ ဆက်ဆံရေးက အများကြီးမရှိခဲ့ပါဘူး။ နောက်ပိုင်းမှာ တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်သွားမယ်။ မြန်မာနိုင်ငံမှာ စပိန်ဘာသာစကား စိတ်ဝင်စားမှုမြင့်တက်လာတာနဲ့အမျှ ဒီရုပ်ရှင်ပွဲတော်ကတစ်ဆင့် စပိန်ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းတွေကို ရင်းနှီးကျွမ်းဝင်လာစေရန် ရည်ရွယ်ပြသတာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီး Mr.Emilio de Miguel Calabia က ပြောသည်။ အဆိုပါပထမနေ့ရုပ်ရှင်ဇာတ်ကားတွင် Chico & Rita ပြသခဲ့သည်။

ထို့ပြင် ဇူလိုင် ၆ ရက် စနေနေ့ မွန်းလွဲ ၃ နာရီတွင် La Lengua De Las Mariposas ရုပ်ရှင်ဇာတ်ကား၊ ညနေ ၆ နာရီတွင် Pa Negre ရုပ်ရှင်ဇာတ်ကား၊ ဇူလိုင် ၇ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၃ နာရီတွင်7 Virgenes ရုပ်ရှင်ဇာတ်ကား၊ ညနေ ၆ နာရီတွင် Bienvenido Mister Marshall ရုပ်ရှင်ဇာတ်ကားများ ပြသမည်ဖြစ်ကြောင်း သိရသည်။ ယင်းရုပ်ရှင်ဇာတ်ကားများသည် စပိန်နိုင်ငံ၏ မတူညီသော အချိန်ကာလတွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်များကို အခြေခံကာ ဖော်ကျူးရိုက်ကူးထားသည့် ဇာတ်ကားများဖြစ်သည်။ အဆိုပါ စပိန်ရုပ်ရှင်ပွဲတော်ခန်းမသည် ပြည်သူ ၁၇၀ ဝင်ရောက်ကြည့်ရှုနိုင်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# ၂၀၁၆ ခုနှစ် နောက်ပိုင်းမှစ၍ ပရိသတ်နှင့် အလှမ်းဝေးနေသူ ရဲရင့်အောင်က စီးရီးသစ်ထွက်ရှိနိုင်ရန် ပြင်ဆင်နေ

တေးသီချင်းများကို ကိုယ်တိုင်ဖန်တီး၊ ကိုယ်တိုင်ရေးသား သီဆိုတတ်သူ လူငယ် အဆိုတော် ရဲရင့်အောင်အနေဖြင့် လွမ်းလွန်းလို့သေနိုင်တယ်၊ ဒီလောက်နဲ့ပဲ ကျေနပ်ပါတယ် စသည့် သီချင်းများဖြင့် အောင်မြင်မှုရရှိခဲ့ကာ ၂၀၁၆ ခုနှစ်က 'ချေ' ဟုအမည်ရသည့် တေးစီးရီးကို ထွက်ရှိခဲ့ပြီးနောက် ယခု စီးရီးသစ်တစ်ခု ထပ်မံထွက်ရှိနိုင်ရန် ကြိုးစားနေကြောင်း သိရသည်။

"ကျွန်တော် အခွေထွက်ဖို့ ပြင်ဆင်နေပါတယ်၊ အမြန်ဆုံးထွက်နိုင်အောင် လုပ်နေပါတယ်၊ သီချင်းခွေနာမည်နဲ့ ဘယ်နေ့ထွက်မယ်ဆိုတာကိုတော့ ကျွန်တော် နောက်မှ ပြောချင်ပါတယ်၊ အခွေမထွက်ခင်တော့ ကျွန်တော် Music Video တွေကိုပဲ ပရိသတ်အတွက် အွန်လိုင်းကနေ တင်ပေးသွားမှာပါ၊ အဲဒီတင်ထားတဲ့ Music Video တွေကို Audio အဖြစ်နဲ့ ကျွန်တော် မလုပ်ပါဘူး၊ အခုလုပ်ထားတဲ့ သီချင်းခွေမှာတော့ ကျွန်တော်ကိုယ်တိုင်ရေးထားတဲ့ သီချင်းတွေပဲ ကျန်တော့တာပါ၊ အတီးပိုင်းကတော့ အားလုံးပြီးသွားပါပြီ"ဟု ပြောသည်။

ရုပ်ရှင်အချို့တွင် ပါဝင်ရိုက်ကူးမှုနှင့်ပတ်သက်၍လည်း ရဲရင့်အောင်က "ဇာတ်ကားရိုက်ဖို့လည်း လာပြောကြတယ်၊ ဇာတ်ညွှန်းတွေလည်း လာပြကြတယ်၊ ကျွန်တော်က အခွေအတွက် ပြင်ဆင်နေရတာမို့ မရိုက်ဖြစ်ဘူး၊ လာပြတဲ့ ကာရိုက်တာတွေက ကျွန်တော်နဲ့ အဆင်မပြေတဲ့ဟာတွေ ဖြစ်နေတာလည်း ပါပါတယ်။ အခွေထွက်ပြီးရင်တော့ ရိုက်မှာပါ၊ ကျွန်တော်ရိုက်ချင်တဲ့ ပုံစံက ထိန်းချုပ်ပြီးလုပ်စရာမလိုဘဲ ပေါ့ပေါ့ပါးပါးနဲ့ ကောင်းတဲ့ဇာတ်မျိုး ရိုက်ချင်ပါတယ်၊ ကျွန်တော်ပထမဆုံးရိုက်တဲ့ ငှါကို နမ်းတဲ့မုန်တိုင်းဆိုရင် ကာရိုက်တာက ထွေထွေထူးထူး လုပ်စရာမလိုဘူး၊ ပေါ့ပေါ့ပါးပါး လုပ်ချင်တာလုပ်ပစ်လိုက်လို့ရတဲ့ ကာရိုက်တာမျိုးပါ၊ ဒါမျိုးဆို ကျွန်တော်နဲ့ကိုက်ညီမှုရှိမယ်ထင်ပါတယ်"ဟု ပြောသည်။

ရဲရင့်အောင်အနေဖြင့် အဆိုတော်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်လည်း ငှါကိုနမ်းတဲ့မုန်တိုင်း ရုပ်ရှင်တွင် ပါဝင်ခဲ့သလို ယခုနှစ်တွင်လည်း JIN PARTY ဟုအမည်ရသည့် ရုပ်ရှင်တွင် ရဲရင့်အောင်ကို ထပ်မံတွေ့မြင်ရမည်ဟုသိရသည်။

**ကိုလင်း**


# ရဲတိုက်ကို ပရိသတ်ရှေ့ပြန်ပို့ပေးသည့် 'ဒဏ္ဍာရီမိုး' ရုပ်ရှင် ရုံတင်ပြသတော့မည်

7th Sense ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး သရုပ်ဆောင် ရဲတိုက်ကို ပရိသတ်ရှေ့သို့ ပြန်လည်ပွဲထုတ်လိုက်သည့် ဒဏ္ဍာရီမိုး ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၁၁ ရက်တွင် ရုံတင်ပြသတော့မည်ဖြစ်ကာ အဆိုပါဇာတ်ကားကို မိုးနီလွင်က ဇာတ်လမ်း ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ ဝင်းလွင်ထက်က ပုံဖော်ရိုက်ကူးပြီး ရဲတိုက်၊ ဒေါင်း၊ ရွှေထူးနှင့် အကယ်ဒမီ ဝတ်မှုန်ရွှေရည်တို့ အဓိက ပါဝင်သရုပ်ဆောင်ထားသည်။

သရုပ်ဆောင် ရဲတိုက်က "မုန်တိုင်းလေးတွေတိုက်ခတ်တဲ့အတွက် အနည်းငယ် ယိမ်းယိုင်သွားပါတယ်၊ ခုချိန်မှာ ပြန်လည်ပြီးတော့ သရုပ်ဆောင်လောကထဲကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုအပြည့်နဲ့ ပြန်ဝင်လာတာပါ၊ ကိုယ့်ပရိသတ်ကတော့ ဝမ်းသာမှာပဲ၊ ကားအဟောင်းတွေပဲကြည့်ရတာ ရိုးနေလောက်ပြီလေ။ ကျွန်တော်ထောင်ကလွတ်ပြီးမှ ရိုက်ခဲ့တဲ့ဇာတ်ကားတွေထဲမှာ ဒဏ္ဍာရီမိုး တစ်ကားပဲ အဆင်ပြေပြေ၊ ကောင်းကောင်းမွန်မွန် ပြီးဆုံးသွားတယ်။ ဒီကားလေးမှာ ကျွန်တော့်ခံစားချက်တော်တော်များများကို တူးဆွပြီးတော့ သရုပ်ဆောင်ရတဲ့အတွက် ကျွန်တော့်ဘဝမှာ အမှတ်တရဖြစ်စေတယ်"ဟု ပြောသည်။

ဒဏ္ဍာရီမိုး ရုပ်ရှင်ဇာတ်ကားတွင် ရဲတိုက်အနေဖြင့် စာရေးဆရာတစ်ဦးအဖြစ် ပါဝင်ထားပြီး ရွှေထူးနှင့် ညီအစ်ကိုပမာ ခင်မင်၍ ရွှေထူးကို ရှေ့ထွက် နာမည်ခံခိုင်းကာ နောက်ကွယ်မှ ဝတ္ထုများရေးပေးနေခဲ့သည်။ တစ်နေ့တွင် ဝတ်မှုန်ရွှေရည်နှင့် ရွှေထူးတို့ တွေ့ဆုံပြီး စာပေနှင့်ပတ်သက်သည်များကို ဝေဖန်ရင်း ရင်းနှီးသွားခဲ့သည်။ ထိုသို့ ရင်းနှီးမှုကို သဘောမတွေ့သည်က ဝတ်မှုန်ရွှေရည်၏ချစ်သူ ဒေါင်း ဖြစ်သည်။ ရွှေထူးအနေဖြင့်လည်း ဝတ်မှုန်ရွှေရည်အပေါ် တဖြည်းဖြည်း သံယောဇဉ် ကြီးမားလာကာ ပြဿနာများရှိလာခဲ့သည်။ ထို သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းတွင် နောက်ကွယ်မှ ဝတ္ထုများ ရေးပေးနေသော ရဲတိုက်ကလည်း တစ်နည်းတစ်ဖုံ ပါဝင်ပတ်သက်နေပြန်သည်။ ဒဏ္ဍာရီမိုးဇာတ်ကားသည် အချစ်ကို မာန၊ အတ္တများ ဖုံးလွှမ်းလာသည့်အခါ ဖြစ်လာတတ်သည့် အကြောင်းအရာများကို ဖော်ညွှန်းရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလင်း**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### Little Mermaid ဇာတ်ကောင်အဖြစ် ဟယ်လီဘေလီကို ရွေးချယ်ထားသော်လည်း အော်စကာဆုရှင် ဟယ်လီဘယ်ရီဟု ပရိသတ်များအထင်မှားနေ

၁၉၈၉ ခုနှစ်က နာမည်ကျော်ကြားခဲ့တဲ့ Little Mermaid ဇာတ်ကားကို ပြန်လည်ရိုက်ကူးရာမှာ အေရီယယ်အဖြစ် သရုပ်ဆောင်ဖို့ အဆိုတော် ဟယ်လီဘေလီကို ဒစ္စနေးကုမ္ပဏီက ရွေးချယ်ထားတယ်လို့ သိရပါတယ်။ ဟယ်လီဘေလီကို အေရီရယ်အဖြစ် သရုပ်ဆောင်ဖို့ ရွေးလိုက်တဲ့အကြောင်း ကြေညာပြီးတဲ့နောက်မှာတော့ အင်တာနက်အသုံးပြုသူတွေကြား ရှုပ်ထွေးမှုတွေဖြစ်လာခဲ့ပါသေးတယ်။ ဟယ်လီဘေလီကို အော်စကာဆုရှင် ဟယ်လီဘယ်ရီရဲ့နာမည်နဲ့ ရောထွေးပြီး စာလုံးပေါင်းမှား ဖတ်ခဲ့ကြလို့ ဇဝေဇဝါတွေဖြစ်ကုန်ကြတာပါ။ နာမည်မှားဖတ်တဲ့ ပရိသတ်တွေကလည်း သူတို့ရဲ့အဖြစ်ကို လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ တင်ခဲ့ကြပါတယ်။ အော်စကာဆုရှင် လူမည်းသရုပ်ဆောင် ဟယ်လီဘယ်ရီကတော့ ဟယ်လီဘေလီကို အေရီရယ်အဖြစ် ရွေးချယ်ခဲ့တဲ့အတွက် ပထမဦးဆုံးဂုဏ်ပြုပေးတဲ့သူဖြစ်ပါတယ်။ နောက်ပြီး ဗြိတိန်သရုပ်ဆောင် နာအိုမီစကောက်ကလည်း ဟယ်လီဘေလီကို အေရီရယ်အဖြစ် ရွေးချယ်ခံရတဲ့အတွက် ကြိုဆိုတဲ့စကားပြောခဲ့ပါတယ်။ ဟယ်လီဘေလီကို ရွေးချယ်လိုက်တာနဲ့ ပတ်သက်ပြီး ဒါရိုက်တာရော့ဘ်မာရှယ်က ဟေလီဘေလီဟာ ငယ်ရွယ်ပြီး အပြစ်ကင်းတဲ့ အပြင် သာယာနာပျော်ဖွယ်ကောင်းတဲ့ အသံလည်း ပိုင်ဆိုင်ထားတယ်လို့ ရှင်းပြခဲ့ပါတယ်။ ဟယ်လီဟာအသက် ၁၉ နှစ်သာရှိသေးပြီး အေရီရယ်အဖြစ် သရုပ်ဆောင်ဖို့ ရွေးချယ်ခံရတဲ့အတွက် သူ့အိပ်မက်တွေ တကယ်ပဲဖြစ်လာပြီလို့ပြောခဲ့ပါတယ်။ ဇာတ်လမ်းထဲမှာတော့ ရေသူမလေးအေရီရယ်ဟာ လူသားခြေထောက်တွေကို ပိုင်ဆိုင်ခွင့်ရဖို့ သူ့ရဲ့သာယာတဲ့အသံလေးနဲ့ လဲလှယ်ခံရတာပါ။ Little Mermaid ရုပ်ရှင်ကို ၂၀၂၀ ကျမှ ရိုက်ကူးမှာ ဖြစ်ပါတယ်။

**စီအန်အန်**



အေရီရယ်အဖြစ်သရုပ်ဆောင်မည့် ဟယ်လီဘေလီ

### ဆိုဖီရာတန်နာနှင့် ဂျိုဂျိုနာ့စ်တို့၏ ဒုတိယအကြိမ် လက်ထပ်ပွဲမှ ပုံများကို ထုတ်ဖော်ပြသ

ဂျိုနာ့စ်ဘရားသားအဖွဲ့မှ ဂျိုဂျိုနာ့စ်နဲ့ Game of Thrones ဇာတ်ကားမှ သရုပ်ဆောင် ဆိုဖီယာတန်နာတို့ရဲ့ဒုတိယအကြိမ် လက်ထပ်ပွဲကို ပြင်သစ်နိုင်ငံမှာ ပြုလုပ်ခဲ့ကြပါတယ်။

အခုအခါမှာတော့ သူတို့ရဲ့ ဒုတိယအကြိမ် လက်ထပ်ပွဲတုန်းကပုံတွေ ပေါ်ထွက်လာခဲ့ပါပြီ။ လက်ထပ်ပွဲတုန်းကပုံကို ဂျိုဂျိုနာ့စ်ရော ဆိုဖီရာတန်နာပါ သူတို့ရဲ့အင်စတာဂရမ်အကောင့်မှာ ပရိသတ်တွေကို မျှဝေခဲ့ကြပါတယ်။ ဓာတ်ပုံတွေကတော့ ဖြူမည်းဓာတ်ပုံတွေပါ။ ဆိုဖီယာတန်နာတို့ရဲ့ဒုတိယအကြိမ် လက်ထပ်ပွဲကို ပြီးခဲ့တဲ့စနေနေ့က ပြင်သစ်နိုင်ငံမှာ ပြုလုပ်ခဲ့တာဖြစ်ပြီး အဲဒီပွဲကို နစ်ခ် ဂျိုနာ့စ်နဲ့ဇနီးဖြစ်သူ ဘောလိဝုဒ်မင်းသမီးပရီယန်ကာချိုပရာတို့လည်း တက်ရောက်ခဲ့ကြပါတယ်။ ဂျိုဂျိုနာ့စ်နဲ့ ဆိုဖီရာတန်နာတို့ဟာ မေလကတည်းက လာဗီးဂတ်စ်မြို့မှာ ဘယ်သူ့ကိုမှ အသိမပေးဘဲ ဖြုန်းစားကြီး လက်ထပ်ခဲ့ပါတယ်။ အခုတစ်ကြိမ် လက်ထပ်ပွဲကတော့ တစ်ပတ်လောက် ပြင်သစ်ကိုကြိုသွားခဲ့ပြီး ပါရီမှာ ပွဲကျင်းပလို့ကောင်းမယ့်နေရာတွေကို နှစ်ဦးသား ရှာဖွေခဲ့ကြပါတယ်။ သူတို့စုံတွဲဟာ ၂၀၁၇ အောက်တိုဘာလမှာ စေ့စပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ လက်ထပ်ခဲ့ကြပါတယ်။

**စီအန်အန်**



လက်ထပ်ပွဲဆင်နွှဲနေသည့် ဆိုဖီရာတန်နာနှင့် ဂျိုဂျိုနာ့စ်



# နှစ်လုံးတွဲများ (၆)

## မောင်ခင်မင် (ဓနုဖြူ)

“ကဲ... နှစ်လုံးတွဲတွေအကြောင်း ဒီတစ်ပတ် အဆုံးသတ်ကြရအောင်။ နာမ်နဲ့ ကြိယာတွဲပြီး နာမ်အဖြစ်သုံးတဲ့ နှစ်လုံးတွဲတွေအကြောင်း ပြောပြီးပြီနော်။ မှတ်မိသေးလား”

“မှတ်မိပါတယ် ဆရာ။ ရေနွေးတို့၊ ခွေးရူးတို့၊ လူငယ်တို့လို စကားလုံးမျိုးတွေပါ။ နာမ်နောက်က ဂုဏ်ရည်ပြကြိယာ လိုက်လေ့ရှိပါတယ်”

“ဟုတ်ပါပြီ။ ခုပြောဖို့က အဲဒီလို နာမ်နဲ့ ကြိယာတွဲတဲ့ နှစ်လုံးတွဲအကြောင်းပဲ။ ဒါပေမယ့် နှစ်လုံးတွဲဖြစ်လာတဲ့အခါ အဓိပ္ပာယ်သက်ရောက်ပုံချင်း မတူတဲ့ အတွဲမျိုးကွဲ့”

“သြော်... ဟုတ်ကဲ့၊ ဘယ်လိုစကားလုံးတွဲမျိုးပါလဲ ဆရာ”

“ကဲ... သိပြီးသားပုံစံတစ်ခုနဲ့ ယှဉ်ပြီးကြည့်ရအောင်။ ခုန ‘ခွေးရူး’ ဆိုတဲ့ စကားလုံးကို သာဓကပေးတယ်။ ဘာအဓိပ္ပာယ်လဲ”

“ရူးနေတဲ့ခွေးပါ ဆရာ”

“ဟုတ်ပါပြီ။ အဲဒီပုံစံမျိုးပဲ ‘ခွေးထိန်း’ ဆိုပါတော့။ ခွေးရူးလိုအဓိပ္ပာယ်ကောက်ရင် ‘ထိန်းတဲ့ခွေး’ ပေါ့။ ဟုတ်လား”

“ဟာ... ‘ခွေးထိန်း’ ကတော့ ထိန်းတဲ့ခွေးမဟုတ်ပါဘူး ဆရာ။ ခွေးထိန်းတဲ့သူကို ခေါ်တာပါ”

“နာမ်နဲ့ ကြိယာ တွဲပုံချင်းအတူတူပဲလေ။ အဓိပ္ပာယ်ကောက်ပုံကျတော့ မတူဘူးပေါ့”

“ဟုတ်ပါတယ် ဆရာ”

“တစ်ခုတော့ရှိတာပေါ့။ ‘ခွေးရူး’ မှာ ‘ရူး’ က ဂုဏ်ရည်ပြကြိယာပဲ။ ‘ခွေးထိန်း’ မှာတော့ ‘ထိန်း’ က အပြုအမူပြကြိယာလေ”

“ဟုတ်ကဲ့ပါ”

“အဲဒီလိုပဲ၊ ‘ကျောင်းအုပ်’ ဆိုရင် ‘အုပ်တဲ့ကျောင်း’ မဟုတ်ဘူးလား။ ကျောင်းကိုအုပ်ချုပ်တဲ့သူ ဆရာကြီးကို ဆိုလိုတာမဟုတ်လား”

“ဟုတ်ပါတယ်။ ဆရာ”

“ဒီတော့ ဒီလိုနှစ်လုံးတွဲတွေကို သီးခြားခွဲဖို့ လိုတာပေါ့။ ‘လက်စွပ်’ ဆိုရင်ကော”

“လက်မှာစွပ်ရတဲ့ပစ္စည်းပါ ဆရာ။ စွပ်တဲ့လက် မဟုတ်ပါဘူး”

“ဟုတ်ပြီ။ ဒီလိုနှစ်လုံးတွဲပုံမျိုးမှာ ထူးခြားတာက ‘ကျောင်းအုပ်’ ကို အဓိပ္ပာယ်ကောက်ရင် ကျောင်းကို အုပ်ချုပ်တဲ့သူလို့ ကောက်ရတယ်မဟုတ်လား။ ‘သူက ဒီအိမ်မှာ ထမင်းချက်လုပ်နေတယ်’ ဆိုရင်လည်း ‘ထမင်းချက်တဲ့သူ’ လို့ ဆိုလိုတာလေ။ လက်စွပ်ဆိုရင်လည်း လက်မှာစွပ်ရတဲ့ပစ္စည်းလို့ အဓိပ္ပာယ်ကောက်ရတယ်မဟုတ်လား”

“ဟုတ်ပါတယ် ဆရာ”

“ဒီတော့ အဲဒီလူတို့၊ ပစ္စည်းတို့က ပဓာနကျတဲ့ ဦးဆောင်စကားလုံးတွေ မဟုတ်ဘူးလား”

“ဟုတ်ပါတယ် ဆရာ”

“အဲဒီစကားတွဲတွေထဲမှာ ခုပြောတဲ့လူတို့၊ ပစ္စည်းတို့ ဖော်ပြထားသလား”

“ဖော်ပြမထားပါဘူး ဆရာ”

“အဓိပ္ပာယ်ကောက်တဲ့အခါ ပဓာနကျတဲ့ ဦးဆောင်လူပုဂ္ဂိုလ် ဒါမှမဟုတ် ပစ္စည်းလို့ အဓိပ္ပာယ်ကောက်ရပေမယ့် စကားလုံးထဲမှာ အဲဒီပုဂ္ဂိုလ်တို့၊ ပစ္စည်းတို့ မပါဘူးလေ။ ဟုတ်တယ်မဟုတ်လား”

“ဟုတ်ကဲ့ပါ”

“ဒါကြောင့် ဒီလိုနှစ်လုံးတွဲမျိုးကို ဦးဆောင်မပါတဲ့ နှစ်လုံးတွဲတွေလို့ ပညာရှင်တွေက သတ်မှတ်ကြတယ်”

“သြော်...ဟုတ်ကဲ့ပါ”

“ဒီလိုစကားလုံးမျိုး စဉ်းစားပြီး ပြောကြည့်စမ်းပါ”

“ဟုတ်ကဲ့၊ ‘ရှေ့နေ’ ရယ်၊ ‘ခဲဖျက်’ ရယ် စဉ်းစားလို့ ရပါတယ် ဆရာ”

“ရှင်းပြပါဦး”

“ရှေ့နေဆိုတာ ရှေ့ကနေပြီး အမှုလျှောက်လှဲရတဲ့သူကို ခေါ်တာပါ။ ‘ရှေ့မှာနေရသူ’ လို့ အဓိပ္ပာယ်ရပါတယ်။ ဒါပေမယ့် ‘သူ’ ဆိုတာ မပါပါဘူး ဆရာ”

“ဟုတ်ပြီ။ ခဲဖျက်ကရော”

“ခဲတံနဲ့ ရေးထားတဲ့ ခဲရာကိုဖျက်ရတဲ့ပစ္စည်းပါ ဆရာ။ ဒါပေမယ့် ပစ္စည်းဆိုတာ မပါပါဘူး”

“ဟုတ်ပါပြီ။ အဲဒီလို ဦးဆောင်မပါတဲ့ နှစ်လုံးတွဲတွေလည်း အများကြီးရှိပါတယ်။ ‘ပညာရှိ၊ အမှုထမ်း၊ ပွဲကိုင်၊ ဘုန်းကြီး၊ မီးခြစ်၊ ဝက်အူလှည့်’ ဆိုတာမျိုးတွေပေါ့။ ဒီစကားလုံးထဲမှာ ဖော်ပြမထားတဲ့ လူပုဂ္ဂိုလ် ဒါမှမဟုတ် ပစ္စည်းကို အဓိကရည်ညွှန်းတဲ့ နှစ်လုံးတွဲတွေလေ”

“နားလည်ပါပြီ ဆရာ”

“ကဲ...နောက်တစ်မျိုးက အ-ရှေ့ဆက်တွဲသုံးတဲ့ နာမ်ပါတဲ့ နှစ်လုံးတွဲတွေဆိုပါတော့”

“ဟုတ်ကဲ့ပါ”

“အဲဒီစကားလုံးမျိုးတွေ နှစ်လုံးတွဲသုံးတဲ့အခါ အ-ရှေ့ဆက်မထည့်ဘဲ တွဲလေ့ရှိတယ်ကွဲ့”

“ပြောပြပါ ဆရာ”

“ကဲ... အ-ရှေ့ဆက်ပါတဲ့ စကားလုံးနှစ်လုံးတွဲ သုံးပုံကိုကြည့်ရအောင် “အဆွေနဲ့ အမျိုးလို စကားလုံးတွဲမျိုး ပေါ့”

“ဟုတ်ကဲ့”

“အဆွေဆိုတဲ့ စကားလုံးကို သုံးဖူးမှာပေါ့။ ‘အဆွေတို့’၊ ‘အဆွေခင်ပွန်း’ ဆိုတာမျိုး သုံးတယ်လေ။ ခံ့ခံ့ညားညားသုံးတာပေါ့”

“ဟုတ်ကဲ့ပါ”

“အမျိုးကတော့ နေ့စဉ် တွင်တွင်ကျယ်ကျယ် သုံးပါတယ်။ ‘အမျိုးတော်တယ်’ တို့၊ ‘အမျိုးတွေလာတယ်’ တို့ သုံးတယ်လေ”

“ဟုတ်ကဲ့ပါ”

“နားလည်ပါပြီ ဆရာ”

“စကားနှစ်လုံးတွဲရင် အ-ပါတဲ့စကားလုံးကို အ-ဖြုတ်သုံးတာလား၊ နဂိုကတည်းက အ-မပါတဲ့စကားလုံးလားဆိုတာ ကွဲပြားဖို့လည်း အရေးကြီးတယ်ကွဲ့”

“ဘယ်လိုစကားတွဲမျိုးလဲ ဆရာ”

“ ‘မီးလုံး’ ဆိုပါတော့။ ဒီအတိုင်းကြည့်ရင် ‘မီး’ က နာမ်၊ ‘လုံး’ က ကြိယာ နာမ်နဲ့ကြိယာတွဲထားတဲ့ နှစ်လုံးတွဲလို့ ထင်ရတယ်”

“မဟုတ်ဘူးလား ဆရာ”

“နာမ်နဲ့ကြိယာတွဲတဲ့ ‘ရေအေး’ တို့၊ ‘ရေနွေး’ တို့နဲ့ ယှဉ်ကြည့်လေ ‘ရေအေး’ ဆိုတာဘာလဲ”

“အေးတဲ့ရေပါ ဆရာ”

“ရေနွေးဆိုတာကော ဘာလဲ”

“နွေးတဲ့ရေပါ ဆရာ”

“ဒီလိုဆိုရင် ရေက ပဓာနကျတာပေါ့”

“ဟုတ်ပါတယ် ဆရာ”

“ဒီလိုဆိုရင် မီးလုံးဆိုတာလည်း ‘လုံးနေတဲ့မီး’ လုံးတဲ့မီးဖြစ်ရမှာပေါ့။ မေးနေကျအတိုင်း မေးရအောင်။ မီးလုံးဆိုတာ ဘာလဲ”

“မီးလင်းနေတဲ့ အလုံးပါ ဆရာ”

“ဟုတ်တယ်။ မီးလုံးဆိုတာ မီးလင်းနေတဲ့ အလုံးလေ။ လုံးနေတဲ့ မီးမဟုတ်ဘူး။ အလုံးက ပဓာနကျတယ်။ မီးက အလုံးကို အထူးပြုထားတာလေ”

“ဟုတ်ကဲ့”

“မီးလုံးတစ်လုံးလို့ သုံးနိုင်သလို အလုံးတစ်လုံးလို့လည်း သုံးနိုင်တယ်။ ‘အလုံး’ က ကြိယာကို အ-ရှေ့ဆက်တွဲထားတဲ့ နာမ်လေ။ မီးနဲ့အလုံးနဲ့ တွဲတော့ အ-ကို ဖြုတ်ပြီး မီးလုံးလို့ သုံးတာပေါ့”

“သိပ်မရှင်းဘူး ဆရာ”

> **“ရေခဲဆိုတာ ‘ခဲတဲ့ရေ မဟုတ်ဘူး၊ ရေအခဲ’ လို့ ဆိုလိုတာ။ ရေခဲဟာ ရေမဟုတ်ဘူး။ အခဲပဲ။ အခဲက ပဓာနပဲ။ ‘ခဲ’ ဆိုတဲ့ ကြိယာကို အ-ရှေ့ဆက်တွဲထားတဲ့ နာမ်ပဲ။ မီးလုံးတို့ ဖျာလိပ်တို့နဲ့ ပုံစံတူတယ်။ နာမ်နှစ်ခုတွဲပြီး နာမ်လုပ်ထားတာပါ”**

“အဲဒီအဆွေနဲ့ အမျိုးကို တွဲပြီး ‘အဆွေအမျိုး’ လို့လည်း သုံးတယ်။ ဒါပေမယ့် အ-တွေမပါဘဲလည်း သုံးတယ်လေ”

“သြော်... ‘ဆွေမျိုး’ ပေါ့နော် ဆရာ”

“ဟုတ်တယ်။ ‘ဆွေမျိုး’ ဆိုတာ ‘အဆွေအမျိုး’ ကို ချုံ့သုံးတာပါပဲ။ မိတ်ဆွေတွေရော၊ အမျိုးတွေရော အားလုံးခြုံမိတဲ့ စကားပေါ့။ ဒါပေမယ့် အမျိုးတော်စပ်တဲ့ အဓိပ္ပာယ်နဲ့ပဲ သုံးတာများပါတယ်”

“ဟုတ်ကဲ့ပါ”

“အဲဒီလိုပဲ။ အရေးအရာကို ‘ရေးရာ’၊ အရိုးအရာကို ‘ရိုးရာ’၊ အမျိုးအရိုးကို ‘မျိုးရိုး’ လို့ အ-မပါဘဲ သုံးတာတွေ ရှိပါတယ်”

“ဆရာပြောမှ ဒီစကားလုံးတွေရဲ့အရင်းခံကို သိရပါတယ် ဆရာ”

“အဲဒီလိုပဲ အခန်းကြီးကို ‘ခန်းမ’ လို့ ခေါ်တယ်မဟုတ်လား။ ‘မ’ ဆိုတာ ကြီးတာကိုဆိုလိုတာ။ ‘လမ်းမ’ တို့၊ ‘အိမ်မ’ တို့ သုံးတယ်။ အခန်းက အ-ကိုဖြုတ်ပြီး ‘ခန်းမ’ လို့ တွဲတာပေါ့။ ရှေ့စကားလုံးက အ-ရှေ့ဆက်ပါတဲ့ စကားလုံးလေ”

“ဟုတ်ကဲ့”

“ ‘ကားခ’ ကျတော့ ‘ကား’ နဲ့ ‘အခ’ နဲ့ တွဲတာမဟုတ်လား။ ‘ခ’ တစ်လုံးတည်း သုံးလို့မရဘူးလေ။ ‘အခ’ လို့ သုံးတာများတယ်။ အ-မတွဲဘဲ ‘ကားခ၊ လခ၊ စာမူခ၊ ကူးတို့ခ’ ဆိုတာမျိုးတွေ သုံးတာပေါ့”

“ဒါဆိုရင် နောက်သာဓကနှစ်ခုပေးပါ့မယ်။ ‘ရေအေး’ နဲ့ ‘ရေခဲ’ ဆိုပါတော့။ ပုံစံချင်းတူတယ်မဟုတ်လား။ နာမ်နဲ့ကြိယာတွဲပြီး နာမ်ဖြစ်လာတဲ့ နှစ်လုံးတွဲတွေလေ”

“ဟုတ်ပါတယ် ဆရာ”

“ ‘ရေ’ က နာမ်၊ ‘အေး’ နဲ့ ‘ခဲ’ က ကြိယာ ဟုတ်တယ်မဟုတ်လား”

“ဟုတ်ပါတယ် ဆရာ”

“အဲဒီလိုထင်ရတာပေါ့။ ဒါပေမယ့် မတူတာရှိတယ်။ ‘ရေအေး’ က အေးတဲ့ရေလေ။ ရေက အဓိကကျတယ်။ အေးက ရေကို အထူးပြုတာ။ ဟုတ်ရဲ့လား”

“ဟုတ်ပါတယ် ဆရာ။ ရေအေးတစ်ခွက်ကို ရေတစ်ခွက်လို့ သုံးလို့ရပါတယ်။ ရေကပဓာနပါ”

“ကဲ... ရေခဲကျတော့ ဘယ်လိုသုံးမလဲ”

“ရေခဲတစ်ခဲလို့ သုံးပါ့မယ် ဆရာ”

“အခဲတစ်ခဲလို့သုံးရင်ကော”

“ရပါတယ် ဆရာ။ ရေခဲဟာ အခဲပါပဲ”

“ရေတစ်ခဲလို့ သုံးလို့ရသလား”

“အဲဒီလိုတော့ မသုံးပါဘူး ဆရာ။ သုံးလေ့မရှိပါဘူး”

“ဒီတော့ ရေခဲဆိုတာ ‘ခဲတဲ့ရေ မဟုတ်ဘူး၊ ရေအခဲ’ လို့ ဆိုလိုတာ။ ရေခဲဟာ ရေမဟုတ်ဘူး။ အခဲပဲ။ အခဲက ပဓာနပဲ။ ‘ခဲ’ ဆိုတဲ့ ကြိယာကို အ- ရှေ့ဆက်တွဲထားတဲ့နာမ်ပဲ။ မီးလုံးတို့၊ ဖျာလိပ်တို့နဲ့ ပုံစံတူတယ်။ နာမ်နှစ်ခုတွဲပြီး နာမ်လုပ်ထားတာပါ။ ကဲ...နားကြစို့”

# ရာသီတုပ်ကွေးရောဂါ Seasonal Influenza ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက် (၂/ ၂၀၁၉)

**နေပြည်တော် ဇူလိုင် ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem) နှင့် ကပ်ရောဂါ (Epidemic) အသွင်ဖြင့် ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း (Communicable Disease Surveillace) လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅) (International Health Regulatios-2005) နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသတွင်းအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တုပ်ကွေးဆန်သော ရောဂါလက္ခဏာဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါပိုး ကူးစက်ဖြစ်ပွားမှုသည် နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး အိမ်နီးချင်းနိုင်ငံများ၌လည်း ဖြစ်ပွားနေသော ရောဂါတစ်ခုဖြစ်ပါသည်။

**(၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လကုန်အထိ မြန်မာနိုင်ငံအပါအဝင် အပူပိုင်းဇုန်နိုင်ငံအချို့တွင် ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေ**

| စဉ် | နိုင်ငံ | ခန့်မှန်းလူဦးရေ (သန်း) | A/H1N1 pdm09 | A/H3 | B | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | တရုတ်နိုင်ငံ | ၁,၄၃၄ | ၅၅,၁၀၀ | ၁၆,၂၀၀ | ၁၁,၅၀၀ | ၈၂,၈၀၀ |
| ၂ | အိန္ဒိယနိုင်ငံ | ၁,၃၆၆ | ၅,၆၈၄ | ၁,၈၉၉ | ၁၈၁ | ၇,၇၆၄ |
| ၃ | ဘရာဇီး | ၁၉၃ | ၈၄၆ | ၃၉ | ၃၂၀ | ၁,၂၀၅ |
| ၄ | ဘင်္ဂလားဒေ့ရှ် | ၁၆၃ | ၂၆၂ | ၃၄ | ၄၁၀ | ၇၀၆ |
| ၅ | ထိုင်းနိုင်ငံ | ၇၀ | ၁၄၈ | ၁၃၂ | ၃၈၆ | ၆၆၆ |
| ၆ | မြန်မာနိုင်ငံ | ၅၄ | ၉၉ | ၈ | ၁၀ | ၁၁၇ |
| ၇ | သြစတြေးလျ | ၂၅ | ၆၄၂ | ၂,၂၃၂ | ၇၁၅ | ၃,၅၈၉ |
| ၈ | ကမ္ဘောဒီးယား | ၁၆ | ၈၈ | ၁၃ | ၃၁ | ၁၃၂ |
| ၉ | လာအိုနိုင်ငံ | ၇ | ၁၉၂ | ၁၅ | ၃၁ | ၂၃၈ |
| ၁၀ | နယူးဇီလန် | ၅ | - | ၁၇၆ | ၁၄၇ | ၃၂၃ |

**(၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ဇူလိုင်လ (၅) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါပိုး တွေ့ရှိမှုအခြေအနေ**

| ရာသီတုပ်ကွေးရောဂါ သံသယလူနာများထံမှ ဓာတ်ခွဲနမူနာအရေအတွက် | ရာသီတုပ်ကွေးရောဂါ ပိုးတွေ့လူနာဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|
| | Influenza A (H1N1) pdm09 | Influenza A (H3N2) | Influenza B | |
| ၄၂၄ | ၁၂၃ | ၁၆ | ၁၁ | ၁၅၀ |

**ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူများအနက် ဓာတ်ခွဲအတည်ပြု Influenza A(H1N1) pdm09 ဖြင့် သေဆုံးသူ များအား ဆန်းစစ်ခြင်း**

| နာတာရှည်ရောဂါ အခံရှိသူများတွင် သေဆုံးသူဦးရေ | ရောဂါပိုးကူးစက်ခံရပါက သေဆုံးနိုင်ခြေများသော အုပ်စု (အသက်အရွယ် ကြီးရင့်သူများ၊ အသက်အရွယ် ငယ်လွန်းသူများ) တွင် သေဆုံးသူဦးရေ | ရာသီတုပ်ကွေး ရောဂါဖြင့် သေဆုံးသူ ဦးရေ | သေဆုံးသူ စုစုပေါင်း |
|---|---|---|---|
| ၂၂ | ၃ | ၅ | ၃၀ |

သေဆုံးသူ (၃၀) ဦးကို လေ့လာဆန်းစစ်ချက်များအရ အသက်အရွယ်ကြီးရင့်သူများ၊ အသက်အရွယ် ငယ်လွန်းသူများ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါ၊ မွေးရာပါ ရောဂါစုများ စသည့် နာတာရှည်ရောဂါအခံရှိသူများတွင် သေဆုံးကြောင်း တွေ့ရှိရပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် (၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ဇူလိုင်လ (၅) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါပိုး တွေ့ရှိသူနှင့် သေဆုံးမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ဇူလိုင်လ (၅) ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရာသီတုပ်ကွေးရောဂါပိုးတွေ့ရှိသူနှင့် သေဆုံးမှု**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေ သိပ်သည်းဆ (Population Density per $km^2$) | ဓာတ်ခွဲ စစ်ဆေးသူ စုစုပေါင်း | ဓာတ်ခွဲ အတည်ပြု ဖြစ်ပွားသူ ဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ | ရာသီတုပ်ကွေး ရောဂါဖြစ်ပွားမှု များအနက် Influenza A(H1N1) pdm09 ဖြင့် သေဆုံးမှု ရာခိုင်နှုန်း (Case Fatality Rate) |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၇၁၆ | ၂၂၃ | ၈၇ | ၂၄ | ၁၀.၇ % |
| ၂ | နေပြည်တော် | ၁၆၄ | ၁၉ | ၉ | - | - |
| ၃ | ရခိုင်ပြည်နယ် | ၈၇ | ၃၈ | ၁၅ | - | - |
| ၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၇၇ | ၁၆ | ၇ | ၃ | ၁၈.၈ % |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၂၄ | ၂၀ | ၆ | - | - |
| ၆ | မကွေးတိုင်းဒေသကြီး | ၈၇ | ၁၁ | ၆ | - | - |
| ၇ | ကချင်ပြည်နယ် | ၁၉ | ၃၀ | ၆ | - | - |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၇ | ၅ | ၄ | ၂ | ၄၀ % |
| ၉ | ရှမ်းပြည်နယ် (မြောက်) | - | ၆ | ၃ | - | - |
| ၁၀ | မွန်ပြည်နယ် | ၁၆၇ | ၆ | ၃ | ၁ | ၁၆.၇ % |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၂၀၀ | ၂ | ၁ | - | - |
| ၁၂ | ရှမ်းပြည်နယ် (တောင်) | - | ၂ | ၂ | - | - |
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး | ၃၂ | ၁ | ၁ | - | - |
| ၁၄ | ချင်းပြည်နယ် | ၁၃ | ၂ | - | - | - |
| ၁၅ | ရှမ်းပြည်နယ် (အရှေ့) | - | ၁ | - | - | - |
| ၁၆ | ကရင်ပြည်နယ် | ၅၂ | ၄၂ | - | - | - |
| | **စုစုပေါင်း** | **၇၆** | **၄၂၄** | **၁၅၀** | **၃၀** | **၇ %** |

မှတ်ချက်။ ရှမ်းပြည်နယ်၏ လူဦးရေသိပ်သည်းဆနှုန်းမှာ ၁ စတုရန်းကီလိုမီတာတွင် ၃၇ ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရာသီတုပ်ကွေးရောဂါပိုး တွေ့ရှိမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- (၆) ဦးမှ (၉) ဦးအထိ ပိုးတွေ့ရှိသော မြို့နယ်များ -
  - ◆ လှိုင်သာယာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ သဃ်္ဃန်းကျွန်း
- (၃) ဦးမှ (၅) ဦးကြား ပိုးတွေ့ရှိသော မြို့နယ်များ -
  - ◆ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ သာကေတ၊ ဒလ၊ လှည်းကူး၊ အင်းစိန်၊ စမ်းချောင်း၊ ရန်ကင်း၊ လှိုင်
- (၁) ဦးမှ (၂) ဦးကြား ပိုးတွေ့ရှိသော မြို့နယ်များ -
  - ◆ မှော်ဘီ၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ အလုံ၊ ဗိုလ်တထောင်၊ ကော့မှူး၊ ခရမ်း၊ ကွမ်းခြံကုန်း၊ တောင်ဥက္ကလာပ၊ ဗဟန်း၊ မင်္ဂလာတောင်ညွန့်၊ သုံးခွ၊ ဒဂုံ (ဆိပ်ကမ်း)

ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံခြင်းအား ရောဂါကူးစက်လွယ်သော အုပ်စုများဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်အရွယ်ငယ်လွန်းသူများ (အသက် ၆လမှ ၅နှစ်)၊ အသက်အရွယ်ကြီးလွန်းသူများ (အသက် ၆၅ နှစ်အထက်)၊ နာတာရှည်ရောဂါရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများတွင်သာ ထိုးနှံသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပြုထားပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လတ်တလော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm09 ဖြစ်စဉ်နှင့် ပတ်သက်၍ ရာသီတုပ်ကွေးရောဂါအပါအဝင် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်နိုင်ရန် လူနာဆောင်များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်စီစဉ်ထားရှိခြင်း၊ ရောဂါဖြစ်ပွားလာပါက ထိရောက်စွာကုသခြင်းလုပ်ငန်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း၊ ဗဟိုနှင့်တိုင်းဒေသကြီး/ပြည်နယ်များအကြား ချိတ်ဆက်ဆောင်ရွက်ခြင်း စသည်တို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းအပါအဝင် ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများအား တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထု၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း၊ ရာသီတုပ်ကွေးရောဂါ ကျန်းမာရေးပညာပေးလုပ်ငန်းများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပေးနှိုးဆော်ခြင်း၊ သတင်းမီဒီယာများမှတစ်ဆင့် ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအကြား သတင်းအချက်အလက်အမှန်များ သိရှိပြီး စိုးရိမ်မှုလျော့ကျစေရန်အတွက် ရာသီတုပ်ကွေးရောဂါ ဖြစ်ပွား/သေဆုံးမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရှိုင်ရယ်-ဒီ ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲကြီး မန္တလေးဒိုင်းမွန်းပလာဇာတွင် ကျင်းပမည်

**မန္တလေး ဇူလိုင် ၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ကကြီးမှူးပြီး စိုင်းဇော်ဇော် Group မှ စီစဉ်သည့် ရှိုင်ရယ်-ဒီ အားဖြည့်အချိုရည်နှင့် ထက်လင်းတိုင်းရင်းဆေးတို့က ပံ့ပိုးကူညီသော ရှိုင်ရယ်-ဒီရွှေခါးပတ် ချန်ပီယံ ဗိုလ်လုပွဲကြီးကို ဇူလိုင် ၁၃ ရက် ညနေ ၆ နာရီခွဲတွင် မန္တလေးမြို့ ဒိုင်းမွန်းပလာဇာ ၅ လွှာ၌ ကျင်းပမည်ဖြစ်သည်။

**ယှဉ်ပြိုင်မည့် တွဲဆိုင်းများ**

ယှဉ်ပြိုင်မည့် တွဲဆိုင်းများမှာ စည်တော်ဟိန်း/ (ဗမာ့သွေး မန္တလေး)နှင့် ဇွဲမာန်အောင်(ယူနိုက်တက်) (လေးချို)၊ သားဒိန်း (ဖိုးရာဇာ/ရန်ကုန်)နှင့် ဘွိုင်ကာ(ကျားဖြူမန္တလေး)(ငါးချိုပွဲ) များ ဖြစ်သည်။

**ပွဲစဉ်များ ယှဉ်ပြိုင်မည်**

ရှိုင်ရယ်-ဒီ ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ ပွဲစဉ်များ၌ ၅၁ ကီလိုတန်းတွင် သိန်းစိုး (ရာဇသိင်္ခ ဧရာဝတီ)နှင့် သန့်ဇင်ထူး(ရွှေဘားလား/ ဘားအံ)၊ ၅၄ ကီလိုတန်းတွင် စောရွှေလေး (ဒို့ရိုးရာ/ သထုံ)နှင့် အောင်ပိုင်(ထူးမေတ္တာထူး ငြိမ်းချမ်းရေး)၊ ၅၇ ကီလိုတန်းတွင် ဗျူဠ(ကျားဖြူ/မန္တလေး)နှင့် ဟိန်းထွန်းအောင်(ရှိုင်ရယ်-ဒီ/ရွှေသထုံ)၊ ၆၀ ကီလိုတန်းတွင် နက္ခအောင် (ဇွဲကပင်မြေ/ဘားအံ)နှင့် စောမင်းနိုင် (ရွှေဘားလား/သထုံ)၊ ၆၃.၅ ကီလိုတန်းတွင် ထွန်းနိုင်ဦး ( S.T.L/ရန်ကုန်) နှင့် သွေးသစ်မောင် (အဖြူရောင်သွေးသစ်)၊ ၆၇ ကီလိုတန်းတွင် ရဲတံခွန်(အဖြူရောင်သွေးသစ်)နှင့် စိန်မျိုးအောင် (ဇွဲကပင်မြေ/ဘားအံ)၊ ၇၁ ကီလိုတန်းတွင် ရှမ်းကို (A.M.T.2/ ရန်ကုန်)နှင့် ရန်နိုင်ထွန်း (ဇွဲကပင်မြေ/ဘားအံ) ပွဲစဉ်များ ယှဉ်ပြိုင်မည်ဖြစ်သည်။

အမျိုးသမီးပွဲစဉ်တွင် ၄၉-၅၃ ကီလို ဗိုလ်လုပွဲ၌ ရွှေကိုလေး (ခြသေ့်မင်း)နှင့် မေသဇင်ထူး (ကယား)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ရုံဝင်ကြေးမှာ ကျပ်တစ်သောင်းဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အထက (၄)၊ အဋ္ဌမတန်းမှ (ဘ)ဦးသောင်းအေး ၁၂/ရပသ(နိုင်)၀၁၁၄၄၄ ၏သမီး မမေဇင်ဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၈-၂၀၀၄ ဖြစ်ပါသည်။

**မမေဇင်ဖြိုး**

## ဖခင်အမည်မှန်

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ရွာတန်း အလက သတ္တမတန်းမှ မအေးသက်မွန်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး ၉/ဝတန(နိုင်) ၀၃၃၁၅၉ ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းဦး**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ဦးနိုင်လင်း ၈/စလန(နိုင်)၀၆၈၇၀၃၏ သမီး အရှေ့ထနောင်းကုန် အလက (ခွဲ) စတုတ္ထတန်းမှ မရွှေရည်ဝင်းလဲ့မွန်၏ အမည်မှန်မှာ မရွှေရည်ဝင်းလဲ့ ဖြစ်ပါသည်။

**မရွှေရည်ဝင်းလဲ့**

## တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ရွှေတုတ်ကုန်း အထက တက္ကသိုလ်ဝင်တန်းမှ မဇင်မီကို၏ ဖခင် ဦးဝင်းမော်(ခ)ဦးဝင်းမောင် ၉/သစန(နိုင်)၁၁၇၃၉၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းမော်(ခ)ဦးဝင်းမောင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းအောင် ၁၂/ဥကမ(နိုင်)၁၀၉၂၃၀ ကိုင်ဆောင်သည့် UOM Co.,Ltdမှ သွင်းကုန်လိုင်စင်အမှတ် MSE QIL V 18 19 02355(03-4-2019)နှင့် MSE QILV 18 19 02383(04-4-2019) တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၇**

ဦးတိုးဘရှမ်း **နှင့်** ဦးမြင့်လွင်(ခ) VIMAL KUMAR
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ အခန်း (၄၀၇)၊ အမှတ် (၆၅၁)နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဦးမြင့်လွင် (ခ) VIMAL KUMAR သိစေရမည်။

သင့်အပေါ်၌ ငွေကျပ် ၃၀၀၀၀၀၀၀၀ဝ/-(ကျပ်သိန်းသုံးထောင်တိတိ)အား ဥပဒေအရခွင့်ပြုသည့် နစ်နာကြေးနှင့်တကွရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ခုနှစ် ဇူလိုင်၁၀ရက် (၁၃၈၁ခုနှစ် ဝါဆိုလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇွန် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ ဦးပိုင်/မြေကွက်အမှတ်(၅၂/၂၆)၊ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးအုံးမောင် အမည်ပေါက်ပါမစ်မြေကွက်အား ဦးအောင်ကိုကို(ဘ)ဦးစံလွင် ၈/တတက(နိုင်)၀၁၁၁၅၈မှ ပျဉ်းမနား မြို့မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (ဒ-၆၁၅၉)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးတင်စိုး(ဘ)ဦးထွန်း၀ ၉/ပမန(နိုင်) ၀၇၆၈၅၂အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဆုမွန်သဲ(ဘ)ဦးမြင့်ဦး ၁၂/တမန (နိုင်)၁၀၈၆၃၉မှ မြေပေးမိန့် (ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၁၄၁၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးတင်ထွန်းလေး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဟေမာအောင်(ဘ) ဦးတင်အောင် ၉/ရမသ(နိုင်)၀၈၆၅၀၉မှ ပျဉ်းမနားမြို့မြေနေရာချထားရေးကော်မတီ၏မြေကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)**
**ဒက္ခိဏခရိုင်တရားရုံးတော်**
**၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၆၄**

ဦးထွန်းထွန်းဝင်း **နှင့်** ဒေါ်ဖြူဖွေးစိန်စိန်
**(တရားလို)** **(တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဒေါနဖွားရပ်ကွက်၊ နန်းရှေ့အမှတ်(၄၅/၇)နေ ဒေါ်ဖြူဖွေးစိန်စိန်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းထွန်းဝင်းက ကျောက်ခွဲစက်ငှားရမ်းခငွေကျပ် -၆၀၀၀၀၀၀/(ကျပ်သိန်းခြောက်ဆယ်)နှင့် ကျောက်ခွဲစက်၊ဆက်စပ်ပစ္စည်းများ ပြန်လည်သယ်ယူ ပြင်ဆင်စရိတ်နှင့် နစ်နာကြေးငွေကျပ် -၅၀၀၀၀၀၀/(ကျပ်သိန်းငါးဆယ်)၊စုစုပေါင်းငွေကျပ်-၁၁၀၀၀၀၀၀/(ကျပ်သိန်းတစ်ရာ့တစ်ဆယ်) ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ခုနှစ် ဇူလိုင် ၂၄ ရက် (၁၃၈၁ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇူလိုင် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာနွယ်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဒက္ခိဏခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒက္ခိဏခရိုင်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးအမှုအမှတ်-၂၀**

မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) **နှင့်** ၁။ ဦးဝင်းဇော်
၂။ ဦးဝင်းနိုင်
**တရားလို** **တရားပြိုင်များ**

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိအလယ်ရပ်၊ မိုးဝေ (၇)လမ်း၊ အမှတ် (ဒ-၃၀၉၅၅)နေ (၂)တရားပြိုင် ဦးဝင်းနိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)က ဘဏ်ချေးငွေနှင့် အတိုးငွေကျပ် (၁၀၂၈၅၇၀၈၅.၀၂)အတွက် အပေါင်ဒီကရီ ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသောစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၄ ရက် (၁၃၈၁ခုနှစ် ဝါဆိုလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညို့ငွေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ခဏ္ဍိဏခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

မော်လမြိုင်မြို့၊ ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒုတိယတန်းမှ မဆုမြတ်နိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၂-၂၀၁၁ ဖြစ်ပါကြောင်း။

**မဆုမြတ်နိုး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုလင်းထက်အောင် ၁၂/မဂတ(နိုင်)၀၈၉၆၈၅၊ မြဝတီမြို့၏ ပတ်စ်ပို့ (MB-387163)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ ဆက်သွယ်ပေးပါရန်။

**ကိုလင်းထက်အောင်**
**ဖုန်း-၀၉-၇၉၈၈၀၃၉၈၀**

## အသိပေးကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာစီမံကိန်းအပိုင်း(၁)ရှိ ရောင်းချဆဲကျန်ရှိအခန်းများဖြစ်သည့် လေးခန်းတွဲငါးထပ်(လေးဘက်လှ) အဆောက်အအုံများရှိ (၆၅၀ စ/ပေ၊ အိပ်ခန်း နှစ်ခန်းပါ) အခန်းများကို ငွေအကျေပေးသွင်းစနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး နှစ်ပတ်အတွင်း အခန်းတန်ဖိုးပေးသွင်းရပါမည်။ ဝယ်ယူလိုသူများသည် ၈-၇-၂၀၁၉ရက်မှစတင်ပြီး ဦးရာလူစနစ်ဖြင့် မြေညီထပ်၊ အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၌ ဝယ်ယူလိုသူကိုယ်တိုင် မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူများနှင့်အတူ လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ဦးအာကာဝင်း+ကျွန်မဒေါ်မြမြမိုးတို့၏ သမီးကြီးဖြစ်သူ မသမုဒယဝင်း[၁၂/ဒဂမ(နိုင်)၀၂၅၆၁] သည် မိဘ၏ဆိုဆုံးမစကားကို နားမထောင်ဘဲ မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သောကိစ္စများကို လုံး၀(လုံး၀) တာဝန်မယူပါ။

ဦးအာကာဝင်း[၁၂/အလန(နိုင်)၀၀၀၃၀၉]
+
ဒေါ်မြမြမိုး[၁၂/တကန(နိုင်)၀၀၁၇၉၄]
ရန်ကုန်တိုင်း၊တိုက်ကြီးမြို့နယ်၊
ဥက္ကံမြို့၊ ရန်ကုန်ပြည်လမ်းဘေး။

## ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အရှေ့တပ်မြေလမ်း၊ အမှတ် (၁၄)နေ ဦးဘန်အိမ်း(ခ)ဦးခင်မောင်ဇော်(ဘ)ဦးကီး ၁၀/မလမ(နိုင်)၁၁၉၀၄၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘန်အိမ်း(ခ)ဦးခင်မောင်ဇော်သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို စိန်ထည်ပစ္စည်းအမျိုးမျိုး၊ ကျောက်မျက်ရတနာအမျိုးမျိုး၊ လက်ဝတ်ရတနာအမျိုးမျိုးအပါအဝင် ဆက်စပ်အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ဖြန့်ချိရောင်းချခြင်း တို့တွင် သုံးစွဲရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ် အမှတ်-၂၁၂၀၉/၂၀၁၉ဖြင့် ၁၀-၆-၂၀၁၉ရက်တွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ခဲ့ပါသည်။




အထက်ဖော်ပြပါ **စန်းလတ်** SANL ATT အမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သော သဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်းနှင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးဘန်အိမ်း(ခ)ဦးခင်မောင်ဇော်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုန်းဇေယျစိုး (စဥ်-၉၀၅၉)**
**တရားလွှတ်တော်ရှေ့နေ(၂၃/၅/၂၀၁၃)**
**အမှတ်(၃၈)၊ ယုဇနလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၄၃၀၇၁၃၇၃**

## ဖခင်အမည်မှန်

လောက်ကိုင်ခရိုင်၊ ကုန်းကြမ်းမြို့နေ အထက(၂) လောက်ကိုင် သတ္တမတန်းမှ မောင်ဖြိုးသီဟကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးဝင်း ၅/ရဥန(နိုင်)၀၀၂၅၂၇ ဖြစ်ပါကြောင်း။

**ဦးကျော်စိုးဝင်း**

## ဖခင်အမည်မှန်

အုတ်ဖိုမြို့၊ အထက အဋ္ဌမတန်း(D)မှ မောင်ရဲထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်အောင် ၇/အဖန(နိုင်) ၀၀၄၃၅၃ ဖြစ်ပါကြောင်း။

**ဦးကျော်အောင်**

## ပျောက်ဆုံးကြောင်း

A to Z space Company Limited မှ Export & Impost Certificate-Registration No. 42079(10-10-16) ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/2997၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အမည်မှန်နှင့် ဖခင်အမည်မှန်

အထက(၂) မရမ်းကုန်း၊ တက္ကသိုလ်ဝင်တန်း (H)မှ မအတ်မိုန်း၏ အမည်မှန်မှာ မအမ်မီုန်းဖြစ်၍ ၎င်းဖခင်၏ အမည်မှန်မှာ ဦးငို့ကတ် ၁၃/တယန(နိုင်)၀၅၃၅၆၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သရက်မြို့၊ အထက(၃) အဋ္ဌမတန်းမှ မောင်လွတ်လပ်မောင်၏ ဖခင်အမည်မှန်မှာ ဦးတင်အောင် ၈/သရန(နိုင်)၀၆၉၃၅၇ ဖြစ်ပါကြောင်း။

**ဦးတင်အောင်**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဆင်တပ်ကျေးရွာနေ မအေးအေးနွယ် တက္ကသိုလ်ဝင်တန်း(က) အထက(၁) ရွှေကူ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၁/ရကန(နိုင်)၀၂၀၂၃၈ ဖြစ်ကြောင်း။

**ဦးအောင်မြင့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊မြေကွက်အမှတ်(၄၃၉၁)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးငယ်လေး အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ခင်ယုယုမြိုင်(ဘ)ဦးသီဟန်ထွန်း ၁၂/ကမတ(နိုင်)၀၁၀၆၆၉မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၉)၊ အကွက်အမှတ်(၁+၁၀တိုးချဲ့)၊ ဦးပိုင်အမှတ်(၅၅၃)၊ မြေချိန်ဧရိယာ ၀ဒသမ၀၉၆ဧကအား မြို့မြေနေရာချထားရေးကော်မတီ လားရှိုးမြို့၏မြေပေးမိန့်အမှတ် (၅၅၃/၁၉၉၉)ဖြင့် ဒေါ်အေးယိန်းသို့ ချထားပေးသောမြေကွက်အား ဦးသန်းဝင်း ၁၁/သတန(နိုင်)၀၃၂၁၉၂မှ လားရှိုးမြို့နယ်အခွန်ဦးစီးဌာနရုံးတွင် အိမ်မြေဝယ်ယူခြင်းအခွန်ထမ်းဆောင်ပြီးဖြစ်ပါသဖြင့် မြေငှားလိုင်စင်/ဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း(၃၀)အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း-၁၊ ဦးပိုင်အမှတ်(၄၁၀)၊မြေကွက်အမှတ်(၅၄၃)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးတင်မြ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်စန်းစန်းမြ(ဘ)ဦးခင်မောင် ၆/မအရ(နိုင်)၀၀၅၄၃၁မှ ပျဉ်းမနားမြို့မြေနေရာချထားရေးကော်မတီမှ လူနေထိုင်ရန်တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်းထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


**အောင်ပြည့်စုံ**
**အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**Box ကားမျိုးစုံဖြင့်**
**အလုပ်သမား စီစဉ်ပေးသည်။**
**09 250095114**
**09 421041338**
**09 73224763**


## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ 7 Star ကိုယ်ပိုင်အထက်တန်းကျောင်း ဒုတိယတန်းမှ မဂျာနူးအောင်၏ ဖခင်ဦးမာယွန်(ခ)ဦးလုကျန်းထောင်း ၁၃/မကတ(နိုင်)၀၀၀၇၃၀သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။**ဦးမာယွန်(ခ)ဦးလုကျန်းထောင်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပူတာအိုမြို့နယ်၊ ဟိုခိုရပ်ကွက်နေ ဦးဖိုးကျန် ၁/ပတအ(နိုင်) ၀၁၉၃၀၂၏သား မောင်ခန့်အောင် ၁/ပတအ(နိုင်)၀၄၀၈၄၀သည် ဖခင်ကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ဆုံးမသည်ကို နာခံမှုမရှိသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**ဦးဖိုးကျန်**

C B BANK

"CB Bank ပုသိမ်(မဟာဗန္ဓုလလမ်း)ဘဏ်ခွဲငယ်အား နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း။"

သမဝါယမဘဏ်လီမိတက်၊ CB Bank ၏ ပုသိမ် (မဟာဗန္ဓုလလမ်း) ဘဏ်ခွဲငယ်အား ယခင် နေရာမှ အောက်ဖော်ပြပါနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းနှင့်ပြည်တွင်းငွေလွှဲလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။




## ပုသိမ် (မြတ်လေးလမ်း) ဘဏ်ခွဲ

တိုက်အမှတ်(၁)၊ မြတ်လေးလမ်းနှင့်ငုဝါလမ်းထောင့်၊ အမှတ် (၆) ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

Tel : (95) **042 23957**
Fax : (95) **042 23958/ 23959/ 23960/ 23961/ 23962**
Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**

# ဒေါက်တာအောင်စကြာဘဒ္ဒန္တစန္ဒသူရိယဆရာတော် ဝါတွင်း ဥပုသ်နေ့တိုင်း ဝိပဿနာ အလုပ်ပေးတရား ဟောကြားချီးမြှင့်မည်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာအောင်စကြာဘဒ္ဒန္တစန္ဒသူရိယဆရာတော်သည် ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်း ဥပုသ်နေ့တိုင်း ရွှေတိဂုံစေတီတော်ကြီး၏ရင်ပြင်တော် သောကြာထောင့် ဆံတော်တွင်းတန်ဆောင်းတွင် နံက်ပိုင်းမှာသီလပေး၍နေ့(၁) နာရီမှ(၂)နာရီထိ ဝိပဿနာတရားဟောကြားပြီး(၂) နာရီမှ(၂. ၃၀)နာရီထိလက်တွေ့အားထုတ်ရမည်ဖြစ်သည်။ အောင်စကြာဓမ္မရိပ်သာ၌ နံနက်ပိုင်းတွင်သီလပေး၍ ညနေ(၄ း ၃၀) နာရီမှ (၅ း ၃၀) နာရီထိ ဝိပဿနာအလုပ်ပေးတရားများကိုဟောကြားပြသပြီး(၆) နာရီမှ(၇) နာရီထိ တရားအားထုတ်ကြရမည်ဖြစ်ရာ မည်သူမဆိုကြွရောက်၍နာယူအားထုတ်နိုင်ကြပါသည်။

## လှိုင်မဟာစည်
## (၄၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်၏ (၄၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မိဂဒါဝုန်ဝိပဿနာသင်တန်း (၁၇)ရက် စခန်းသိမ်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ လှိုင်မဟာစည်ယောဂီများ၊ ဖြတ်ပိုင်းအကျိုးဆောင်များ၊ စုဘူးအလှူရှင်များ၊ ဝေယျာဝစ္စအလှူရှင်များ၊ အလှူရှင်ဓမ္မမိတ်ဆွေများအားလုံးအတူတကွ ကုသိုလ်ပြုနိုင်ရန် မပျက်မကွက်(ဆက်ဆက်)ကြွရောက်တော်မူကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**ဝါဆိုသင်္ကန်းဆက်ကပ်မည့်ရက်** - ၁၃၈၁ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာနေ့)
၂၀၁၉ ခုနှစ် ဇူလိုင် ၁၆ ရက် (အင်္ဂါနေ့)

**ဝါဆိုသင်္ကန်းကပ်မည့်အချိန်** - နံနက် ၈း၃၀ နာရီအရောက် ကြွရောက်ပါရန်။

**ကျင်းပမည့်နေရာ** - သာသနမာရ်အောင်ဓမ္မာရုံတော်ကြီး
လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်၊
ယောဂီကျောင်းလမ်း၊ ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

**ဖုန်း** - ၀၁-၅၂၆၁၈၂၊ ၀၁-၅၂၁၁၀၇၊ ၀၁-၅၁၉၇၅၀၊
၀၉-၇၉၅၅၆၃၉၀၆၊ ၀၉-၇၇၉၅၉၉၇၀၉၊
၀၉-၇၇၅၅၅၅၉၀၄၊ ၀၉-၄၄၀၅၅၁၂၂၊ ၀၉-၅၁၇၆၆၇၄

### ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး
### ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့
### (၆၂)ကြိမ်မြောက်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူး၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ (၆၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၈၁ ခုနှစ် ဝါဆိုလပြည့်နေ့) ၁၆-၇-၂၀၁၉ ရက် (အင်္ဂါနေ့) ညနေ ၃း၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် (၃၀၀၀ိ/-)နှုန်းဖြင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၊ ဖုန်း-၀၁-၂၉၀၄၂၅၊ ၀၁-၂၉၄၀၁၂ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်း။

**ရွှေဘုန်းပွင့်စေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

### မန္တလေးအသင်း (ရန်ကုန်)
### ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၄-၇-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် အမှတ် (၆၂၈/၆၃၂)ပထမထပ် (Royal Riverview Condo) ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ အသင်းတိုက်ခန်းမဆောင်၌ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များအား ပင့်ဆောင်ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ လှူဒါန်းလိုသော အသင်းသူ အသင်းသားများ၊ အလှူရှင်များ အသင်းရုံးဖုန်း-၃၈၈၆၀၃၊ ၃၇၅၅၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**

### ရန်ကုန်မြို့ ဗဟန်း-ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်
### ဝါဆိုသင်္ကန်းကပ်နှင့် စာအောင်သံဃာဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ ပုရိမဝါဆိုဝါကပ်တော်မူကြမည့် စာချစာသင် သံဃာတော်များနှင့် ပင့်သံဃာတော် အရှင်မြတ်အပါး ၃၀၀ ကျော်တို့အား ပရိယတ္တိသာသနာ့ပါလအသင်းကြီးမှ ကြီးမှူးကာ (၃၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ၂၀၁၉ ခုနှစ် အစိုးရစာအောင်သံဃာဂုဏ်ပြုပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်အစီအစဉ်**

**နေ့ရက်** - ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ ရက်
၂၁-၇-၂၀၁၈ ရက် (တနင်္ဂနွေနေ့)

**အချိန်** - နံနက် ၉း၀၀ နာရီ

**နေရာ** - အဘိဓဇဆွမ်းစားကျောင်းတော်ကြီး
ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်
ရေတာရှည်လမ်းဟောင်း၊ ဗဟန်း-ရန်ကုန်။
ဖုန်း-၀၉-၄၂၀၁၉၂၅၂၅၊ ၀၉-၂၆၁၃၃၂၂၁၁

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာ့ပါလအသင်း**
**ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်**
**ဗဟန်း-ရန်ကုန်**

### ဖခင်အမည်မှန်

သဃ်န်းကျွန်းမြို့နယ်၊ အထက (၁)၊ ဆဋ္ဌမတန်း(B)မှ မမေဆုမွန်၏ ဖခင်အမည်မှန်မှာ ဦးကျော်သူဝင်း ၁၂/သဃက(နိုင်)၁၅၃၇၃၈ ဖြစ်ပါကြောင်း။

### (၉၄)နှစ်မြောက် မွေးနေ့မင်္ဂလာ

ပုသိမ်မြို့ (၇၇)မရမ်းချိုလမ်းနေ ချစ်မေမေဒေါ်စန်းမြင့်၏ ၆-၇-၂၀၁၉ ရက်တွင် ကျရောက်သော (၉၄) နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် နေ့စဉ်ပြုလုပ်မြဲဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာတရားများကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ပြီးလျှင် ဝိပဿနာတရားများကို တစ်နေ့တခြား ပွားများအားထုတ်နိုင်ပါစေကြောင်း ချစ်သော သား၊ သမီး၊ မြေးများက ဆုမွန်ကောင်း တောင်းခြွေကြပါသည်။

| **ချစ်သား၊ ချစ်သမီး** | **ချစ်မြေးများ** |
|---|---|
| ဒေါက်တာရဲထွန်း-ဒေါက်တာရီရီမြင့် | Roymond Ye, Michael Ye |
| ဒေါက်တာစိန်ဝင်း-ဒေါက်တာခင်ခင်မြင့် | ဆုအိန္ဒြေစံ၊ ပြည့်မြတ်ကောင်း၊ ဆုမွန်သဉ္ဇာ |
| ဦးအောင်သန်းဦး-ဒေါ်တင်မာအေး | သူရလင်း၊ မြတ်သူ၊ သိန်းထိုက်အောင် |
| ဦးသောင်းထွန်း-ဒေါ်အေးအေးမြင့် | စုလှဲ့မျိုး၊ မေသူခိုင်၊ ကောင်းမြတ်လင်း |
| ဦးအောင်သိန်းလွင်-ဒေါ်အေးအေးသန်း | ဒီမိုအောင်၊ သန့်စင်ပြုံး |
| ဒေါက်တာနေလင်း-ဒေါက်တာညွန့်ညွန့်စိန် | ဉာဏ်လင်းထက်၊ ထက်ဝတီလင်း |

### အမည်ပြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၄)၊ အခြေခံပညာအလယ်တန်းကျောင်း၊ စတုတ္ထတန်း(ခ)မှ (ဘ)ဦးကျော်ကျော်၏သား မောင်ထူးအံ့ရှင်းအား ယနေ့မှစပြီး မောင်ဖုန်းအန့်ရှင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖုန်းအန့်ရှင်းမောင်**

### အမည်ပြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၄)၊ အခြေခံပညာအလယ်တန်းကျောင်း စတုတ္ထတန်း(ခ)မှ (ဘ)ဦးကျော်ကျော်၏သား မောင်ထူးအံ့လင်းအား ယနေ့မှစပြီး မောင်ဖုန်းအန့်လင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖုန်းအန့်လင်းမောင်**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အိုင်းစတိုင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ န၀မတန်းမှ မလားလ်မွန်ပါးရ်၏ ဖခင်အမည်မှန်မှာ ဦးဆန်ညိုပြောင် ၅/ကလထ(နိုင်)၀၉၇၂၁၅ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်နိုင်ဦး ၁၂/ဥကမ(နိုင်)၁၈၂၁၂၅ ၏ ပတ်စ်ပို့(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၈၂၃၀၇၁၀**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တင်သားရွာ၊ အထက၊ တတိယတန်း (အောင်) မှ မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းတင်ဝင်း ၁၄/ကခန(နိုင်)၀၅၇၇၆၀ ဖြစ်ပါကြောင်း။ **ဦးထွန်းတင်ဝင်း**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁) အဋ္ဌမတန်းမှ မမြင့်မြတ်သွယ်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ဦး ၅/ကလထ(နိုင်)၀၉၈၂၀၀ ဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်ဦး**

### ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ လက်ပန်ကုန်းအုပ်စု၊ ကြံတောကြီးကျေးရွာနေ မောင်အောင်ကျော်ဖြိုး ၁၄/ပတန(နိုင်)၂၁၃၃၇၆ ၏ ဖခင် ဦးအေးမင်းနှင့် ဦးဟန်ညွန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအေးမင်း(ခ)ဦးဟန်ညွန့်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1613 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အားမာန်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း န၀မတန်းမှ မချစ်မိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအင် ၁၃/မဆတ(နိုင်)၀၇၀၂၇၄ ဖြစ်ပါကြောင်း။ **ဦးစိုင်းအင်**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ် အထက လက်ခုပ်ကုန်း သတ္တမတန်းမှ မောင်ဇော်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝဏ္ဏသိန်း ၁၂/ကခက(နိုင်)၀၈၈၃၈၈ ဖြစ်ပါကြောင်း။ **ဦးဝဏ္ဏသိန်း**

### ဖခင်အမည်မှန်

အိမ်မဲမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ဃ)မှ မောင်ချစ်မျိုးသူနှင့် သတ္တမတန်း(A)မှ မချစ်မာယာတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်း ၁၄/ပတန(နိုင်)၀၁၆၁၈၈ ဖြစ်ပါသည်။ **ဦးမျိုးဝင်း**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-/နန္ဒဝန်ဇီးခြံ)၊ ဦးပိုင်အမှတ် (စန္ဒကူးလမ်း-၁၃၀)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား ဒေါ်ဝင်းမှ မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ရာဇဂြိုဟ်ရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မသန္တာဝင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မြင့်ဦး ၅/ကလထ(နိုင်)၁၁၆၁၂၉ ဖြစ်ပါကြောင်း။ **ဦးဇော်မြင့်ဦး**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(သက္ကလ) Grade-3(A) မှ ကျောင်းဝင်အမှတ် (၀၀၂၆) မောင်ဟိန်းပြည့်သျှန်၏ အမည်မှန်မှာ မောင်ဘုန်းအာကာဟိန်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမက(၉) အခြေခံပညာမူလတန်းလွန်ကျောင်း စတုတ္ထတန်းမှ မသန့်သီရိဗိုလ်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းနောင် ၁၂/ဆကခ(နိုင်)၀၁၁၇၀၈ ဖြစ်ပါသည်။ **ဦးကျော်မင်းနောင်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/1743 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/7302 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 56W/88008 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/6529 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

# ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား

နေပြည်တော် ဇူလိုင် ၅

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်း၊ Wisdom Hill မူကြိုကျောင်းတွင် ဖြစ်ပွားခဲ့သည့် အမှုကိစ္စအပေါ် အရေးယူဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။**



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး ရှင်းလင်းပြောကြားစဉ်။

သတင်းစဉ်

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ပွဲသည် နိုင်ငံတော်သမ္မတအိမ်တော်တွင် ပုံမှန်ကျင်းပ ပြုလုပ်နေကျဖြစ်သည့် (Press Briefing) ဖြစ်ပါကြောင်း၊ ယခုအပတ်တွင် ဧည့်သည်တော်အဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် လူမှုဝန်ထမ်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ရှုပ်မြတို့ကို အထူးကိစ္စရပ်အနေဖြင့် ဖိတ်ခေါ်ထားပါကြောင်း။

ပထမဦးဆုံး တင်ပြလိုသည်မှာ Wisdom Hill ကျောင်းကိစ္စဖြစ်ပါကြောင်း၊ ယင်းကျောင်းကိစ္စနှင့် ပတ်သက်ပြီး ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ကို အားလုံးသိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော် သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့က ယင်းကိစ္စနှင့်ပတ်သက်ပြီး မျက်ကွယ်ပြုမထားပါကြောင်း၊ လျစ်လျူရှု မထားပါကြောင်း၊ ပြည်ထဲရေးဝန်ကြီး ဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန် ရှိသူများကို ယင်းကိစ္စနှင့်ပတ်သက်ပြီး အမှုမှန်ပေါ်ပေါက်အောင် အားလုံး ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ တချို့ အကြောင်းအရာများကိုလည်း Face-book တွင် ရေးသားတင်ပြထားပြီး ဖြစ်ပါကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁

## မြန်မာကြက်တောင်ကစားသမား သက်ထားသူဇာ ကမ္ဘာ့အဆင့် ၈၉ ရှိ မောရစ်သျှ လက်ရွေးစင်ကို အနိုင်ရ

အဘီဂျန်(အိုင်ဗရီကို့စ်) ဇူလိုင် ၅

**အိုင်ဗရီကို့စ်နိုင်ငံတွင် ယနေ့ကျင်းပသော International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာကြက်တောင်ကစားသမား သက်ထားသူဇာသည် ကမ္ဘာ့အဆင့် ၈၉ ရှိ မောရစ်သျှနိုင်ငံ လက်ရွေးစင် ကြက်တောင်ကစားသမား Kate Foo Kune ကို ၂၁- ၁၅၊ ၁၄- ၂၁၊ ၂၁-၁၉ နှစ်ပွဲ- တစ်ပွဲဖြင့် အနိုင်ရရှိကြောင်း သိရသည်။**

၎င်းသည် ဇွန်လအတွင်းက မောရစ်သျှနိုင်ငံနှင့် ဘီနင်နိုင်ငံတို့၌ ကျင်းပခဲ့သည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲများတွင် ချန်ပီယံဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ပြီးနောက် မကြာမီပင် ယခုပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ သက်ထားသူဇာသည် ယခုပြိုင်ပွဲ ဝင်ရောက်မယှဉ်ပြိုင်မီ ဘီနင်နိုင်ငံတွင် ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိသည့်နေ့၌ပင် ကမ္ဘာ့အဆင့် ၁၀၁ အဖြစ်သတ်မှတ်ခံခဲ့ရသည်။



မြန်မာကြက်တောင်ကစားသမား သက်ထားသူဇာ

မြန်မာကြက်တောင်ကစားသမား သက်ထားသူဇာသည် ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် ပြိုင်ပွဲများဆက်တိုက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

**သီဟစည်သူ**

## ကွန်ကာကက်ဖ်ရွှေဖလား မက္ကဆီကိုနှင့် အမေရိကန် ဗိုလ်လုပွဲယှဉ်ပြိုင်မည်

ချီကာဂို ဇူလိုင် ၅

အမေရိကတိုက်မှ ကွန်ကာကက်ဖ်ဇုန်၏ ဖလားပြိုင်ပွဲတစ်ပွဲဖြစ်သော ကွန်ကာကက်ဖ်ရွှေဖလားပြိုင်ပွဲကို ဇွန် ၁၅ ရက်က စတင်ကျင်းပခဲ့ရာ နိုင်ငံ ၁၆ နိုင်ငံ ပါဝင်ခဲ့ပြီး အုပ်စု လေးအုပ်စုခွဲကာ အိမ်ရှင်နိုင်ငံအဖြစ် အမေရိကန်၊ ကော်စတာရီကာနှင့် ဂျမေကာတို့က ပူးတွဲကျင်းပခဲ့သည်။

ကွန်ကာကက်ဖ် အကြိုဗိုလ်လု ပွဲသို့ ဟေတီ၊ မက္ကဆီကို၊ ဂျမေကာ နှင့် အမေရိကန်တို့ တက်ရောက်ခဲ့ပြီး ဇူလိုင် ၃ ရက်နှင့် ၄ ရက်နံနက်တွင် ယှဉ်ပြိုင်ခဲ့ကာ မက္ကဆီကိုနှင့် ဟေတီပွဲ၌ မိနစ် ၉၀ ပြည့်ချိန်ထိ အနိုင်အရှုံးမပေါ်ခဲ့ဘဲ အချိန်ပို ထပ်ကစားခဲ့ကာ မက္ကဆီကိုက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့သည်။ ဂျမေကာနှင့် အမေရိကန်ပွဲတွင် သုံးဂိုး- တစ်ဂိုးဖြင့် အမေရိကန်က အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲကို မက္ကဆီကိုနှင့် အမေရိကန်တို့ တက်ရောက်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁



ဇူလိုင် ၄ ရက်က ကျင်းပခဲ့သည့် အမေရိကန်နှင့် ဂျမေကာတို့၏ အကြိုဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

ဂရန်း(ဒ်)ဟံသာ အင်တာနေရှင်နယ်ဆေးရုံကြီး ဖွင့်ပွဲ အထိမ်းအမှတ် အထူးအစီအစဉ်

GRAND HANTHA INTERNATIONAL HOSPITAL

ဇူလိုင် (၇) ရက်၊ ၂၀၁၉ တစ်ရက်တည်းသာ

(၁)ခုဝယ်လျှင် (၂)ခုလက်ဆောင်

DIAMOND GOLD

Member Card တစ်ကတ်လျှင် ကျပ် (၂၃) သိန်းမှ (၃၃) သိန်းကျော်တန်ဖိုးရှိ ကျန်းမာရေးစစ်ဆေးမှု အစီအစဉ်လက်ဆောင်များ ပါဝင်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 01 231 7617, 01 523 000, 01 523 111